www.burmeseclassic.com

ရီရီငွေး မွေးဖွားသည့်

ချောက်ချောက်ချားချားဂမ္ဘီရလုံးချင်းဝတ္ထု

# သိုက်ဖွား

အဆောင်မှာခြောက်တဲ့ သရဲကြီး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သိုက်ဖွား

●

# အဆောင်မှာခြောက်တဲ့ သရဲကြီး

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း(၁)

## "အိပ်မက်တစ္ဆေ"

သည်နေ့...။

ချစ်သူ ကုမ္ပဏီရဲ့ နှစ်ပတ်လည်နေ့...။

ဒီနေ့မှာ ချစ်သူ ကုမ္ပဏီက အစီအစဉ်သစ်ကလေးတစ်ခုကို ဆောင်ရွက်ပေးခဲ့တယ်။

"ဒီနှစ်ဘက်ဂျက်ရီးယားမှာ ဆရာတို့ကုမ္ပဏီက နှစ်ကာထက် အမြတ်အစွန်းထက်ဝက်ကျော်ကျော် တိုးလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကုမ္ပဏီရဲ့ ထူးချွန်တဲ့ဝန်ထမ်းတွေကို ဂုဏ်ပြုတဲ့ အနေနဲ့ ဝန်ထမ်းဆယ်ဦးကို ရွေးချယ်ထားပါတယ်။ သူတို့ကို ချောင်းသာမှာ နှစ်ပတ်တည်းခိုခွင့်နဲ့ စားသောက်မှုစားရိတ်ငြိမ်း အပန်းဖြေရမှာဖြစ်ပြီး ဘောနပ်(စ်)အဖြစ် တစ်ယောက်ကို ဆုကြေးငွေ ငါးသောင်းချီးမြှင့်မှာဖြစ်ပါတယ်'

'ဖြောင်း'

'ဖြောင်း'

'ဖြောင်း'

ချစ်သူ ကုမ္ပဏီဟာ အင်ပို့အိပ်စပို့လုပ်ငန်းများကို လုပ်ဆောင်တဲ့ ကုမ္ပဏီဖြစ်ပြီး အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့က စည်းကမ်းကောင်းမွန်သလို ဈေးကွက်စီးပွားရေးစနစ်ကို ကောင်းစွာနားလည်တဲ့ဝန်ထမ်းများရှိနေတာကြောင့် တစ်နှစ်ထက်တစ်နှစ် အမြတ်ငွေတိုးပွားပြီး အောင်မြင်တဲ့ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်လာခဲ့တယ်။

ဒါရိုက်တာအဖွဲ့ကလည်း အလုပ်ကို တက်တက်ကြွကြွ လုပ်ကိုင်တဲ့ ဝန်ထမ်းတွေကို ဘတ်ဂျက်ရီးယားကုန်ဆုံးတာနဲ့





တပြိုင်နက် အချိုးကျခံစားခွင့်တွေ အပန်းဖြေအနားယူခွင့်တွေ ပေးခဲ့တာကြောင့် ဝန်ထမ်းများက လုပ်ငန်းခွင်ထဲမှာ ပျော်ရွှင်စွာ လုပ်ဆောင်ခဲ့ကြတယ်။

နယ်ကလာတဲ့ အမျိုးသမီးဝန်ထမ်းတွေကိုလည်း အဆောင်တစ်ခုငှားပေးထားတယ်။

အခု ထူးချွန်ဝန်ထမ်းအဖြစ်နဲ့ ချောင်းသာခရီးကိုလိုက်ပါရမယ့် အမျိုးသမီးများကတော့...

နက်ဝပ်အစီအစဉ်မှူး 'မနေရီ'

သူက အားလုံးထဲမှာ အသက်အကြီးဆုံး၊ ရာထူးအကြီးဆုံး။

ဒါကြောင့် အမျိုးသမီးတွေရဲ့ အုပ်ချုပ်သူအဖြစ် ရွေးချယ်ထားတယ်။

နောက်တစ်ဦးက 'မိုးသူဇာ'

သူမက အသားဖြူဖြူ၊ ပိန်ပိန်သွယ်သွယ်၊ လူပုံက ခပ်ပျော့ပျော့ နွဲ့နွဲ့ကလေး သာမန်စာရေးမလေးတစ်ယောက်ပါပဲ။

'မြတ်သန္တာ'



www.burmeseclassic.com

www.burmeseclassic.com



သူက ခပ်ဝဝဖက်တီးပုတ်မလေးပေါ့။

နည်းနည်း ယောကျ်ားဆန်တယ်။

ရုပ်အင်္ကျီနဲ့ယောထဘီကို အမြဲတမ်းဝတ်သူ။ လူက ဝသလောက် အစားပုတ်တယ်။

သူစိတ်ကောက်ရင် ဝမ်းနှုတ်ခမ်းနဲ့တူလို့ 'ဝက်မ' လို့ စကြတယ်။

'နွေဟေကို'

သူက သူ့ကိုယ်သူ ရုပ်ရှင်မင်းသမီးရှုံးအောင် အလှပြင်တတ်သူ။

အလှအပကို ခံ့မင်သလို စကားပြောရင် မျက်စနဲ့ မျက်နှနဲ့အိုက်တင်ခံပြီး ပြောတတ်သူ…။

နောက်ပြီးအမြဲတမ်း ရွှတ်နောက်နောက် စကားပြောတတ်သူ။

ဟာသဉာဏ်ပွင့်လင်းသလို သူတစ်ပါးကို ထိတ်လန့်အောင် ယဥ်ယဥ်ကလေးနဲ့ စတတ်သူမို့ အကြောင်းသိတဲ့လူတွေက သူမကို 'ဟာသမင်းသမီး' လို့ မှတ်ချက်ချထားတယ်။





'မြင့်မြတ်သီဂီ'

သူကလည်း ချောမောလှပသူတစ်ဦးဖြစ်ပြီး ကွန်မြူတာ အစီအစဉ်မှူးတစ်ယောက်။

သူက လက်သည်းကို အမျိုးမျိုး ပုံဖော်ပြီး အရောင်ခြယ်သူ။

သူက ငှက်ဖျားရောဂါဝေဒနာရှင်။

'ရွှေနဒီ'

သူကတော့ ရိုးရိုးဘွဲ့ရ ရုံးစာရေးတစ်ဦးပါပဲ။ ဒါပေမဲ့ သူများပြောစကားတွေကို အတော်စပ်စုတတ်လို့ 'မစပ်စု' လို့ အမည်ပေးထားတယ်။

'စန်းမြင့်ကြည်'

သူက ခပ်ပေါချာချာ။ နောက်ပြီး နားနည်းနည်းလေးတယ်။

သူတစ်ပါးပြောစကားကို သေချာစွာ နားစိုက်ထောင်ပြီးမှ တလွဲပြန်ပြောတတ်သူ…။

ဒီကုမ္ပဏီမှာ အလုပ်လုပ်ပခဲ့ကြတာ နှစ်နှစ်[illegible]ကြာခဲ့ပြီမို့ အားလုံးက ညီမများသဖွယ် တစ်ယောက်နဲ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်နိုးခင်မင်ခဲ့ကြတယ်။

ဒီအထဲမှာ စတတ်နောက်တတ်သူ...

ဘာမှန်းမသိ ရမ်းပြီးကြောက်တတ်သူ...

စပ်စုရမှကျေနပ်သူ...

နားလေးပြီး ကြားချင်တာကြားပြီး တလွဲပြောတတ်သူ...

ဒါပေမဲ့ အားလုံးပေါင်းလိုက်တော့...

လူ့ဘဝကို ရယ်ရွှင်စရာများနဲ့ ပျော်ရွှင်အောင်ဖန်တီးတတ်တဲ့ အုပ်စုကလေးတစ်စုဖြစ်လာတယ်။

ဒီအုပ်စုကလေးထဲမှာ နွေဟောကိုနဲ့မြင့်မြတ်သိဂ်ီတို့က ဂီတာကောင်းကောင်း တီးတတ်တယ်။

မိုးသူဇာက အခုခေတ်သီချင်းတွေရော ရှေးသီချင်းတွေပါ အကုန်ရသလို အသံလည်းကောင်းတဲ့သူတစ်ယောက်ပါပဲ။

ဒီနေ့...

ခရစ်စမတ်အကြို ဒီဇင်ဘာ(၂၄)ရက်နေ့... နံနက်စောစော ကုမ္ပဏီက ဘီအမ် (၂၅)ယောက်စီး ဟိုင်းနိုးကား





ကလေးနဲ့ ရန်ကုန်က စတင်ထွက်ခွာလာခဲ့တယ်။

ဟိုင်းနိုးကားပေါ်မှာ နေရီတို့မိန်းကလေးခုနစ်ယောက်အပြင် အမျိုးသားသုံးဦး စုစုပေါင်း ဆယ်ဦးလိုက်ပါလာခဲ့တယ်။

အဲဒီအမျိုးသားသုံးဦးအနက်မှာ ရယ်စရာပြောတတ်တဲ့ ကျော်လွှမ်းမိုး။

ခပ်အေးအေးနေတတ်တဲ့ လွှမ်းဝေနိုင်။

မျက်နှာ ထားရှုတည်တည်နဲ့ ကျော်ညွန့်ခိုင်တို့လည်း လိုက်ပါလာခဲ့ကြတယ်။

ဒီအဖွဲ့ရဲ့ အုပ်ချုပ်သူအဖြစ် အသက်လေးဆယ်ကျော် ဆရာကိုဝဏ္ဏက ဦးဆောင်လိုက်ပါလာခဲ့တယ်။

ကားစထွက်တယ်ဆိုရင်ပဲ လွှမ်းဝေနိုင်တို့အဖွဲ့က ဂီတာစတီးခဲ့တယ်။

သီချင်းတွေဆိုရင်း ဒီခရီးစဉ်ကလေးကို အစပြုခဲ့ကြတယ်။

အဖွဲ့ခေါင်းဆောင် ဆရာကိုဝဏ္ဏကတော့ ရိုင်ဘာဘေးနားမှာ ငိုက်မျဉ်းပြီးလိုက်ပါလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးအုပ်စုကတော့ သီချင်းလိုက်ဆိုတဲ့သူက ဆို၊ လက်ခုပ်တီးတဲ့သူကတီးနဲ့၊ မိန်းကလေးအုပ်စုကတော့ နေကြာစေ့ဝါးတဲ့အုပ်စုကဝါး အတင်းပြောတဲ့သူကပြောနဲ့ လိုက်ပါလာရင်း…

ချောင်းသာနားအရောက်မှာ ကားလမ်းနံဘေးက သွား နေတဲ့ နွားအုပ်ထဲက နွားတစ်ကောင်ဟာ တစ်ဖက်ကားလမ်း ကနေပြီး ကားလမ်းမပေါ်ကို အမြီးထောင်ပြီး ပြေးလာလိုက် တာ မနေရီတို့စီးနင်းလိုက်ပါလာတဲ့ ဟီးနိုးကားဟာ…

'ကျွီ'

ဆိုတဲ့အသံနဲ့ ဘရိတ်အုပ်လိုက်တယ်။ ချက်ချင်း ဘရိတ်အုပ်လိုက်တဲ့အတွက် ကားဟာ တစ်ဖက်စောင်းပြီးမှ ပြန်ကျလာတယ်။

'ဒုန်း'

'အောင်မလေး'

လဲတဲ့လူကလဲ၊ ခေါင်းနဲ့လက်တန်းနဲ့ တိုက်မိတဲ့သူက တိုက်မိ။

လက်နဲ့ ရိုက်မိလို့ လက်နာသွားသူ။





ကားပေါ်ပါလာတဲ့ အုပ်စုတွေအားလုံး ဒဏ်ရာကိုယ်စီ ရခဲ့ကြတယ်။

ဒါကြောင့် ကားကလေးကို လမ်းဘေးမှာ ရပ်လိုက် တယ်။

ဆရာကိုဝဏ္ဏရဲ့ခေါင်းမှာ သွေးတွေနဲ့ လွှမ်းဝေနိုင်ရဲ့ ဂျိုစောင်းမှာ ဘုအကြီးကြီး၊ နေရီရဲ့လက်မောင်းမှာ ရှေ့က တန်းနဲ့ရိုက်မိလို့ အညိုအမည်းစွဲသွားတယ်။

'ငါ့လက်မောင်း တော်တော်အိသွားပြီ'

နေရီက နွေဟောကိုကို လှမ်းပြောလိုက်တယ်။

'ဟုတ်တယ်၊ ငါ့နဖူးမှာလည်း ဘုသီးထသွားပြီ'

မြင့်မြတ်သီဂီမှာလည်း ဒဏ်ရာနဲ့ နောက်ပြီး မိုးသူဇာ တို့ မြတ်သန္တာတို့မှာလည်း ဒဏ်ရာအသီးသီးနဲ့။

မနေရီက ဆရာကိုဝဏ္ဏရဲ့ခေါင်းမှာ သွေးထွက်နေတာ တွေ့တော့…

'ဆရာ… ဆရာ့ခေါင်းမှာသွေးထွက်နေတယ်၊ နေရီ သုတ်ပေးမယ်နော်'

'ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



နေရီက ခရီးစဉ်အုပ်ချုပ်ရေးမှူး ကိုဝဏ္ဏရဲ့ခေါင်းက သွေးတွေကို သုတ်ပေးတော့ နွေဟောကိုက...

'နွေ့မှာ ပရုပ်ဆီပါတယ်၊ ယူမလား'

'ပေး... ပေး'

လက်တလောဖြေရှင်းဖို့ ပရုပ်ဆီက အကောင်းဆုံးဖြစ်နေတဲ့အတွက် အဖိုးတန်ပစ္စည်းကလေးဖြစ်သွားတယ်။

'အစ်ကိုဝဏ္ဏ သက်သာရဲ့လား'

နေရီက ဆရာ့ကို မေးလိုက်တယ်။

'အေး... သက်သာပါတယ်'

'မနေရီ ကျွန်တော့်ကိုလည်း ဆေးလိမ်းပေးပါဦး'

ကျော်လွှမ်းမိုးက လှမ်းနောက်လိုက်တယ်။ တကယ်တော့ ကျော်လွှမ်းမိုးမှာ ကြီးကြီးကျယ်ကျယ် ဒဏ်ရာရတာ မရှိဘူး။

ဒါကို နေရီကလည်း သိတယ်။

ဒါကြောင့်...

'ရော့... ပရုပ်ဆီ၊ ကိုယ့်ဘာသာကိုယ်လိမ်း'

ခပ်မာမာပြောပြီး ပရုပ်ဆီဗူးကို လှမ်းပေးလိုက်တယ်။





ဒီတော့ ကျော်လွှမ်းမိုးက...

'မနေရီက တော်တော်မျက်နှာလိုက်တယ်နော်'

'ဟုတ်တယ်လေ၊ ဒဏ်ရာကြီးတဲ့သူကို ကြီးသလို မျက်နှာလိုက်ရမယ်၊ အရမ်းမျက်နှာလိုက်တာခံချင်ရင်တော့ ဆယ့်နှစ်ဘီးကား အကြိတ်ခံလိုက်၊ တစ်ခါတည်း မျက်နှာလိုက် လိုက်မယ်'

'အောင်မလေး မနေရီရယ်၊ ဆယ့်နှစ်ဘီးကားအကြိတ်ခံပြီး သရဲဘဝရောက်မှပဲ မျက်နှာလိုက်တော့မှာလား၊ မှားပါတယ်'

နေရီကလည်း ပြောပြောဆိုဆို ကျော်လွှမ်းမိုးရဲ့လက်ကို ပရုပ်ဆီလိမ်းပေးလိုက်တယ်။

အသက်အားဖြင့် ကျော်လွှမ်းမိုးထက် နည်းနည်းကြီးတော့ အစ်မသဖွယ် လုပ်ပေးခဲ့တယ်။

ကျန်တဲ့ မိုးသူဇာတို့အုပ်စုကတော့ ရွယ်တူတွေမို့ သူတို့ကို ရပ်ကြည့်ရင်း အားပေးခဲ့ကြတယ်။

လွှမ်းဝေနိုင်နဲ့ ကျော်ညွန့်နိုင်ကတော့...

'ငါတို့က သိပ်ပြီး ဒဏ်ရာမကြီးတော့ ကိုယ့်ဘာသာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပရုပ်ဆီလိမ်းလိုက်တော့မယ်'

အဲဒီလိုပြောပြီး သူတို့ဘာသာသူတို့ ပရုပ်ဆီလိမ်းလိုက်တယ်။

မြတ်သန္တာတို့ ရွှေနဒီတို့က ကံကောင်းတယ်။ သိပ်ပြီး ဒဏ်ရာမရကြဘူး။

'ကဲ… ဒါဆို ကားထွက်လို့ရပြီလား'

ဒရိုင်ဘာဦးလေးကြီးက ဆရာကိုဝဏ္ဏတို့အုပ်စုကို လှမ်းပြောလိုက်တယ်။

ဆရာကိုဝဏ္ဏက…

'ရပြီ… ကားထွက်လို့ရပြီ'

လို့ ပြန်ပြောလိုက်တယ်။

ဘီအမ် ဟီးနိုးကားကလေးက အဲဒီနေရာက တဖြည်းဖြည်းစထွက်လာခဲ့တယ်။

ဒဏ်ရာတွေအသီးသီးရခဲ့တာမို့ ဘယ်သူကမှ ဂီတာမတီးတော့ဘူး။

အဲဒီအချိန်မှာ ကျော်ညွန့်ခိုင်က…

'အဲဒီနေရာက ဟိုတစ်နှစ်က ကားမှောက်သွားတဲ့





နေရာဟာ'

ဒီလိုပြောပြီး တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်တယ်။

ဒါကြောင့် ကားပေါ်ပါလာတဲ့သူတွေက အံ့သြတဲ့မျက်နှာနဲ့ သူ့ကိုလှမ်းကြည့်လိုက်တယ်။

ဒီတော့ လွှမ်းဝေနိုင်က…

'မင်းက ကားမှောက်တဲ့နေရာမှန်း ဘယ်လိုသိလဲ'

'အဲဒီတုန်းက ငါတို့မိသားစု ချောင်းသာသွားတာ ဒီနားမှာ ကားမှောက်ပြီး ကောင်မလေးတစ်ယောက် သေသွားတယ်၊ ဒါက ငါကိုယ်တိုင်တွေ့ခဲ့တာ'

'အေးလေ သေချင်လည်းသေမှာပေါ့၊ အဲဒါဘာဖြစ်လို့လဲ'

'ငါက ဒီနားတော့ ဟိုတစ်ခါက ဒီနားမှာ ကားမှောက်လို့ သေသွားတဲ့ကောင်မလေးကို သတိရနေတုန်း ဟိုဘက်လမ်းကသွားနေတဲ့နွားက ဒီဘက်ကိုအမြီးထောင်ပြီး ပြေးလာတော့တာပဲ၊ တိုက်ဆိုင်လိုက်တာ'

ကျော်ညွန့်ခိုင်က ခပ်တည်တည်နဲ့ပြောလိုက်တော့ ကျော်လွှမ်းမိုးက…



www.burmeseclassic.com

www.burmeseclassic.com



‘ဟေ့ကောင်… မင်းအကြောင်း ငါသိတယ်နော်၊ အတည်ပေါက်နဲ့ လာဖြီးမနေနဲ့’

‘မဖြီးပါဘူးကွာ၊ တကယ်ပါ၊ အဲဒီကောင်မလေးရဲ့ အလောင်းကို မြင်ပြီးကတည်းက ညညမှာ အိပ်မက်ဆိုးတွေ မက်လိုက်တာ’

‘ဘာတွေမက်လို့လဲ’

‘အိပ်မက်ထဲမှာ ဆံပင်ဖားလျားချထားတဲ့ကောင်မလေးရဲ့မျက်နှာမှာ သွေးတွေပေကျံနေတာပဲ၊ ပြီးတော့ အစ်ကို… အစ်ကိုဆိုပြီး ငါ့ဆီကို ပြေးလာခဲ့တယ်၊ ငါလည်း ကြောက်တာနဲ့မလာနဲ့ သွား… သွားဆိုပြီး နှင်ထုတ်ရတယ်၊ တစ်လလောက်နေမှ ငါ့အိပ်မက်မမက်တော့တာ’

ကျော်ညွန့်ခိုင်ရဲ့စကားကို နေရီတို့အုပ်စုက စိတ်ဝင်စားသွားခဲ့တယ်။

ကျော်ညွန့်ခိုင်က ဆက်ပြောလိုက်တယ်။

‘အခုလည်း ဒီနားရောက်တော့ ကောင်မလေးကို သွားသတိရမိတယ်၊ မကြာပါဘူး၊ နွားက ကဆုန်ပေါက်ပြီး





ရောက်လာတော့တာပဲ၊ ကားဒရိုင်ဘာဦးလေးကြီးက ကားမောင်းတော်ပေလို့ နို့မဟုတ်ရင်…’

‘ဘာလဲ နို့မဟုတ်ရင် သေသွားတဲ့ကောင်မလေးဆီတော့ ဒါရိုက်ဟာစ်ရောက်သွားနိုင်တယ်လို့ ပြောမလို့လား’

ကျော်လွှမ်းမိုးက ဒီလိုပြန်ပြောလိုက်တယ်။ ဒီတော့ ကျော်ညွန့်ခိုင်က…

‘ဟုတ်တယ်… ငါစဉ်းစားနေတာ နွားက ဘာတွေ တွေ့ပြီး လန့်သွားသလဲ မသိဘူး’

ဒီတော့ ကျော်လွှမ်းမိုးက…

‘ဘာလဲ မင်းကို ကောင်မလေးရဲ့ဝိညာဉ်ကတွေ့လို့ ထင်ရှားအောင် နွားရဲ့တင်ပါးကို ပုတ်လိုက်တာလို့ ထင်လို့လား’

တမင်ရွှဲ့ပြီး ပြောလိုက်တယ်။

‘ဟုတ်မဟုတ်တော့ မသိဘူးပေါ့ကွာ၊ နိုင်ငံခြားသရဲ တစ္ဆေကားတွေထဲမှာ ကြည့်ဖူးတာကတော့ သူရှိအောင် သိစေချင်တဲ့သဘောနဲ့ နွားရဲ့တင်ပါးကို ရိုက်လိုက်တာ ဖြစ်မယ်’



www.burmeseclassic.com

www.burmeseclassic.com



'မင်းတော့ ဒီကအပြန် စိတ်ဆေးရုံကိုသာ သွားပြပေတော့'

'ဟဲ… ဟဲ… ဟဲ… ပြောစရာမရှိတော့ ဝိညာဉ်ချစ်သူဆိုပြီး စိတ်ကူးယဉ်ကြည့်တာပေါ့ကွာ'

နေရီတို့ မိန်းကလေးတစ်သိုက်ကလည်း ဝိညာဉ်ချစ်သူဆိုတဲ့ ကျော်ညွှန့်ခိုင်ရဲ့ စကားကိုကြားတော့ အတော်ကလေး စိတ်ဝင်စားသွားတယ်။

ကျော်ညွှန့်ခိုင်က စနောက်ပေမယ့် လွမ်းဝေနိုင်က သူ့ချစ်သူကို အမှန်တကယ်သတိရသွားခဲ့တယ်။ လွမ်းဝေနိုင်ရဲ့ အဖြစ်က ဒီလိုပါ။

မနှစ်က နွေဦးမှာ လွမ်းဝေနိုင်နဲ့ သူ့ရဲ့ချစ်သူ ရတနာတို့ ပဲခူးဘက်ကို ခရီးထွက်ရင်း ကားမှောက်ပြီး ရတနာ သေဆုံးသွားခဲ့တယ်။

လွမ်းဝေနိုင်မှာ ချစ်သူဆုံးရှုံးသွားတဲ့အတွက် ရတနာ့ကို စွဲလမ်းစိတ်နဲ့ ခပ်ကြောင်ကြောင်ဖြစ်သွားလို့ ရွာသာကြီး စိတ်ဆေးရုံမှာ ပြခဲ့ရတယ်။

ကျော်ညွှန့် ခိုင်ပြောသလိုပဲ အိပ်မက်ထဲမှာ ရတနာ





ရောက်ရောက်လာပြီး အိပ်မက်တစ္ဆေခြောက်နေလို့ ဆရာဝန်နဲ့ ပြခဲ့ရတယ်။

ဆရာဝန်က စိတ်စွဲလမ်းတာကြောင့် ဖြစ်တာဆိုပြီး ကုသပေးခဲ့လို့ ပုံမှန်ပြန်ဖြစ်သွားတယ်။

အခုလို ကျော်ညွှန့်မိုးက စနောက်ပြီး ပြောလိုက်တော့ ရတနာ့ကို စိတ်စွဲပြီး လွမ်းဝေနိုင်တစ်ယောက် ဝေဒနာ အဟောင်းက အသစ်ဖြစ်ခဲ့တယ်။

ရတနာကမှ လွမ်းဝေနိုင်ရဲ့ ရင်ထဲက အိပ်မက်တစ္ဆေ တစ်ယောက်ပါပဲ။

* * *

နေရီတို့ခရီးစဉ်ဟာ တစ်လမ်းလုံး ငြိမ်းချမ်းလာသလောက် ဒီနေရာရောက်မှ အားလုံးရင်ခုန်ကြ၊ ဒဏ်ရာရကြနဲ့…

တကယ်တန်းပြောကြကြေးဆိုရင် မိန်းကလေးတွေက ပိုပြီး စပ်စုတတ်ကြတာ။

အခုလို ကျော်ညွှန့်ခိုင်ရဲ့ ပြောစကားကိုကြားရတော့



www.burmeseclassic.com

www.burmeseclassic.com



တချွေ့ သရဲအကြောင်းကို ခေါင်းထဲရောက်လာတယ်။

'မနေရီ ကျော်ညွန့်နိုင်ပြောတာ ဘယ်လိုသဘောရလဲ ဟင်'

'တိုက်ဆိုင်တာနေမှာပါ'

'အေးလေ၊ အရေးထဲက သူက ဘာတွေပြောမှန်း မသိဘူး၊ မိုးက ကြောက်တတ်တယ်'

မိုးသူဇာက နေရီကို ခပ်တိုးတိုးကလေး လှမ်းပြော လိုက်တယ်။

'ဟော… ချောင်းသာကိုရောက်ပြီ'

နွေဟောကိုက လှမ်းပြောလိုက်တယ်။

ဟီးနိုးကားကြီးလည်း ချောင်းသာတည်းခိုဆောင် တွေရှေ့မှာဆိုက်လိုက်တယ်။

ဆရာကိုဝဏ္ဏက…

'ကဲ… ဆရာတို့ ဘုတ်(ခ်)ကင်လုပ်ထားတဲ့ တည်းခို ဆောင်ရှေ့ရောက်ပြီ'

ကုမ္ပဏီဝန်ထမ်းအားလုံး တည်းခိုဆောင်ဆီကို သွား ကြတယ်။





ယောကျ်ားလေးတွေက ဝဲဘက်က တည်းခိုဆောင်မှာ၊ အမျိုးသမီးအုပ်စုက ယာဘက်က တည်းခိုဆောင်မှာ အသီးသီး တည်းခဲ့ကြတယ်။

အမျိုးသားတွေဘက်မှာ ဆရာကိုဝဏ္ဏကခေါင်းဆောင် အမျိုးသမီးတွေဘက်မှာတော့ မနေရီက ခေါင်းဆောင် အဖြစ် ထားလိုက်တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

## ပင်လယ်ပြင်ထဲက ပရလောကသား

အခန်းကနှစ်ယောက်အိပ်အခန်းများဖြစ်လို့ တစ်ခန်းမှာ နှစ်ယောက်တွဲနေရာယူလိုက်တယ်။

နေရီနဲ့မိုးသူဇာ…။

မြတ်သန္တာနဲ့ နွေဟောကို…။

မြင့်မြတ်သီဂီနဲ့ ရွှေနဒီ…။

စန်းမြင့်ကြည်က တစ်ယောက်တည်းဖြစ်နေလို့ ငိုမဲ့မဲ့ မျက်နှာနဲ့…





'မနေရီ… စန်းက တစ်ယောက်တည်းမနေရဲဘူး၊ ကြောက်တယ်'

'သြော်… ဒါလေးများ၊ နေရီတို့အခန်းမှာ လာနေပေါ့၊ ဒီကအခန်းတာဝန်ခံကို မနေရီတို့အခန်းထဲ ခုတင်တစ်လုံးလာပို့ပါလို့ ပြောလိုက်မယ်'

'ကောင်းတယ် မနေရီ၊ ဒီလိုခန့်ခွဲမှုကြောင်းလို့ မနေရီက အမျိုးသမီးခေါင်းဆောင်ဖြစ်နေတာကိုး'

'စန်းရေ… မမြှောက်နဲ့နော်၊ မနေရီက ဘဝင်မြင့်တတ်တယ်'

မနေရီက ခြေဖျားထောက်ပြီး အရပ်အမြင့်ကြီးလုပ်ပြလို့ အားလုံးရယ်မောကြတယ်။ ဒီကုမ္ပဏီလာလုပ်တဲ့လူတွေဟာ ရန်ကုန်မြို့ပေါ်ကပါသလို မြန်မာပြည်အရပ်ရပ်က မိဝေးဖဝေးသမားတွေလည်းပါတယ်။ ရန်ကုန်မြို့ရဲ့ သရဖီဆောင်မှာ အတူတူနေထိုင်လုပ်ကိုင်ကြရင်း ညီအစ်မအရင်းသဖွယ် ဆက်ဆံခဲ့ကြတယ်။

အခုလည်း စန်းမြင့်ကြည့်ရဲ့ ပြဿနာကို မနေရီက ဖြေရှင်းပေးလိုက်လို့ အဆင်ပြေသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခန်းနဲ့ ကိုယ်ဖြစ်သွားတာကြောင့် ပါလာတဲ့ အိပ်၊ အသုံးအဆောင်ပစ္စည်းတွေကို နေရာချလိုက်တယ်။

မြတ်သန္တာနဲ့ နွေဟောကိုကတော့ အသင့်ခင်းထားတဲ့ အိပ်ယာပေါ်မှာ လှဲချရင်း နွေဟောကိုက…

‘အခုမှပဲ ဇိမ်ကျသွားတော့တယ်’

လက်နှစ်ဖက်ကို ခေါင်းရင်းဘက်ဆန့်တန်းပြီး ပြောလိုက်တယ်။

‘အေးလေ… သန္တာလည်း အခုမှ အမောပြေသွားတယ်’

မြတ်သန္တာတာကလည်း ထိပ်ဆုံးရှိ ခုတင်ပေါ်မှာ လှဲရင်း ပြန်ပြောလိုက်တယ်။

‘လမ်းမှာတစ်လမ်းလုံး ပျော်ရွှင်လာတာ ဟိုကောင် ကျော်ညွန့်နိုင်ကြောင့် ပျော်တာတွေတောင်ဘယ်ပျောက်နေမှန်းမသိဘူး’

‘ဟုတ်တယ် နွေရဲ့၊ သန္တာကလည်း ကြောက်တတ်တယ်၊ သူပြောလိုက်တော့မှ စိတ်ထဲမှာတောင် ကြောက်စိတ်ဝင်လာတယ်’





သူကို့နှစ်ယောက် စကားပြောနေစဉ် စေ့ထားတဲ့တံခါး နှစ်ချပ်က ဝုန်းခနဲ ပွင့်သွားလို့…

‘အောင်မလေး’

‘ဘုရား… ဘုရား’

နှစ်ယောက်စလုံး လန့်သွားကြတယ်။

‘အောင်မလေး… နေ့ခင်းကြောင်တောင်ကြီး ဘာတွေ ကြောက်လန့်နေရတာလဲ’

ထိုအသံနှင့်အတူ တံခါးပေါက်ဝက မနေရီက လှမ်းပြောလိုက်တယ်။

‘အောင်မလေး… မနေရီကလည်း ဝင်လာမယ်ဆိုလည်း တံခါးခေါက်လိုက်ပေါ့’

‘ငါလည်း တံခါးခေါက်မလို့ပါပဲ၊ နင်တို့စကားသံတွေကြားလို့ နားထောင်ကြည့်လိုက်တော့ ကြောက်တာတွေရော လန့်တာတွေရော ပါနေလို့ တံခါးကိုတွန်းဖွင့်လိုက်တာ၊ တံခါးက ကျပ်နေတော့ အတင်းတွန်းဖွင့်မှ ပွင့်သွားလို့ပါ’

‘သြော်… ကျော်ညွန့်နိုင်အကြောင်း ပြောမိလို့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သား ပြောနေမိတာပါ'

'ကျော်ညွန့်နိုင်က ဂေါက်တောက်တောက်ပါဟာ၊ ကုမ္ပဏီလူကြီးက သူ့အမျိုးမို့ အလုပ်ဆက်ခန့်ထားတာ နေမှာ'

'ကျော်ညွန့်နိုင်က လူပုံက ခပ်အေးအေးပါ'

'ကဲ… ကျော်ညွန့်နိုင်အကြောင်း ခဏထားလိုက်ဦး၊ ပြီးရင် အားလုံးမနေရီအခန်းကို လာခဲ့ကြပါ'

'ကောင်းပါပြီ မနေရီ'

မနေရီက အမျိုးသမီးအုပ်စုရဲ့ ခေါင်းဆောင်မို့ အားလုံးက မနေရီရဲ့အခန်းထဲမှာ စုရပ်အဖြစ် အားလုံးရောက်ရှိလာကြတယ်။

မနေရီက…

'ခုနက ကိုဝဏ္ဏက ဖုန်းဆက်တယ်၊ နေရာချပြီးရင် မနက်စာထမင်းစားမယ်၊ ပြီးရင်ရွာထဲသွားမယ်၊ ညနေကျရင် ရေကူးကြမယ်တဲ့၊ အခု ထမင်းသွားစားရအောင်'

'ကောင်းပါပြီ'





မနေရီတို့အုပ်စုနဲ့ ကိုဝဏ္ဏတို့အုပ်စု နံနက်စာထမင်းစားရန် ဝိုင်းဖွဲ့ထိုင်လိုက်ကြတယ်။ ဟင်းပွဲတွေအစုံအလင်နဲ့…

ဟင်းလျာများက ပင်လယ်စာတွေပဲဖြစ်တယ်။

သည်တော့ ကိုဝဏ္ဏက…

'ပင်လယ်ရောက်တုန်း Sea Food တွေ ဝအောင်စားပေါ့'

'ဟုတ်ကဲ့ပါ'

ဟင်းတွေက စုံလင်လှတယ်။ ပုစွန်ထုတ် မီးဖုတ်ကို သုတ်ထားတဲ့ ပုစွန်သုတ်ကလည်း စားချင့်စဖွယ်…။

ဂဏန်းပေါင်းဟင်းကလည်း အနံ့လေးမွှေးနေတယ်။ ပြည်ကြီးငါးဟင်း(ကင်းမွန်)ဟင်းကလည်း စားရတာ တထုတ်ထုတ်နဲ့ အားလုံးခံတွင်းတွေ့ကဲ့ ဟင်းလျာများပါပဲ။

မနေရီက ပုစွန်သုတ်ဟင်းကို ကိုဝဏ္ဏဆီသို့ အရင်ဦးချလိုက်တယ်။

'ကျွန်မတို့ရဲ့ ခေါင်းဆောင်ကြီးကို အရင်ဦးချပါတယ်'

'ဖြောင်း'

'ဖြောင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဖြောင်း'

'မနေရီက ဂါ၀ရတရားကို ရှိတာ'

ကျော်ညွန့်ခိုင်က မြှောက်အပြော အားလုံးက ပွဲကျသွားပြီး တဟားဟားနဲ့ ပျော်ရွှင်စရာ ထမင်းပွဲကလေးဖြစ်သွားခဲ့တယ်။

ပုဇွန်သုတ်က ရန်ကုန်မှာမစားရတော့ အဲဒီဟင်းက အရင်ကုန်သွားတယ်။ နောက်တော့ ဂဏန်းပေါင်းကလည်း မွှေးနေအောင် ပေါင်းထားတော့ တော်တော်စားလို့ကောင်းတယ်။ ပြည်ကြီးငါးဟင်းပွဲတွေကလည်း အများကြီး။ ထမင်းကုန်သွားတာတောင် ပြည်ကြီးငါးဟင်းတွေက ကျန်သေးလို့ ဟင်းချည်းပဲ စားလိုက်ကြတယ်။

မောမောပန်းပန်းလာခဲ့ရတဲ့ ခရီးစဉ်ရယ်၊ နွားနဲ့တိုက်ခါနီးဖြစ်ပြီး ကားမှောက်ခါနီးအဖြစ်ကြောင့် စိုးထိတ်တဲ့စိတ်ရယ် ကျော်ညွန့်ခိုင်ရဲ့ ကြောင်တောင်တောင် ဝိညာဉ်ချစ်သူ အကြောင်းကြောင့် ကြောက်ရွံ့တဲ့စိတ်ရယ် အားလုံးပေါင်းလိုက်တော့ စိတ်ဖိစီးမှုတွေ ဖြစ်ခဲ့ကြတယ်။

အခုတော့ လွတ်လွတ်လပ်လပ် ထမင်းစားပွဲမှာ ပင်လယ်





စာများကို စားသောက်ရင်း ပျော်ရွှင်မှုအပြည့်အ၀နဲ့ပေါ့။ စားသောက်ပြီးလို့ ဗိုက်လေးလို့ မိန်းကလေးတစ်သိုက် သဲသောင်ပြင်မှာ လမ်းထွက်လျှောက်ကြတယ်။

အဲဒီအချိန်မှာ ကို၀ဏ္ဏတို့အဖွဲ့ ရောက်လာပြီး ကျော်လှမ်းမိုးက…

'ရွာထဲ သွားကြမယ်'

'အေး… လိုက်ခဲ့မယ်'

ပြောပြောဆိုဆို ကြီးကြပ်ရေးမှူးဆရာ ကို၀ဏ္ဏနဲ့အဖွဲ့သားတွေနောက်က နေရီတို့အုပ်စု လိုက်လာခဲ့တယ်။

ရွာထဲဝင်လိုက်တယ်ဆိုရင်ပဲ ကို၀ဏ္ဏကို ရွာထဲက ဦးကြီးတစ်ယောက်က နှုတ်ဆက်လိုက်တယ်။

'ဆရာ ကြွပါ'

'ဟုတ်ကဲ့ ဦးကြီးသောင်း'

'ဒီတစ်ခေါက်လာတာ အရင်တစ်ခေါက်နဲ့ဆိုရင် တော်တော်ကြာသွားသလိုပဲ'

'ဟုတ်တယ် ဦးကြီးသောင်း၊ တစ်နှစ်လောက်ကြာသွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးသောင်းက…

'ဆရာတို့အဖွဲ့ အုန်းစိမ်းရည်သောက်ပါဦး'

ဒီလိုပြောပြီး သူ့သားကို အုန်းသီးတွေခွဲခိုင်းခဲ့တယ်။ လတ်လတ်ဆတ်ဆတ် အသီးတွေမို့လားမသိ

'အား… သောက်လို့ကောင်းလိုက်တာ အရမ်းပဲ'

လွှမ်းဝေနိုင်တို့အုပ်စုက သောက်လို့ကောင်းလွန်းလို့ ဒီလိုပြောလိုက်တယ်။ နေရီတို့အုပ်စုကတော့ မိန်းကလေးတွေမို့ တီးတိုး တီးတိုးနဲ့…

'ဟုတ်တယ်နော်၊ အုန်းစိမ်းရေက အရမ်းသောက်လို့ကောင်းတယ်'

'ဒါက သဘာဝတရားရဲ့လက်ဆောင်ပေါ့'

နွေဟောကိုက စာသံပေသံနဲ့ ပြောလိုက်လို့…

'အောင်မယ်… အောင်မယ်… နွေက ဆရာမကြီး ဒီဖိုင်းနဲ့'

ဒီလိုပြောပြီး ရယ်မောခဲ့ကြတယ်။

ဆရာကိုဝဏ္ဏက ဦးကြီးသောင်းဆီက ငါးခြောက်နဲ့ ပုဇွန်ခြောက်ဝယ်ဖို့ ဘုတ်ကင်လာလုပ်တာဖြစ်တယ်။





'ဦးကြီးသောင်း… အခုပင်လယ်ပြင်ကို ငါးဖမ်းထွက်သေးလား'

'ဦးကြီးသောင်းက အသက်ကြီးပြီဆိုတော့ ငါးဖမ်းမထွက်တော့ဘူး၊ သား ငါးယောက်တောင်မွေးထားတာမို့ သူတို့ပဲ ငါးဖမ်းထွက်ကြတယ်၊ ဟိုတလောက လှိုင်းတွေမိပြီး စက်လှေမှောက်သွားလို့ ကံကောင်းလို့ မသေတယ်'

'ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ'

'ပြောရရင်တော့ မြေကြမ်းတဲ့ကျွန်းပေါ်ရောက်သွားတာ၊ မိဘလုပ်ကျွေးနေတာရယ်၊ ဘုရား တရားမြဲတာရယ်ကြောင့် သေကံမရောက် သက်မပျောက်ဖြစ်တာ'

'ဦးကြီးသောင်း သားတွေအကြောင်းကို စိတ်ဝင်စားလာပြီ၊ ပြောပြစမ်းပါဦး'

'အင်း… မိုးဦးကျခါစ အချိန်လောက်ကပေါ့၊ သားတွေရဲ့အနည်းက ဖိုးစီ၊ ဖိုးနီ၊ ဖိုးကြည်၊ ဖိုးတောင်နဲ့ ဖိုးထွေးတဲ့'

သူတို့က ဦးကြီးနဲ့အတူ ငါးဖမ်းထွက်နေကြ။ ငါးဖမ်း



www.burmeseclassic.com

www.burmeseclassic.com



သက် ဆယ်နှစ်ကျော်အတွေ့အကြုံရှိတဲ့အတွက် သူတို့ငါး ယောက်နဲ့ အကူသမားသုံးဦး စုစုပေါင်း ရှစ်ယောက် ငါးဖမ်း ထွက်ခဲ့ကြတယ်။

လှေစထွက်ကတည်းက ရာသီဥတုကသာယာခဲ့တယ်။ ပင်လယ်ပြင်ကြီးထဲရောက်တဲ့အထိ သာသာယာယာပါပဲ။ ငါး တွေလည်း တော်တော်ရတယ်။ ဒီလိုနဲ့ ညနေ ၄နာရီခွဲဝင်ခါနီး အချိန်ရောက်တော့ ခပ်လှမ်းလှမ်းမှာ ကျွန်းတစ်ကျွန်းကို တွေ့ လိုက်ရတယ်။

အများအားဖြင့် ငါးတွေဟာ ကျွန်းအနီးမှာ အရိပ်ခို တတ်တာကြောင့် ငါးများများရတတ်တယ်။ ဖိုးစီတို့အုပ်စုဟာ ပိုက်တန်းဖို့ ကျွန်းအနီးကိုလာခဲ့တယ်ဆိုရင်ပဲ ကျွန်းပေါ်က ထိုးထွက်နေတဲ့ ကျောက်စွန်းပေါ်မှာ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် ထိုင်နေတဲ့ သဏ္ဍာန်တွေ့လိုက်ရတော့ အရမ်းအံ့သြနေမိတယ်။

'ကိုကြီးစီ… ကျွန်းပေါ်က ကျောက်ခုံမှာ မိန်းမတစ် ယောက်နဲ့ ယောကျ်ားတစ်ယောက်ကို တွေ့ရတယ်'

'အေး… ငါလည်းမြင်တယ်၊ ဟုတ်ပါ့ ဟုတ်ပါ့မလား





လို့ ငါလည်း သေသေချာချာကြည့်နေတာ'

'ကိုကြီးစီ… သူတို့နှစ်ယောက်ဟာ သင်္ဘောပျက်ပြီး ရောက်သလား မသိဘူးနော်'

'ညီလေး… သူတို့ကြည့်ရတာ ခပ်အေးအေးပဲ ထိုင် နေတာဆိုတော့ စဉ်းစားစရာဖြစ်နေတယ်၊ နောက်ပြီး နေဝင်ရီတရောအချိန်မှာ မျက်စေ့ကိုလှည့်စားနိုင်တယ် ဟိုတစ်ခါတုန်းက အစ်ကိုဆယ်နှစ်အရွယ်လောက်က ပေါ့၊ ညအချိန် လကလည်းသာသာ သဲသောင်ပြင်မှာ လူအရွယ်အစားလောက်ရှိတဲ့ လင်းတကောင်နဲ့ မိတ် လိုက်နေတာများ တကယ့်လူအစစ်လို့ ထင်ရတယ်၊ အနားသွားကြည့်မှ မဟုတ်မှန်းသိရတယ်'

'အခုမြင်ရတာတော့ လူပုံသဏ္ဍာန်ပဲ'

'အေး… ဒါက ခပ်လှမ်းလှမ်းကကြည့်လို့ ဒီလိုမြင်ရ တာ၊ အနီးရောက်ရင် ဘယ်လိုဖြစ်သွားမလဲ မဆိုနိုင် ဘူး'

'ဒါဆို ကျွန်တော်တို့အနီးသွားကြည့်ရအောင်'

'ပင်လယ်ပြင်က ငါးတွေလည်း ပုံသဏ္ဍာန်အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်တချို့ငါးတွေက အတောင်ပံပါတယ်၊ ခုန်ခုန်ပြီး ပျံတတ်တယ်၊ တချို့ငါးတွေမှာ လက်တွေပါတယ်၊ တချို့ငါးတွေရဲ့ မျက်နှာဟာ ဝက်မျက်နှာ လူမျက်နှာ ပုံသဏ္ဍာန်အမျိုးမျိုးရှိတယ်'

'လူမျက်နှာနဲ့ငါးကို ရေသူမလို့ ခေါ်ကြတယ် မဟုတ်လား'

'အိမ်း… ရေသူမအကြောင်းကလည်း ဒဏ္ဍာရီလိုလို တကယ်လိုလိုပဲ'

'ဟုတ်တယ်၊ သူတို့ကို သေသေချာချာတွေကဖူးတဲ့သူ ရှားတယ်၊ သူတို့နဲ့တွေ့တဲ့လူတွေဟာ ဘေးအန္တရာယ် အမျိုးမျိုးနဲ့ ကြုံတွေ့ရတယ်တဲ့'

အစ်ကိုကြီးဟာ စကားပြောရင်းနဲ့ အဲဒီကျွန်းနားကို စက်လှေမောင်းလာခဲ့တယ်။ အတော်နီးတဲ့အခါမှာအဲဒီသဏ္ဍာန် နှစ်ခုဟာ စက်လှေသံကြားပြီး ရေထဲကို အတင်းဆင်းပြေးသွားတယ်။

ဆင်းပြေးတယ်ဆိုပေမယ့် လူလိုပြေးသွားတာ မဟုတ်ဘူး။





ငါးတွေလို ဝမ်းလျားမှောက်ပြီး ကိုယ်လုံးကလွန့်လူးပြီး ရေထဲကို ခုန်ချသွားတယ်။

ဒီမှာတင် အစ်ကိုကြီးက ရေထဲခုန်ချတဲ့ဘက်ကို ပိုက်တားလိုက်တယ်။ တခဏအကြာမှာ

'ဟော့ကောင်… ဖိုးကြည် ပိုက်ဆွဲစမ်း'

ချက်ချင်းပဲ ပိုက်ကိုဆွဲခိုင်းလိုက်တယ်။ ညီအစ်ကိုအားလုံး ပိုက်ကိုဆွဲလိုက်တဲ့အခါမှာ ငါးတချို့နဲ့အတူ စောစောက ကမ်းပေါ်မှာထိုင်နေတဲ့ လူမိန်းမနဲ့သဏ္ဍာန်တူတဲ့ငါးမကြီးပါလာပါရော…။

အစ်ကိုကြီး ကိုဖိုးစိက စက်လှေပေါ်ကိုရောက်လာတဲ့ ပုံသဏ္ဍာန်ဆန်းကြယ်တဲ့ ငါးကို သေသေချာချာကြည့်လိုက်တယ်။

'ငါးရဲ့မျက်နှာက လူမိန်းမမျက်နှာလိုပဲ၊ ဒါပေမဲ့ ခပ်ကြမ်းကြမ်း အရုပ်ဆိုးဆိုး ရင်သားလိုနေရာမှာ အဖုအထစ်နဲ့တောင်ပံလိုလို လက်လိုလို နှစ်ဖက်ပါတယ်'

'ဒီငါးဟာ ရေသူမလား မသိဘူး'

အစ်ကိုကြီးက အဲဒီလိုပြောပြီး မျက်နှာကိုကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်မှာ တောင်ပံလိုလို လက်နှစ်ဖက်နဲ့ မျက်နှာကို အုပ်လိုက်တယ်။

အစ်ကိုကြီးက အတောင်ပံကို ဆွဲဖယ်လိုက်တယ်။ ဒါပေမဲ့ အရမ်းအားသန်တော့ ဖယ်လို့မရဘူး။ အဲဒီအချိန်မှာ ကောင်းကင်မှာ လျှပ်စီးတွေလက်လာတယ်။

'ဂျိမ်း… တလိမ်းလိမ်း… ဂျိမ်း'

လျှပ်စီးလက်အပြီးခဏအကြာမှာ မိုးခြိမ်းသံတွေကြားရပြီး လေရောမိုးပါ ရွာသွန်းလာတယ်။

လေရောမိုးပါ တိုက်လဲတိုက် ရွာလည်းရွာဆိုတော့ စက်လှေကလေးတလူလူးလူး တလိမ့်လိမ့်နဲ့ ရေပြင်ကျောမှာ မျောပါသွားတယ်။ ဒီမှာတင် အစ်ကိုကြီးက…

'ငါတို့ဖမ်းမိတာ ရေသူမမျိုးနွယ်ထဲက ငါးဖြစ်ပုံရတယ်၊ ဒီကောင်တွေမိရင် မိုးကြီးလေကြီးချတတ်တယ်လို့ပြောတယ်'

'ဟုတ်လိမ့်မယ် အစ်ကိုကြီး၊ ဒီကောင်တွေနဲ့တွေ့ရင် အန္တရာယ်ပေးတတ်တယ်လို့ အဖေတို့လူကြီးတွေ ပြောဖူးတယ်'





'ဒါဆို ဒီငါးကြီးကို လွှတ်ပေးလိုက်တော့မယ်'

'အဲဒါ အစ်ကိုကြီးသဘောပဲ'

ကိုဖိုးစီက လှိုင်းလေများကြားမှ လွန့်လူးမျောပါနေတဲ့ သူ့ရဲ့စက်လှေပေါ်ရှိ ငါးကြီးကိုမကာ ရေပြင်ပေါ်သို့ ချလိုက်တယ်။

'ဗွမ်း' ဆိုတဲ့အသံကြီးနဲ့အတူ ရေထဲသို့ ကျသွားပြီးနောက်ချက်ချင်းဆိုသလို လှိုင်းလေများနဲ့ ပြန်ပေါ်လာတယ်။ လေတိုက်နှုန်းလျော့နဲ့သွားပြီး မိုးစဲသွားပါတော့တယ်။

စက်လှေကတော့ စက်ထဲရေဝင်ပြီး နှုန်းမရတာကြောင့် ရေစီးအတိုင်း မျောသွားခဲ့တယ်။ စက်လှေရဲ့နောက်မှာ ထူးထူးဆန်းဆန်း…

'အစ်ကိုကြီး… ဟိုမှာ ငါးနှစ်ကောင်'

'မှန်းစမ်း'

ညနေစောင်း ညီအစ်ကိုမသိတဲ့အချိန်မှာ စက်လှေနောက်က ငါးနှစ်ကောင်လိုက်လာတာတွေကလိုက်ရတယ်။

'တစ်ကောင်က တို့စက်လှေက ပြန်လွှတ်လိုက်တဲ့ ရေသူမလိုလို ငါးမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်နဲ့တူတယ်၊ နောက်တစ်ကောင်က မျက်နှာ ထားဆိုးဆိုးနဲ့ ရေသူထီးဖြစ်ပုံရတယ်'

'အင်း… ဟုတ်မယ်၊ ခုနက ကျောက်ဆောင်ပေါ်မှာ ထိုင်နေတဲ့နှစ်ကောင်ဖြစ်မယ်'

အစ်ကိုကြီးက ဒီလိုပြောရင်း ကြည့်လိုက်တော့ ငါး နှစ်ကောင်ဟာ စက်လှေရဲ့အနောက်ဘက် ခပ်လှမ်းလှမ်းမှာ ငုပ်ချည်ပေါ်ချည်နဲ့…

'အင်း… အဲဒီငါးနှစ်ကောင်ဟာ ကြင်ဖော်ကြင်ဖက် ဖြစ်လိမ့်မယ်၊ ငါတို့က ငါးမကိုဖမ်းမိသွားလို့ ငါးထီး က နောက်ကလိုက်လာတာဖြစ်မယ်၊ တို့က ငါးမကို ပြန်လွှတ်လိုက်လို့ အဲဒီငါးနှစ်ကောင် ပြန်တွေ့သွားတာ ဖြစ်မယ်'

ကိုဖိုးစီက သူ့အထင်ကို ပြောလိုက်တယ်။

'ဖြစ်နိုင်တယ် အစ်ကိုကြီး၊ သူတို့နှစ်ကောင် ပြန်တွေ့ ပြီး ကျွန်တော်တို့လှေနောက်က လိုက်လာတာနေမှာ'

ဒီလိုပြောနေရင်း ငါးနှစ်ကောင်မှ ရေအောက်သို့ ငုပ် လျှိုးပျောက်ကွယ်သွားခဲ့တယ်။





'အင်း… ဒီငါးစုံတွဲ ပြန်တွေ့သွားတာပဲ ကောင်းပါ တယ်၊ ဘာကြောင့်မှန်းမသိ၊ ဒီငါးကိုဖမ်းမိတာနဲ့ လေ ကြီးမိုးကြီးကျလာတယ်၊ ဒီငါးကိုလွှတ်မပေးရင် အဲဒီ လေကြီးမိုးကြီးကနေ မုန်တိုင်းတောင် ဖြစ်ချင်ဖြစ်သွား နိုင်တယ်'

'မုန်တိုင်းနဲ့တွေ့လို့ကတော့ ကျွန်တော်တို့အုပ်စုတွေ အသက်ရှင်ဖွယ်ရာတောင် မရှိဘူး'

'အေး… ဒါကြောင့်ရှေးလူကြီးတွေကပြောတာ၊ လူ တစ်ပိုင်းငါးတစ်ပိုင်း ရေသူမလိုလို ငါးမျိုးနဲ့တွေ့ရင် အန္တရာယ်တွေ့တော့တာပဲတဲ့'

'ဒါ့ထက် အစ်ကိုကြီး မိုးလည်းသိပ်ချုပ်နေပြီ၊ စက်က လည်း ဘာဖြစ်သွားမှန်းမသိဘူး'

'ဒီနားက ကျွန်းမှာ တစ်ညအိပ်ပြီး စက်ပြင်မှပဲ'

ကိုဖိုးစီတို့စက်လှေဟာ ကျွန်းကလေးအနားမှာ ကျောက် ချပြီး အင်ဂျင်စက်ကို ပြင်ခဲ့ကြတယ်။ ညီအစ်ကိုငါးယောက် စလုံး စက်ကိုကောင်းစွာပြင်နိုင်တဲ့အတွက်စုပေါင်းပြီး ပြင်ခဲ့ ကြတယ်။ ညဆယ်နာရီလောက်မှာ စက်ပြင်ပြီးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'စစ်ကိုကြီး ဘယ်လိုလုပ်မလဲ၊ စက်တော့ကောင်းသွားပြီ'

'မင်းတို့လည်း စက်ပြင်ရတာ မောသွားပြီမဟုတ်လား၊ ဒီညအဖို့တော့ ဒီမှာပဲ နားလိုက်ရအောင်၊ အိပ်ချင်တဲ့သူက အိပ်ပေါ့၊ တစ်ယောက်က ကင်းစောင့်ပေါ့ကွာ'

'ဟုတ်ကဲ့ အစ်ကိုကြီး'

သူတို့အုပ်စုဟာ မိုးထဲလေထဲ လှိုင်းလေထဲမှာ ဆိုးဝါးတဲ့ ရာသီဥတုဒဏ်ခံနိုင်ဖို့ အရက်သောက်ပြီး အိပ်လိုက်ကြတယ်။ လှေသမားတစ်ယောက်သာ ကင်းစောင့်ရင်း ငိုက်မြည်းနေတယ်။

ညသန်းခေါင်ယံအချိန်လောက်မှာ ကျွန်းရဲ့အစပ်က လူဝံလိုလို ခပ်မည်းမည်းသတ္တဝါနှစ်ခု ထွက်လာတာတွေ့လိုက်ရတယ်။ ကင်းသမားက စောင့်ကြည့်နေတုန်း မည်းမည်းအကောင်ကြီးက ရေစပ်ကိုဆင်းလာခဲ့ပြီး...

'စွပ်'

'စွပ်'

'စွပ်'





အသံနဲ့အတူ လှေနားကိုရောက်လာခဲ့တယ်။

လှေစောင့်နေတဲ့ ကောင်လေးက အဲဒီအကောင်ကြီးကို လှမ်းကြည့်လိုက်တော့ လရောင်အောက်မှာ သူ့မျက်လုံးတွေဟာ မီးကျီခဲလို အနီရောင်တောက်နေတာတွေ့ရတယ်။

သူ့ကို ကြည့်နေရင်းနဲ့ လှေရဲ့ပဲ့ပိုင်းက ငါးတွေထားတဲ့ဘက်ကို ခုန်ကူးလာတယ်။ ပြီးတော့ ငါးတွေကို ကျိုးကျိုးကြွတ်ကြွတ်နဲ့ ကိုက်စားနေတာတွေ့ရတယ်။ လှေစောင့်ကလည်း အားလုံးအိပ်ပျော်နေချိန်မှာ သူတစ်ယောက်တည်းဖြစ်နေလို့ အတော်စဉ်းစားနေရတယ်။

'ငါအော်လိုက်လို့ ငါ့လူတွေကမနိုးဘဲ အဲဒီကောင်ကြီးကလာကိုက်မှာဒုက္ခပဲ'

ဒါကြောင့် အော်ရကောင်းမလား။ မအော်ရကောင်းမလားဆိုတာ စဉ်းစားနေမိတယ်။ နောက်တော့ သူ့ဘေးနားမှာ အုတ်နီခဲတစ်လုံးကိုတွေ့ရတယ်။ ဒီတော့ သူက ဖြစ်ချင်ရာဖြစ်ဆိုပြီး လှေရဲ့ပဲ့ပိုင်းကိုသွားပြီး အုတ်နီခဲနဲ့ အဲဒီမည်းမည်းကြီးကို လှမ်းပေါက်လိုက်တယ်။

'ဒုန်း'



www.burmeseclassic.com

www.burmeseclassic.com



လာကြပါဦး၊ ထကြပါဦး၊ ဘာကောင်ကြီးမှန်းမသိဘူး။

လှေစောင့်က တအားကျူးပြီး အော်ဟစ်လိုက်တဲ့အတွက် ကိုဖိုးစီတို့အုပ်စုတွေ အားလုံးနိုးလာကြပြီး…

'ဟေ့ကောင် မောင်မြင့် ဘာဖြစ်တာလဲ'

အော်ဟစ်မေးမြန်းသံနဲ့အတူ ခြေသံဒုန်းဒုန်းဒိုင်းဒိုင်းနဲ့ အပြေးရောက်လာကြတယ်။ လူသံတွေ ဆူဆူညံညံကြားရလို့လားမသိဘူး။ အဲဒီမည်းမည်းကောင်ကြီးဟာ လှေပေါ်ကနေ လွှားခနဲရေထဲခုန်ချပြီး ထွက်ပြေးသွားတယ်။

'မောင်မြင့်… မောင်မြင့်… ဘာဖြစ်တာလဲ'

ဖိုးကြည်တို့ ဖီးနီတို့အုပ်စုက မေးလိုက်တော့…

'ဟောဟိုမှာ မည်းမည်းအကောင်ကြီး ကျွန်းဘက်ကို ပြေးပြီ'

လရောင်အောက်မှာ မှုန်မွှားမွှားလောက်ပဲ မသဲမကွဲမြင်လိုက်တယ်။

'အဲဒီမည်းမည်းအကောင်ကြီးက လှေပေါ်က ငါးတွေကို လာစားနေလို့ ကြောက်ကြောက်နဲ့အော်လိုက်တာ'





'ဒီလောက်ကြီးတဲ့အကောင်ကြီးဟာ ဘာကောင်ကြီးလဲ မသိဘူး'

အားလုံး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြတယ်။ ဒီတော့ အစ်ကိုကြီးဖိုးစီက…

ဒါဟာ တချို့ပြောကြတဲ့ 'ကျွန်းလူ' ဆိုတဲ့လူနဲ့တူတဲ့ သတ္တဝါလားမသိဘူး။ အဲဒီကျွန်းလူတွေက အမဲသားငါး သိပ်ကြိုက်တယ်။ အစိမ်းစားကြတယ်။ ဒါမှမဟုတ်ရင်တော့ မကောင်းဆိုးဝါးတစ္ဆေပြိတ္တာတွေပဲဖြစ်မယ်။

'ဒါကြောင့် ဒီကျွန်းတွေကို မကောင်းဆိုးဝါး ပရလောကသားတွေ မြူးတဲ့ကျွန်းလို့ ပြောကြတာ'

'ဟုတ်မယ်၊ ဟုတ်မယ်၊ တချို့လှေတွေဟာ လူတစ်ယောက်မှမရှိတော့ဘဲ ပင်လယ်ထဲမှာ လှေကြီးပဲ မျောနေကြတာ၊ လှေသားတွေအားလုံး သေကုန်ကြတာ'

'အင်း… ဒီရေပြင်ကြီးဟာလည်း ကျွန်တော်တို့မသိတဲ့ လျှို့ဝှက်ချက်တွေနဲ့ ပြည့်နှက်နေတာပဲ'

'ဟုတ်တယ် ညီလေးတို့ရဲ့၊ လူတော်တော်များများဟာ မြေပြင်အကြောင်းလောက်ကိုပဲ ပြည့်ပြည့်စုံစုံသိတာ



www.burmeseclassic.com

www.burmeseclassic.com



များတယ်၊ ရေပြင်အကြောင်း သိပ်မသိကြဘူး'

'ဟုတ်တယ် အစ်ကိုကြီး'

'ဒီနေ့ည ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ'

'အင်း… ဒီကျွန်းမှာ ဆက်နေလို့မကောင်းဘူး၊ အန္တရာယ်ရှိနိုင်တယ်၊ ကဲ… ဖိုးကြည် မင်းစက်မောင်းကြည့်စမ်း'

'ဟုတ်ကဲ့ အစ်ကိုကြီး'

ကိုဖိုးကြည်က စက်နှိုးကြည့်လိုက်တယ်။

'ဝေါခနဲ' စက်နိုးသွားတယ်။

'စက်နိုးသွားပြီ အစ်ကိုကြီး'

'အေး… တို့ရွာဘက်ကိုမောင်းမယ်'

လပြည့်ညကလေးမို့ ဒီအချိန်မှာ လမင်းကြီးက ထိန်ထိန်သာနေတယ်။ ကျွန်းလူလော ဘာမှန်းမသိသော သတ္တဝါကြီးကြောင့် စက်လှေကလေးကို ဒီကျွန်းက မောင်းထွက်ခဲ့တယ်။ ကျွန်းဘက်ကို လှမ်းကြည့်လိုက်တော့ ရေစပ်နားမှာ မည်းမည်းအကောင်ကြီးတွေ အများကြီး မတ်တပ်ရပ်နေတာ တွေ့လိုက်တယ်။ ဒီတော့ အစ်ကိုကြီးက…





'တော်သေးတာပေါ့၊ တစ်ကောင်ပဲ လှေပေါ်တက်လာလို့၊ ရှိသမျှအကောင်တွေတက်လာလို့ကတော့ ငါတို့လှေလည်း အခွဲကြီးပဲ ကျန်မယ်ထင်တယ်'

'ကဲ… ဒါဆို အစ်ကိုကြီးရေ ကျွန်တော်တို့တော့ စက်ကုန်ဖွင့်ပြီး ပြေးကြစို့ရဲ့'

ဒီလိုနဲ့ ကိုဖိုးစီတို့အုပ်စု အန္တရာယ်လက်တစ်ကမ်းက လွတ်မြောက်လာခဲ့တယ်။

ဒါကတော့ ဘကြီးသောင်းရဲ့သားများ တွေ့ကြုံခဲ့တဲ့ ပင်လယ်ပြင်က ပရလောကသားနဲ့ ပင်လယ်ပြင်အတွေ့အကြုံ တစ်ခုပေါ့။

ဆရာကိုဝဏ္ဏတို့အုပ်စု စကားပြောအပြီးမှာ အဆောင်ကို ပြန်လာခဲ့ကြတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

## သွေးစွန်းနေတဲ့ လက်ပြတ်ကြီး

နေညိုညို ညနေစောင်း…

ပင်လယ်ပြင်မှာ ရေဆင်းကူးနေတဲ့သူတချို့ကိုတွေ့ရတယ်။

'မနေရီ ကျွန်မတို့ ရေကူးကြရအောင်'

မြတ်သန္တာက လှမ်းပြောလိုက်တယ်။

'ကူးမယ်လေ'





နေရီတို့အုပ်စု ရေကူးဝတ်စုံကိုယ်စီဝတ်ထားပေမယ့် ခြုံစောင်မွေးပွမျက်နှာသုတ်ပဝါကြီးကို ပတ်ပြီး ကမ်းစပ်ကို ဆင်းလာခဲ့တယ်။

ရေပြင်နားက ကမ်းစပ်မှာ မွေးပွမျက်နှာသုတ်ပဝါတွေကို ချထားပြီး ရေထဲကို အမြန်ဆုံး ဆင်းလိုက်တယ်။

'မြတ်သန္တာ… ဘာဖြစ်လို့ ရေထဲခပ်မြန်မြန်ဆင်းသွားတာလဲ'

'ရေကူးဝတ်စုံဝတ်ရတာ ရှက်လိုက'

'ရှက်မနေပါနဲ့ မြတ်သန္တာရယ်၊ ခြေထောက်က လွတ်လွတ်လပ်လပ်ခပ်မှ ကူးလို့ကောင်းတာ၊ ထမိန်နဲ့ဆိုရင် ကူးလို့မကောင်းဘူး'

နေရီက မြတ်သန္တာကို ရှင်းပြလိုက်တယ်။ ဒီတော့ နွေဟောကိုက…

'ဟုတ်တယ် မြတ်သန္တာရဲ့၊ ရောမရောက်ရင် ရောမလိုဝတ်တဲ့'

ဒီလိုပြောလိုက်တော့ စန်းမြင့်ကြည်က…

'ဟဲ့… ဟဲ့… မဟုတ်တရုတ်တွေ ပြောနေပြီ၊ ရောမ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင် ရောမလိုကျင့်ပါဟာ'

လို့ ပြန်ပြောလိုက်တယ်။ ဒီတော့ မြတ်သန္တာက စပ်ဖြဲဖြဲနဲ့ . . .

'မသိပါဘူးဟာ ရောမလို ဝတ်တာများလို့'

ချော်လဲရောထိုင်လိုက်တယ်။

နွှေဟေကိုက ရေကူးဝတ်စုံနဲ့ ရေထဲကိုဆင်းလာတယ်။ သူ့နောက်က မြင့်မြတ်သံဂီတို့ ရွှေနဒီတို့အုပ်စု။

အားလုံးထဲမှာ နွှေဟေကိုက ကိုယ်လုံးအလှဆုံး။ ခပ်တောင့်တောင့် ခပ်ဖြောင့်ဖြောင့်။

'နွှေက ရေကူးဝတ်စုံနဲ့ အရမ်းလှတာပဲ'

စန်းမြင့်ကြည့်က ပြောလိုက်တော့ နွှေဟေကိုက

'အစက ရုပ်ရှင်မင်းသမီးလုပ်မလို့၊ ဘယ်လိုကနေ ဘယ်လို ကုမ္ပဏီဝန်ထမ်းဖြစ်သွားမှန်း မသိပါဘူး'

ခပ်ပြုံးပြုံးလေး ပြောလိုက်တော့ ရွှေနဒီက

'အင်း . . . တစ်ယောက်က ဘုံမြောက်လို့တစ်ယောက်က မြောက်သွားပြီ'

'ဟဲ့ . . . ဒါဆို ငါကအရှုံးပေါ့၊ ကဲဟယ်၊ ကဲဟယ်'





နွှေဟေကိုက ရွှေနဒီကို ရေနဲ့လှမ်းပက်လိုက်တယ်။ သူငယ်ချင်းတစ်သိုက် ပျော်ရွှင်စွာနဲ့ ရေထဲကို ကူးခပ်သွားကြတယ်။

'အောင်မလေး လုပ်ကြပါဦး'

ကြောက်တတ်တဲ့ မိုးသူဇာက အသံသေးသေးလေးနဲ့ အော်လိုက်တယ်။

ဒီတော့ နေရီက အပြေးသွားပြီး . . .

'မိုးသူဇာ ဘာဖြစ်လို့လဲ'

လို့မေးလိုက်တယ်။

'မနေရီ . . . ရေထဲက တစ်ခုခုက ခြေထောက်ကိုလှမ်းဆွဲသလိုပဲ'

'မဖြစ်နိုင်ပါဘူး မိုးသူဇာရယ်၊ ရေအောက်က ရေမှော်တွေနဲ့များ ငြိသလားမသိဘူး'

'မဟုတ်ဘူး မနေရီရဲ့ မိုး ခြေထောက်ကို ဖမ်းကိုင်လိုက်တာ'

'ကဲ . . . ကဲ . . . ဒါဆိုရင် နေရီရဲ့အနားမှာ လာကူးလေ'

'ကျေးဇူးပဲ မနေရီ'



www.burmeseclassic.com

www.burmeseclassic.com



မိုးသူဇာက သူမအနီးမှာ လာကူးနေတယ်။ နွေဟေကိုတို့ ရွှေနဒီတို့ကတော့ ရေကူးကျွမ်းကျင်လွန်းလို့ အဝေးမှာ ကူးနေကြတယ်။

တစ်ယောက် တစ်နေရာစီပေါ့။

'အောင်မလေး လုပ်ကြပါဦး'

နွေဟေကိုက အော်လိုက်ပြန်တယ်။

'နွေ... ဘာဖြစ်တာလ'

အနီးမှာရှိတဲ့ ရွှေနဒီက လှမ်းအော်လိုက်တယ်။

'နွေ့ခြေထောက်ကို ရေအောက်ထဲက ဆွဲလိုက်သလိုပဲ'

နွေဟေကိုက ပြန်ပြောလိုက်တော့ အားလုံး အံ့အားသင့်သွားတယ်။

'ဟဲ့... ကြည့်လုပ်ကြဦး၊ ဟိုတစ်ယောက်ကလည်း သူ့ခြေထောက်ကိုဆွဲတယ်တဲ့၊ နွေကလည်း သူ့ခြေထောက်ကိုဆွဲတယ်လို့ ပြောပြန်ပြီ'

နေရီက ခပ်ငြီးငြီးနဲ့ ပြောလိုက်တယ်။ နွေဟေကိုက

'တော်ပြီ၊ တော်ပြီ ရေတောင်ဆက်ပြီးမကူးချင်တော့ဘူး၊ ကြောက်တောင်ကြောက်လာပြီ'





ဒီလိုပြောပြီး ရေတိမ်တဲ့အပိုင်းကို ဆက်ကူးလာတယ်။ ဒီအချိန်မှာ ရေနက်ထဲ 'ဘွားခနဲ' ပေါ်လာခဲ့တယ်။ သူက မြင့်မြတ်သိင်္ဂီ။

'ဟဲ့... ဟဲ့... ဘာဖြစ်တာလဲ'

'မြင့်မြတ်က ဘာဖြစ်လို့ ရေထဲက ပေါ်လာရတာလဲ'

'မြင့်မြတ်... နင် ရေငုပ်နေတာလား'

မြင့်မြတ်သိင်္ဂီက အူကြောင်ကြောင်မျက်နှာနဲ့

'ရေကူးရင်းနဲ့ ရေအရမ်းငုပ်ချင်လာလို့ ရေငုပ်လိုက်တာ၊ ရေထဲမှာဘာတွေတွေ့မှန်းမသိလို့ ဒီဘက်ပြန်ကူးလာရင်း ခြေထောက်တွေကိုတွေ့လို့ ကြောက်တာနဲ့ အဲဒီခြေထောက်တွေကို လှမ်းဆွဲလိုက်တာ'

အဲဒီလိုပြောပြလိုက်တယ်။

'အောင်မလေးဟယ်... တရားခံက မြင့်မြတ်ကိုး'

'နင်ကတော့ အစအနောက်ကို သန်ပါတယ်ဟယ်'

'မြင့်မြတ်ရယ်... နင်ကသာစတာ ငါကတော့ ကြောက်တာနဲ့ သေနိုင်တယ်'

'ဆောရီးနော်၊ မိုးသူဇာနဲ့ နွေဟေကို ငါလည်း စချင်



www.burmeseclassic.com

www.burmeseclassic.com



နောက်ချင်လို့ မဟုတ်ဘူး၊ ခေါင်းမူးပြီး ဘာတွေတွေ့ မှန်းမသိလို့ပါ'

'အေးပါဟာ၊ ရန်ကုန်မှာ ရေမကူးဖြစ်တာကြာပြီ၊ ဒီမှာ ဝအောင်ရေကူးလိုက်ဦးမယ်'

နေရီက ဒီလိုဆက်ပြောလိုက်တယ်။

ကျန်တဲ့သူတွေက နေရီရဲ့စကားအတိုင်းပဲ ဆက်ကူးနေကြတယ်။

ဒါပေမဲ့ နွေဟောကိုတို့ မိုးသူဇာတို့ရဲ့စိတ်မှာ နည်းနည်းကြောက်စိတ်ဝင်နေတယ်။

ဒီလိုရေကူးနေရင်းနဲ့ တခဏအကြာမှာတော့ ဒီတစ်ခါ နေရီက အရာတစ်ခုကို လှမ်းမြင်လိုက်တယ်။

'ဟဲ့… ဘာကြီးတုန်း'

နေရီ မြင်လိုက်တဲ့အရာက သွေးတွေနဲ့ ပေပွနေတဲ့ လက်မောင်းကြီးတစ်ခု…

'ဟဲ့… ဟဲ့… ဟိုမှာ လက်ပြတ်ကြီး'

ကြောက်ကြောက်ရွံ့ရွံ့နဲ့ လှမ်းအော်လိုက်တယ်။

'ဘယ်မှာလဲ မနေရီရဲ့'





'ဟော… ဟိုမှာ'

'အောင်မလေး လက်ပြတ်ကြီးမျောလာတယ်'

'ဟုတ်ပါ့ လက်ပြတ်ကြီး'

'ဘယ်မှာလဲ လက်ပြတ်ကြီး'

နေရီတို့အော်သံကြောင့် အနီးအနားမှာ ရေကူးနေတဲ့ ဆရာကိုဝဏ္ဏတို့အုပ်စုရယ် အခြားရေကူးနေတဲ့သူတွေရယ် အဲဒီနားကို စုပုံရောက်လာတယ်။

ဟုတ်ပါတယ်။

တကယ်ပါ။

လက်ပြတ်ကြီးက ရေထဲမှာ ထောင်လျက်မျောလာတယ်။

ဒါကြောင့် လူတွေက အံ့သြနေတယ်။

'လက်ပြတ်ကြီးက ဘယ်လိုဖြစ်ပြီးထောင်ပြီး မျောလာရတာလဲ'

'ဟုတ်ပါရဲ့၊ လှဲပြီးမျောတယ်ဆို ဟုတ်တုတ်ပဲ'

ယောကျ်ားလေးအုပ်စုဘက်က စကားသံတွေ ထွက်မလာတယ်။ ဒီအထဲမှာ သတ္တိရှိပုံရတဲ့ အမျိုးသမီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က ထွက်လာတယ်။ သူက ဆရာကိုဝဏ္ဏ…။

'ဒီလက်ပြတ်ကြီးကို မသင်္ကာဘူး၊ ကျွန်တော် သွားပြီး ဆယ်ကြည့်မယ်'

ဆရာကိုဝဏ္ဏ ဖြစ်ပါ့မလား'

နွေဟေကိုက လှမ်းပြောလိုက်တယ်။

'ဖြစ်ပါတယ် မနွေ၊ ကျွန်တော်သွားမှ သေသေချာချာ သိရမှာပါ၊ သေချာအောင် ကျွန်တော်ကိုယ်တိုင် အနားသွားမယ်'

'ဒါဆို သတိထားပြီးသွားပါ ဆရာ'

ကိုဝဏ္ဏက ရေကူးချန်ပီယံတစ်ယောက်လို အမြန်ဆုံး ကူးသွားခဲ့တယ်။ အားလုံးက ရင်တမမနဲ့ ကြည့်နေကြတယ်။ နေရီအပါအဝင်အားလုံးက လက်ပြတ်ကြီးကို စိတ်ဝင်တစားနဲ့ပေါ့။

ဟော… ရောက်သွားပြီ လက်ပြတ်ကြီးကို ဆွဲယူလိုက်ပြီး…

'အောင်မလေး… လက်ကြီးက ပုတ်ပွနေလို့ ရေပေါ်မှာ ပေါ်နေတာလား'





မိုးသူဇာက အသည်းတုန်၊ ရင်တုန်စွာနဲ့ ကြည့်နေလိုက်တယ်။

ဟော… ဆရာကိုဝဏ္ဏက လက်ပြတ်ကြီးကို ဆွဲယူပြီး ကမ်းစပ်ကို ပြန်ကူးလာခဲ့တယ်။

'ဆရာကိုဝဏ္ဏက လက်ပြတ်ကြီးကို ယူလာပြီ'

'ကြည့်ရတာ ရွံစရာကြီး'

'လက်ကြီးက မည်းမည်းကြီး ကြောက်စရာကြီး'

ဒီနားမှာ စကားသံတွေ ဆူညံနေတယ်။

'ဒီမှာ ကြည့်စမ်းပါ'

ဆရာကိုဝဏ္ဏက ကမ်းစပ်ကိုရောက်လာပြီး လက်မည်းကြီးကို ထောင်ပြလိုက်တယ်။

'ဒီလက်မည်းကြီးကိုကြည့်ပြီး မကြောက်ကြပါနဲ့၊ ဒီလက်မည်းကြီးဟာ တကယ့်အစစ်လက်မည်းကြီး မဟုတ်ပါဘူး၊ ပလပ်စတစ်အကောင်းစားနဲ့လုပ်ထားတဲ့ နိုင်ငံခြားဖြစ် လက်အတုကြီးပါ'

'ဟင်'

'ဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်'

လက်မည်းကြီးကို လာရောက်ကြည့်နေတဲ့ ပရိသတ်ကြီးဆီက အာမေဋိတ်သံတွေ ထွက်ပေါ်လာတယ်။

ဒါကြောင့် ဆရာကိုဝဏ္ဏဆီက လက်မည်းကြီးကို သေသေချာချာ ကြည့်လိုက်တော့ တကယ့်အသားရောင်မည်းမည်းအတိုင်း ပြုလုပ်ထားတဲ့ လက်မည်းလက်ပြတ်ကြီး။ လက်မှာလည်း သွေးတွေစီးကျနေတဲ့အတိုင်း သွေးရောင်နဲ့ ခြယ်ထားတယ်။

'ဒီလက်ပြတ်ကြီးက ဘယ်လိုကနေ ရေထဲမှာမျောနေရတာလဲ'

'ဒါက သေသေချာချာ လုပ်ထားတဲ့ လက်ပြတ်ကြီးပဲ'

'ဟုတ်ပါရဲ့၊ မြန်းခနဲ ကြည့်လိုက်ရင် ကြောက်စရာကြီး'

'ဘာကြောင့်များ ဒီလက်ပြတ်ကြီးကို ပင်လယ်ထဲ လွှင့်ပစ်သလဲမသိဘူး'

ဒီလိုနဲ့တစ်ယောက်တစ်မျိုး ပြောနေတုန်း ဂျင်းဘောင်းဘီနဲ့ အမျိုးသားတစ်ယောက် ပြေးလာပြီး…





'ဒါ… ကျွန်တော့်ပစ္စည်းပါ၊ ပြန်ပေးပါ'

အမောတကောနဲ့ ပြောလိုက်တယ်။

'မင်းပစ္စည်းဆိုရင် ဘာဖြစ်လို့ ရေထဲမှာ မျောလိုက်ရတာလဲ'

ကိုဝဏ္ဏက သင်္ကာမကင်းတဲ့ပုံစံနဲ့ မေးလိုက်တယ်။

'ရေထဲမှာ မျောလိုက်တာမဟုတ်ဘူး၊ မျောသွားတာပါ'

ဒီလူရဲ့အဖြေက သိပ်မနိပ်သေး။ ဒီလူနဲ့စကားပြောနေတုန်း လူတစ်သိုက်ပြေးလာကြတယ်။ ပြီးတော့ ခေါင်းဆောင်နဲ့တူတဲ့လူက ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့ကပါ။ ဒီလက်ပြတ်ကြီးအကြောင်း ရှင်းပြပါမယ်၊ ဒီလိုစတင်ပြောလိုက်တယ်။

'ကဲ ပြောပါဦး ဒီလက်ပြတ်ကြီးအကြောင်း'

ဆရာကိုဝဏ္ဏက တကယ့်ဆရာကြီးစတိုင်နဲ့ ပြောလိုက်တယ်။

'ကျွန်တော်တို့က သီရိမာလာ ရုပ်ရှင်ထုတ်လုပ်ရေးကပါ၊ အခုဇာတ်ကြမ်းဇာတ်ဝင်ခန်း ရိုက်နေတာပါ၊ မင်းသားနဲ့လူဆိုးတစ်သိုက် ပင်လယ်ကမ်းခြေမှာ ဓား



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ဖိုက်တင်ချခန်းရိုက်တာ၊ အဲဒါ လူကြမ်းရဲ့ လက်ကပြုတ်ပြီး ရေထဲမျောသွားတဲ့အခန်း ရိုက်နေခဲ့တာ၊ ဒီလက်ပြတ်ကြီးကို အမိကထားပြီး ရိုက်ချင်လို့ နိုင်ငံခြားသွားတုန်းက ဒါရိုက်တာကြီး ဝယ်လာတဲ့ လက်ပြတ်ကြီးပါ'

'ဩော်… ဒီလိုလား'

'ဟုတ်ပါတယ်ဗျာ၊ လက်ပြတ်ကြီးကို ရေထဲပစ်ချပြီး ဓာတ်ဝင်ခန်းရိုက်တာ အဲဒီလက်ပြတ်ကြီးက ရေထဲ လည်းရောက်ရော လှိုင်းပုတ်ပြီး အရှိန်ပြင်းပြင်းနဲ့ မျော သွားလို့ မနည်းလိုက်ခဲ့ရတာ၊ အခုမှပဲဒီလက်ပြတ်ကြီး ဆီ ရောက်လာခဲ့တာ'

'ကဲ… ဒါဆို ဒီလက်ပြတ်ကြီးက ခင်ဗျားတို့ ပစ္စည်း ဟုတ်လား'

'ဟုတ်ပါတယ်'

'ခင်ဗျားတို့ ပစ္စည်းဆိုလည်း ယူပေါ့၊ ဒါပေမဲ့ ခင်ဗျား တို့ရဲ့ပစ္စည်းကြောင့် ကျွန်တော်တို့အားလုံးအထိတ် တလန့်ဖြစ်ခဲ့ရတယ်'





'ဒီအတွက်တော့ တောင်းပန်ပါတယ်'

'တောင်းပန်တော့လည်း ကျေနပ်ရတာပေါ့ဗျာ'

ဆရာကိုဝဏ္ဏက ပြောပြောဆိုဆို ပြန်ပေးလိုက်တယ်။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ရုပ်ရှင်အဖွဲ့ခေါင်းဆောင် မန်နေဂျာကြီးက ကိုဝဏ္ဏကို ကျေးဇူးတင်ကြောင်းပြောပြီး နှုတ်ဆက်လိုက်ပါတယ်။ ပြီး တော့ ကိုဝဏ္ဏရဲ့ နောက်မှာရပ်နေတဲ့ နေရီတို့အဖွဲ့ကိုပါ အားနာ တဲ့အပြုံးနဲ့…

'ပြန်လိုက်ဦးမယ်ခင်ဗျာ'

လို့ နှုတ်ဆက်လိုက်တယ်။ နေရီတို့အဖွဲ့က…

'ကောင်းပါပြီ လက်ပြတ်ကြီး၊ အဲ… ဟုတ်ပေါင်၊ မန်နေဂျာကြီး'

အယောင်ယောင်အမှားမှားနဲ့ ပြန်ဖြေလိုက်တယ်။

ရုပ်ရှင်က မန်နေဂျာကြီးတို့အုပ်စု ပြန်သွားတော့ အချိန် က ညနေမိုးချုပ်လုပြီ။

ဒါကြောင့် ရေဆက်မကူးတော့ဘဲ အဆောင်ကို ပြန်လာခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နေရီက ရေစိုနေတဲ့ ဆံပင်တွေကို သုတ်ရင်း အားလုံး ကို ပြောလိုက်တယ်။

'ဒီနေ့အဖို့ ကံမကောင်းဘူး'

'မနေရီကလည်း တွတ်ပီလေသံနဲ့'

'ဟုတ်တယ် မိုးရဲ့၊ စထွက်လာကတည်းက နွားတိုက် မိမလိုဖြစ်ပြီး ကံကောင်းလို့သေတော့မလို့'

'ဟုတ်ပါရဲ့ မနေရီရယ်'

'ဒီကြားထဲ ကြောက်ပါတယ်ဆိုမှ မြင့်မြတ်က တမျောင့်'

ဒီတော့ မြင့်မြတ်က…

'မနေရီကလည်း မြင့်မြတ်ဘာဖြစ်သလဲဆိုတာတော့ မမေးဘူး'

'ကဲ… ဘာဖြစ်တာလဲ၊ ရှင်းပြပါဦး'

'မြင့်မြတ်က ရေကူးရင်းနဲ့ ရေငုပ်လိုက်တာ သတိ လစ်သလိုဖြစ်ပြီး ကျောက်ဆောင်တွေဘက်ကို ရောက် သွားတာ၊ လူလိုလို ငါးလိုလိုအကောင်တွေကို ကျောက်ဆောင်နောက်ကွယ်မှာ မထင်မရှားတွေ့တာနဲ့





လန့်ပြီး ပြန်ကူးလာတာ၊ ဒီလက်ရောက်တော့ ခြေ ထောက်တွေ တွေ့တာနဲ့ လှမ်းဆွဲလိုက်တာ နွေနဲ့မိုးရဲ့ ခြေထောက်ဖြစ်နေတယ်၊ ဒါပေမဲ့ ရေထဲမှာဖြစ်နေလို့ ကြောက်မှာစိုးလို့ မပြောတာ'

'ကဲ… တော်ပါပြီ၊ ဒီနေ့အဖို့ ကြောက်စရာ လန့် စရာတွေနဲ့ တိုးနေပါလား'

'ဟုတ်ပါရဲ့ မနေရီရယ်၊ ဒီတစ်ခါ ခရီးထွက်ရတာ၊ အဆန်းတကျယ်ပဲ'

ဒီလိုပြောနေချိန်မှာ…

'မနေရီရဲ့ လုပ်စမ်းပါဦး၊ ကျွန်မမျက်နှာတွေတင်းပြီး မျက်လုံးတွေ အရမ်းလေးလာပြီ'

ရွှေနဒီက အထိတ်တလန့်နဲ့ အော်လိုက်ရင်း လဲကျ သွားတယ်။

'နဒီ… နဒီ… ဘယ်လိုဖြစ်တာလဲ

အနီးအနားမှာရှိတဲ့ နွေဟေကိုနဲ့ စန်းမြင့်ကြည်က မွေ့ လိုက်ရင်း မေးလိုက်တယ်။

'ကျွန်မရဲ့မျက်နှာတွေ အရမ်းတင်းပြီး ယားနေတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… နဒီရဲ့မျက်နှာက ဘယ်လိုဖြစ်သွားတာလဲ'

စန်းမြင့်ကြည်ရဲ့အပြောကြောင့် နဒီရဲ့မျက်နှာကို ကြည့်လိုက်ရင်ပဲ သူမရဲ့မျက်နှာတစ်ခုလုံး အဖုအပိန့်တွေနဲ့ မြင်မကောင်းအောင်ဖြစ်နေတယ်။

မိန်းကလေးတစ်သိုက် ဝရုန်းသုံးကားဖြစ်နေတုန်း တည်းခိုဆောင်စောင့်တဲ့ အဒေါ်ကြီးရောက်လာပြီး…

'ရေသရဲကိုက်လိုက်တာနဲ့ တူတယ်'

'အောင်မလေး ရေသရဲဟုတ်လား'

'ရေသရဲဆိုတာ ဘာကြီးလဲဟင်'

'ဩော်… တချို့က ပင်လယ်စာစားပြီး ပင်လယ်ရေကူးကြတယ်၊ ဓာတ်မတည့်တဲ့သူတွေမှာ ဒီလိုမျိုးမျက်နှာနဲ့ တစ်ကိုယ်လုံးအထွက်အထွက်ထပြီး တအားယားတာပဲ၊ အဲဒါကို အဒေါ်တို့အခေါ် ရေသရဲကိုက်တယ်လို့ ပြောတာပါ'

'ဒါဆို ဘယ်လိုလုပ်ရမလဲဟင်'

'အဆိပ်ပြေအပင်က အရွက်ကို ရေညှစ်ပြီး တိုက်ရင်လည်းရပါတယ်၊ ဒါမှမဟုတ် ဆရာဝန်ခေါ်ချင်တယ်





ဆိုလည်း ခေါ်ပေးပါ့မယ်'

'ဒါဆို အဒေါ်ရယ် ဆရာဝန်ပဲ ခေါ်ပေးပါ'

'အေး… အေး'

အဒေါ်ကြီးက ဆရာဝန်သွားခေါ်ခဲ့တယ်။

ခဏကြာတော့ ဆရာဝန်ရောက်လာပြီး ရွှေနဒီကို သေသေချာချာစမ်းသပ်ပေးခဲ့တယ်။

'ဒါဟာ ပင်လယ်အစားအစာနဲ့မတည့်လို့ ဓာတ်တုန့်ပြန်မှုဖြစ်ပြီး Allergy ဖြစ်တာပါ၊ ဘာမှမစိုးရိမ်ပါနဲ့၊ ဆေးတစ်လုံးထိုးပေးလိုက်မယ်'

'ဆရာရယ်… ကျွန်မသူငယ်ချင်းကို ပျောက်အောင်ကုပေးပါနော်၊ ကျွန်မတို့က ရေသရဲကိုက်တာဆိုလို့ လန့်သွားတာပဲ'

'ဒါကတော့ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ခေါ်ချင်သလို ခေါ်ကြတာပေါ့ဗျာ၊ အရင်တုန်းက ဆေးပညာမတိုးတက်သေးဘူး၊ ပင်လယ်အစားအစာစားလို့ ဓာတ်မတည့်မှန်းလည်းမသိဘူး၊ အဲဒီအစားအစာစားပြီး အဖုအပိန့်တွေထွက်လာတော့ ရေသရဲကိုက်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



လို့မှတ်ယူတတ်တယ်၊ တချို့ခေတ်မတည့်တာလွန်ပြီး သေတဲ့လူတွေလည်း ရှိခဲ့ဖူးတယ်၊ အဲဒါဆိုရင် ပင်လယ်စောင့်နတ်မင်းက မကျေနပ်လို့ ဒီလိုဖြစ်တာ ဆိုပြီး ပြောတတ်ကြတယ်'

'အခုလို ဆရာရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ကဲ… ခင်ဗျားတို့သူငယ်ချင်း အိပ်ပျော်သွားလိမ့်မယ်၊ မနက်ကျရင် ကောင်းသွားမှာပါ၊ ဆရာပြန်တော့မယ်'

'ဟုတ်ကဲ့ပါ ဆရာ'

ဆေးဘိုးဝါးခရှင်းပေးပြီးနောက် ဆရာဝန်ပြန်သွားခဲ့တယ်။

မနေရီတို့အဖွဲ့သားအားလုံး ဒီညအဖို့ ရွှေနဒီကို ကြည့်ရှင်းမအိပ်ဘဲ ထိုင်စောင့်နေခဲ့ကြတယ်။

'အဒေါ်လည်း မပြန်ပါနဲ့၊ ဒီညအဖို့ စောင့်ပေးပါ အဒေါ့်အတွက် နေ့တွက်ပေးပါ့မယ်'

'ရပါတယ် အဒေါ်စောင့်ပေးပါ့မယ်'

'ဒါနဲ့ အဒေါ့်နာမည် ဘယ်လိုခေါ်လဲ'





'ဒေါ်ဇာယု'

'အဒေါ့်နာမည်ကလည်း ခပ်ဆန်းဆန်းပဲနော်'

ကျွန်မတို့အဖွဲ့ ဒေါ်ဇာယုနဲ့ရောက်တတ်ရာရာ အကြောင်းတွေကို ပြောရင်း နောက်ဆုံးတော့ တစ္ဆေ သရဲတွေ အကြောင်းပြောဖြစ်သွားတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

## ပင်လယ် လမိုင်းရှင်မ

အဒေါ်တို့ရွာက ပြင်စလယ်ဆိုတဲ့ ရွာကလေးပေါ့။ ပင်လယ်ကမ်းစပ်က ရွာစဉ်တန်းထဲမှာ တစ်ခုအပါအဝင်ပါပဲ။ လေးအိမ်တန်းရွာနဲ့ဆိုရင် တစ်မိုင်ကျော်ကျော်လောက်ပဲ ဝေးတာ။ လေးအိမ်တန်းဆိုတာက နာမည်ကြီးတဲ့ရွာလေးတစ်ရွာပေါ့။





ဟိုးအရင် နှစ်ပေါင်းများစွာက တံငါအိမ်ကလေးလေးအိမ်နဲ့ အစပြုနေထိုင်ခဲ့လို့ လေးအိမ်တန်းလို့ခေါ်တာ။ အိမ်လို့သာပြောရတယ်။ အမှန်အကန်ပြောရရင်တော့ တဲတွေပဲပေါ့။ တဲကလေးလေးတဲကအစပြုခဲ့ကြတယ်။ နောက်တော့ လူဦးရေတိုးပြီး အိမ်တွေအများကြီးဖြစ်လာပြီးတော့ လေးအိမ်တန်းရွာကြီးဖြစ်လာခဲ့တယ်။

အဲဒီရွာကလည်း တံငါလို့ခေါ်တဲ့ ရေလုပ်ငန်းနဲ့လုပ်ကိုင်စားသောက်ခဲ့ကြတယ်။ အဲဒီတုန်းက ငါးတွေအရမ်းပေါတော့ ရေလုပ်ငန်းလုပ်တဲ့သူတွေဟာ လှေဦးစိုစို ငွေစိုစိုဆိုသလို ငွေစတွေရှင်ခဲ့ကြတယ်။

အဲဒီမှာ လှေပိုင်ရှင်ဆိုရင် ငွေကိုသဲ့ယူသလိုရတာ။ လှေပိုင်ရှင် ဦးဖိုးချက်မှာ ခင်လှဆိုတဲ့သမီးတစ်ယောက်ရှိတယ်။ ခင်လှက အရမ်းချောအရမ်းလှတော့ ရွာရဲ့ကွမ်းတောင်ပန်းတောင်ကိုင်ပေါ့။ သူမကို လေးအိမ်တန်းရွာက ကာလသားတွေသာမက ရွာနီးချုပ်စပ်က ကာလသားတွေကပါ ချစ်ခွင့်ပန်ခဲ့ကြတယ်။

ဒီလိုနဲ့ ပြင်စလယ်ရွာက ကာလသား ဖိုးမောင်နဲ့ လူ



www.burmeseclassic.com

www.burmeseclassic.com



ငယ်တို့ဘာဝ ချစ်ကြိုက်ခဲ့ကြတယ်။ ဖိုးမောင်ကတော့ ရိုးရိုးလက်ခစားအလုပ်သမားဆိုတော့ ငွေကြေးမချမ်းသာဘူးပေါ့။ ဒါပေမဲ့ ဖိုးမောင်က ရုပ်ကလေးက ချောမောပြီး အလုပ်ကြမ်းလုပ်တော့ ကိုယ်ကာယကပြေပြစ်တယ်။

ခင်လှကလည်း ဖိုးမောင်မှဖိုးမောင်…

ဖိုမောင်းကလည်း ခင်လှမှခင်လှ။ သူတို့နှစ်ဦးက အရမ်းချစ်ခဲ့ကြတယ်။

သူတို့နှစ်ဦးဟာ တစ်ယောက်မျက်နှာကို တစ်နေ့မမြင်ရရင်တောင် မနေနိုင်ဘူး။ ဒါပေမဲ့ နေ့ဘက်မှာတွေ့ဖို့ မလွယ်တော့ ညဘက်မှာပဲ ချိန်းတွေ့ခဲ့ရတယ်။ အဲဒီလိုချိန်းတွေ့ရင်းနဲ့ ဓာတ်လမ်းစခဲ့ကြတယ်ဆိုပါတော့။

ပင်လယ်ရေက လှိုင်းကြက်ခွပ်ကလေးနဲ့ ကမ်းစပ်ကရိုက်ခတ်နေတယ်။ ဒုတိယညဉ့်ယံဖြစ်တဲ့ သက်ကြီးခေါင်းချချိန်မှာ ဖိုးမောင်ဟာ လှေတစ်စင်းနဲ့ ကမ်းရိုးတန်းအတိုင်း လှေခတ်လာခဲ့တယ်။

ရွာချင်းက သိပ်မဝေးတာမို့ မကြာခင်မှာ လေးအိမ်တန်းရွာကလေးကို ရောက်ခဲ့တယ်။ အဲဒီရွာစည်းရိုးအတိုင်း





ရွာနောက်ပိုင်းမှာရှိတဲ့ ခင်လှတို့အိမ်ဘက်ကို တဖြည်းဖြည်းလှော်ခတ်သွားခဲ့တယ်။

ခင်လှတို့ခြံနဲ့တစ်ခြံကျော်လောက်က လှေဆိပ်မှာလှေကို ချည်ပြီး အရိပ်အခြည်ကိုအကဲခတ်လိုက်တယ်။ ခင်လှတို့ခြံကို လှမ်းကြည့်တော့ အမှောင်ရိပ်နဲ့အတူ အုံ့ဆိုင်းနေတဲ့သစ်ပင်တွေကြောင့် တစ်ခြံလုံးမည်းမှောင်နေတယ်။

ဒီအချိန်မှာ ရွာထဲက ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ခွေးအူသံတွေပေါ်ထွက်လာတယ်။

'အူး… အူး… အူး'

ချစ်သူကိုတွေ့ဖို့ လာရပေမယ့် ခွေးအူသံကြောင့် သူ့ရဲ့ရင်တွေ တဒိန်းဒိန်းခုန်နေတယ်။ အမှောင်ထဲမှာ သူတစ်ယောက်တည်း စမ်းတဝါးဝါးသွားရင်း ခင်လှတို့ခြံရဲ့ နောက်ဖေးပေါက်ကို ရောက်လာတယ်။

ခြံစည်းရိုးကို အသာဖြဲပြီး ခြံတွင်းကိုဝင်လိုက်တယ်။ ပြီးတော့ သစ်ပင်ကြီးနားကိုသွားပြီး အသာကလေးရပ်စောင့်နေခဲ့တယ်။

ခဏကြာတော့ ခပ်မည်းမည်းသဏ္ဌာန်တစ်ခု လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



နေတာ လှမ်းတွေ့လိုက်ရတယ်။ အဲဒီမှာ သဏ္ဍာန်ရှင်က တရွေ့ရွေ့လာရင်း…

'ချွမ်'

'အမေ့'

သစ်ကိုင်းချောက်ကိုနင်းမိပြီး 'အမေ့'ဆိုတဲ့ အာမေဋိတ်သံထွက်သွားတယ်။

ဒီအသံကြားလိုက်တာနဲ့ ခင်လှရဲ့ခြေသံဆိုတာ သိလိုက်တယ်။ ဒါကြောင့် 'အလှ'လို့ လှမ်းခေါ်လိုက်တယ်။

'အစ်ကို ရောက်နေတာ ကြာပြီလား'

ခင်လှရဲ့ဆွဲလဲသံလေးလို အေးမြတဲ့အသံကလေးကို ကြားလိုက်ရတယ်။

'သိပ်မကြာသေးပါဘူး အလှ'

'အစ်ကိုလာတာနဲ့ အတော်ပဲ၊ အစ်ကို့ကိုပြောစရာရှိတယ်'

'ဘာပြောမှာလဲ၊ ပြောလေ အလှ'

'အဖေတို့အမေတို့က ခင်လှကိုယောကျ်ားပေးစားတော့မယ်တဲ့'





'ဘယ်သူနဲ့လဲ အလှ'

'ဟိုဘက်ကျွန်းတုန်းရွာက သူကြီးသား ကိုရင်မောင်နဲ့တဲ့'

'အင်း… ကိုရင်မောင်က အဲဒီရွာက ငါးကောက်သမငြိမ်းလှနဲ့ ဘာလိုလိုလို့ ကြားတာပဲ'

'ဟုတ်ပါ့တော်၊ ဟုတ်ပါ့'

'ကိုရင်မောင်နဲ့ ငြိမ်းလှတို့ဇာတ်လမ်း လူတိုင်းသိတာပဲ၊ အခုမှ ခင်လှကိုလိုချင်လို့ အဖေတို့ဆီမှာ လာတောင်းတယ်၊ အဲဒါကြောင့်ခင်လှလည်း စိတ်ညစ်နေတာ'

'အလှတို့အဖေက ဘာပြန်ပြောလိုက်သလဲ'

'သူကြီးက ရွှေတစ်ဆင်စာနဲ့ ငါးဖမ်းလှေတစ်စင်းလက်ဖွဲ့မယ်လို့ ပြောကတည်းက အရမ်းကိုသဘောကျနေတာ'

'ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ'

'ဒီအတိုင်းနေလို့ကတော့ ကိုရင်မောင်မိန်းမဖြစ်တော့မှာပဲ၊ အလှကို အစ်ကို မြန်မြန်ခိုးမှဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အလှရယ်... အစ်ကိုက ဘာမှမပြည့်စုံသေးတော့ အလှကို ကောင်းကောင်းမွန်မွန်ထားနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ဒီနှစ်မွေလောက်မှာ အစ်ကို့အတွက် လုပ်အားခရမယ်၊ အဲဒီအချိန်လောက်ဖြစ်အောင် အချိန်ဆွဲထားပါလား အလှရယ်'

'အင်းလေ... အစ်ကိုပြောတဲ့အတိုင်း အလှ အချိန်ဆွဲကြည့်မယ်လေ'

ဒီလိုနှစ်ယောက်သား စကားပြောနေစဉ် ခင်လှတို့အိမ်နောက်ဖေးဘက်မှ လူရိပ်များတွေ့ရပြီး...

'ခင်လှ... ခင်လှ ဘယ်သွားနေတာလဲ'

'ဟော... အဲဒါအဖေ့အသံပဲ၊ ခင်လှပျောက်သွားတာ အဖေ သိသွားပြီ၊ ဒုက္ခပါပဲ'

'ဒါဆို အစ်ကိုတို့ ဘယ်လိုလုပ်ကြမလဲ'

'အစ်ကို ဒီအတိုင်းထားခဲ့ရင်တော့ ကိုရင်မောင်နဲ့ ချက်ချင်းပေးစားတော့မှာပဲ၊ ဒီတော့ အစ်ကို အလှကို နိုးပါ၊ ဒါမှအစ်ကိုနဲ့အလှတို့ ပေါင်းရမှာ'

'ဖြစ်ပါ့မလား အလှရယ်'





'ဘာပဲဖြစ်ဖြစ် ကျွန်မမှာ ရွေးစရာလမ်းမရှိတော့ဘူး'

ထိုစဉ် အသံများက တဖြည်းထက်တဖြည်း နီးလာခဲ့သည်။ မီးခွက်များကိုင်ဆောင်ထားသူများထံမှ...

'သမီး... ခင်လှရေ ဘယ်သွားနေတာလဲ'

'သမီး အဖေတို့အသံကြားရင် ပြန်ထူးပါ သမီးရယ်'

ခြံထဲတွင် မီးခွက်ထွန်းကာ လိုက်ရှာနေသဖြင့် သူတို့နှင့်နီးကပ်လာချေပြီ။

'အစ်ကို အလှတို့ပြေးမှဖြစ်မယ်၊ တွေဝေမနေပါနဲ့တော့'

ဖိုးမောင်မှာ ခင်လှအပြောကြောင့် တွေဝေမနေတော့ဘဲ ဖြစ်ချင်တာဖြစ်ဆို သဘောထားကာ

'ဒါဆို အစ်ကိုတို့လှေဆိပ်ကိုပြေးကြစို့၊ အဲဒီမှာ အစ်ကို့ရဲ့လှေရှိတယ်'

'ကောင်းပြီ အစ်ကို'

သူတို့နှစ်ဦးဟာ ခြေသံလုံလုံနဲ့ ပြေးခဲ့တာ ခြံစည်းရိုးနားကို ရောက်လာခဲ့တယ်။ ဒီတော့ ခြံစည်းရိုးအပေါ်ကို ဖြပြီး အဲဒီကနေ လှေဆိပ်ကို သူတို့နှစ်ယောက် သဲသောင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက် ပြေးလွှားနေတာကို ခင်လှရဲ့မိဘတွေက တွေ့သွားတယ်။

'ဟော… ဟိုမှာ… ခင်လှ ပြေးပြီ'

'အမိုက်မနောက်လိုက်ပြီး ခင်လှကို ခေါ်လာခဲ့'

'ဟုတ်ကဲ့ပါ အဘ'

ခင်လှတို့က လှေဆိပ်ကို ရောက်သွားပြီး လှေကို ပြင်စလယ်ဘက်ကို ဦးတည်ပြီး လှော်ခတ်ခဲ့တယ်။ နောက်မှာက လှေတစ်စင်းထပ်ပြီးလိုက်လာတာ တွေ့လိုက်ရတယ်။

'အစ်ကို… အဖေတို့လှေနောက်မှာ လိုက်လာပြီ'

'အလှ ဘာမှစိတ်မညစ်နဲ့၊ အစ်ကို လွတ်အောင်လှော်ပါ့မယ်'

ဖိုးမောင်က ခင်လှကို အားပေးရင်း လှေကိုအားကြိုးခွန်စိုက် လှော်ခတ်ခဲ့တယ်။ နောက်က ခင်လှအဖေတို့လှေကလည်း ခင်လှတို့လှေကိုမီဖို့ ပိုမိုအားစိုက်ပြီး လှော်ခဲ့ကြတယ်။

အဲဒီအချိန်မှာ ဆိုးဝါးတဲ့ကံကြမ္မာလို့ပဲ ပြောရမှန်းမသိ။ ပင်လယ်ပြင်ဟာ အရင်ကလို မတည်ငြိမ်တဲ့ လှိုင်းလေတွေထန်လာတယ်။





'အစ်ကို… လှိုင်းတွေလာပြီ၊ ဒုက္ခတော့ ရောက်တော့မှာပဲ'

'မတတ်နိုင်ဘူး၊ ရင်ဆိုင်ရတော့မှာပဲ'

ဖိုးမောင်မှာ လှိုင်းကို တစ်ဖက်ကြောက်ရ၊ ခင်လှအဖေတို့ရဲ့လှေကိုကြောက်ရနဲ့ တအားကုန်လှော်ခတ်ခဲ့တာ နောက်လှိုင်းတစ်လုံးအပုတ်မှာတော့…

'အား'

ဆိုတဲ့ ခင်လှရဲ့အော်သံနဲ့အတူ ခင်လှဟာ လှိုင်းပုတ်ရာမျှောပါသွားခဲ့တယ်။

'အစ်ကိုရေ… အစ်ကို'

'အလှရေ… အလှ'

သူတို့နှစ်ယောက်ဟာ လှိုင်းလုံးများရဲ့ ရိုက်ခတ်မှုကြောင့် ပင်လယ်ထဲကို မျှောပါသွားခဲ့ရတယ်။

ဖိုးမောင်ရဲ့ မိဘတွေရော ခင်လှရဲ့ မိဘတွေပါ အားလုံး ဝမ်းနည်းကြေကွဲခဲ့ရတယ်။ ဓိဝိန်ချွေတဲ့ လှိုင်းတွေကြားထဲမှာ ချစ်သူနှစ်ယောက် အသက်ပျောက်ခဲ့ရတယ်။

အစိမ်းသေမို့လားမသိဘူး။ သူတို့ကိုယ်သူ့သေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတောင် သိကြရဲ့လား မဆိုနိုင်ဘူး။

သူတို့သေဆုံးပြီး တစ်လလောက်အကြာမှာ ကမ်းရိုးတန်းတစ်လျှောက် လသာတဲ့ညဘက်တွေမှာ ခင်လှနဲ့ ဖိုးမောင်တို့ရဲ့ လှေလှော်နေတာကို တွေ့ရသတဲ့။

သူတို့ဝိညာဉ်ဘဝနဲ့ ပေါင်းဖက်ကြတယ်လို့ ရွာသားတွေက ယူဆခဲ့ကြတယ်။ ခင်လှဘက်က မိဘတွေကသူ့သမီးကို သရဲတစ္ဆေဖြစ်နေတယ်လို့ပြောတာ မခံနိုင်လို့ ကန်တော့ပွဲပေးကြ၊ ဆွမ်းသွပ်ကြနဲ့ ဖိုးမောင်ဘက်ကတော့ ငွေမရှိတဲ့ မျက်နှာမွဲမို့ ဘာမှမလုပ်ခဲ့ဘူး။

ခင်လှဘက်က ဆွေမျိုးကများတော့ ဆွေမျိုးတွေကလည်း ကန်တော့ပွဲတွေ ပေးခဲ့တယ်။ အဲဒီကန်တော့ပွဲပေးတဲ့သူတွေကလည်း သူတို့ကန်တော့ပွဲပေးပြီးရင် ငါးတွေများများရတယ်လို့ ပတ်ဝန်းကျင်ကို ပြောခဲ့တယ်။

ဒီတော့ ငါးများများလိုချင်တဲ့လူတွေက ခင်လှကို တင်ကြမြှောက်ကြပြန်တယ်။ ဒီတော့ နှစ်ပေါင်းများစွာကြာတဲ့အခါ ပင်လယ်လမိုင်းရှင်မအဖြစ်နဲ့ လူတွေက တင်ကြမြှောက်ကြတယ်။





'အဲဒီပင်လယ်လမိုင်းရှင်မအကြောင်းကို ဒေါ်ဇာယုက ပြောပြခဲ့တယ်၊ ပင်လယ်လမိုင်းရှင်မက သူ့ကို ပူဇော်ပသတဲ့လူတွေကို စီးပွားတက်အောင်လုပ်ပြီး သူမကြိုက်တဲ့သူတွေကို အဖုအပိန့်ဖြစ်အောင် လုပ်တယ်လို့ လူတွေကပြောလာကြတယ်'

'ဒါဆို ကျွန်မ အခုလိုအဖုအပိန့်ထွက်တာကြတော့ရော'

'ရွာသူ ရွာသားတွေရဲ့အစွဲအလမ်း ယုံကြည်မှုအရဆိုရင် ပင်လယ်လမိုင်းရှင်မ မကြိုက်လို့ပေါ့နော်။ ဒါပေမဲ့ အခု ဆရာဝန်ခေါ်ပြီး ဆေးထိုးတော့လည်း ပျောက်သွားပဲနော်'

ဒေါ်ဇာယုက ပင်လယ်ပြင်အကြောင်း ဝိညာဉ်တစ္ဆေတွေအကြောင်း တစ်ညလုံးပြောပြခဲ့တယ်။

ဒေါ်ဇာယုပြောတဲ့အထဲမှာ ကြောက်စရာကောင်းတဲ့ ပင်လယ်တစ္ဆေအကြောင်းတွေလည်း ပါတယ်။ ပိုက်ကုလားနဲ့ ဗြိတ္တာကြီးအကြောင်း၊ ခေါင်းပြတ်တစ္ဆေအကြောင်းလည်း ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



နေရီတို့အုပ်စုက ထူးထူးဆန်းဆန်းဆိုရင် နားထောင်ချင်တာနဲ့ ဒေါ်ဇာယုကြီးရဲ့ ဝိညာဉ်တစ္ဆေတွေအကြောင်းကို နားထောင်ရင်း ကြောက်နေကြတယ်။

ဒီညတော့ တစ်ညလုံးမအိပ်ဘဲ စောင့်နေကြတယ်။

မိုးလင်းခါနီးမှာတော့ ရွှေနဒီရဲ့မျက်နှာမှာ အဖုအပိန့် မရှိတော့ဘဲ နဂိုအတိုင်း ကောင်းမွန်သွားတယ်။ နံနက် (၇) နာရီလောက်မှာ ဆရာဝန်ရောက်လာတယ်။ ရွှေနဒီကို သေသေချာချာကြည့်ပြီး...

'နေကောင်းသွားပြီ' လို့ ပြောလိုက်တယ်။

ရွှေနဒီကလည်း

'ဟုတ်ပါတယ်၊ နဒီ့မျက်နှာမှာ အဖုအပိန့်တွေလည်း ပျောက်သွားပါပြီ၊ နေရတာလည်း ကောင်းပါတယ် ဆရာ'

'ကဲ... ဒါဆိုရင် ဆရာပြန်မယ်'

'ဟုတ်ကဲ့ ဆရာ'

'ကျေးဇူးပဲ ဆရာ'

ရွှေနဒီလည်း နေကောင်းသွားပြီမို့ မျက်နှာကလေး





လန်းလာတယ်။ ရွှေနဒီက သူအိပ်ချင်မူးတူးဖြစ်နေတုန်းမှာ ကြားရတဲ့စကားတွေနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့တယ်။

'ဒါနဲ့ ညက ဘာဖြစ်တာလဲ၊ ပင်လယ်လမိုင်းရှင်မလို့ ငါ ကြားလိုက်သလိုပဲ'

'သြော်... ဒေါ်ဇာယုကြီးက သူကြားဖူးတဲ့အကြောင်း ပြောပြတာ၊ တစ္ဆေသရဲတွေရော၊ ဝိညာဉ်တွေရော ပင်လယ်လမိုင်းရှင်မတွေရော စုံနေတာပဲ'

မိုးသူဇာက ပြန်ဖြေလိုက်တယ်။

'အေးဟယ်... သန္တာတို့လည်း အဲဒီအဒေါ်ကြီးပြောပြတာ နားထောင်ရင်း ကြောက်လိုက်တာ'

'နဒီလည်း ကြားတစ်ချက် မကြားတစ်ချက်ပဲ'

ဒီလိုပြောနေစဉ် တာဝန်ခံမိန်းကလေးရောက်လာပြီး ဧည့်သည်ရောက်နေတဲ့အကြောင်းပြောလိုက်တယ်။

'မနေရီတို့အုပ်စုကို တွေ့ချင်လို့တဲ့၊ အပြင်မှာဧည့်သည်ရောက်နေပါတယ်'

'ကောင်းပါပြီ'

မနေရီတို့အားလုံး အပြင်ဘက်ကိုထွက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



ဆရာကိုဝဏ္ဏတို့ အုပ်စုကိုတွေ့လိုက်ရတယ်။

'ဩော်… ဆရာတို့ပါလား'

'ဟုတ်တယ်၊ မနေရီတို့အုပ်စုကို နံနက်စာစားဖို့ လာခေါ်တာ'

'ဟုတ်ကဲ့ ဆရာ'

နေရီတို့အုပ်စုဟာ ဆရာကိုဝဏ္ဏတို့နဲ့အတူ နံနက်စာစားခဲ့ကြတယ်။

အဲဒီနံနက်စာစားပွဲမှာ နေရီက ရွှေနဒီအကြောင်း ပြောပြလိုက်တယ်။

'ညတုန်းက ရွှေနဒီ Allergy တွေထပြီး မျက်နှာတစ်ခုလုံး အဖုအပိန့်တွေထွက်လာလို့ ဆရာဝန်တောင် ခေါ်ရတယ်'

'ဒါတောင် မနေရီက ကျွန်တော့်ဆီကို ဘာကြောင့် ဖုန်းမဆက်တာလဲ၊ ဟန်းဖုန်းနံပါတ်လည်း ပေးထားလျက်နဲ့'

'ညက တော်တော်မိုးချုပ်နေလို့၊ ဆရာ့ကိုအားနာလို့ပါ'





'အားနာစရာမလိုပါဘူး မနေရီ၊ ဒါနဲ့ ဆရာဝန်ကို ဘယ်သူခေါ်ပေးလဲ'

'နေရီတို့ဆီက အခန်းစောင့်အဒေါ်ကြီး ခေါ်ခဲ့ပေးတာပါ'

'နောက်ဆို ဘာဖြစ်ဖြစ် ကျွန်တော့်ဆီကို အကြောင်းကြားပါ'

'ဟုတ်ကဲ့ပါ ဆရာ'

'တစ်အောင့်နေရင် ရေကူးကြမယ်'

'ဟုတ်ကဲ့ ဆရာ'

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

## အမှောင်ထဲက အရိပ်မည်း

အချိန်ကား နံနက်(၁၀)နာရီ။

နေရီက အားလုံးကို လှမ်းပြောလိုက်တယ်။

'ရေသွားကူးရအောင်ဟေ့'

'ဒီနေ့ မိုး··· ရေမကူးချင်ဘူး'

မိုးသူဇာက ပြန်ပြောလိုက်တယ်။

'ဟုတ်တယ်၊ နွေလည်း ရေမကူးချင်ဘူး'





နွေဟေကိုက မနေ့က ရေထဲမှာ ခြေထောက်ကိုလှမ်းဆွဲခံရလို့ ကြောက်နေပုံရတယ်။ ဒီတော့ အခုမှနေကောင်းကာစ ရွှေနဒီကလည်း···

'နဒီက ဒီနေ့မှ နေကောင်းကာစဆိုတော့ ကမ်းစပ်ကပဲ ထိုင်ကြည့်နေမယ်'

နေရီကို ဒီလိုပြန်ပြောလိုက်တယ်။

'အေးဟေ့··· ရေကူးဖို့လာတာ အခုတော့ ရေမကူးဘဲ ထိုင်ကြည့်ကြပြီးမှ နင်တို့နဲ့စာရင်းရှင်းမယ်'

နေရီက ခပ်မာမာပြောပြီး စိတ်ဆိုးဆိုးနဲ့ ပထမဦးဆုံး ရေထဲဆင်းသွားတယ်။

မြတ်သန္တာက မြင့်မြတ်သီဂီတို့ စန်းမြင့်ကြည်တို့က နေရီနောက်ကလိုက်ပြီး ပင်လယ်ပြင်မှာ ဖျံကလေးတွေလို ဟိုဟိုဒီဒီ ကူးနေကြတယ်။

ခဏကြာတော့ စန်းမြင့်ကြည်က ရေထဲက ကမ်းစပ်ကို တက်လာပြီး မိုးသူဇာတို့အနီးမှာ ခြေပစ်လက်ပစ်ထိုင်ရင်း···

'ဒီနေ့ ရေကူးရတာ အဆင်မပြေဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုအဆင်မပြေတာလဲ'

မိုးသူဇာက လှမ်းမေးလိုက်တယ်။

'ရေကူးရင်းနဲ့ မျက်စေ့ထဲမှာ အမြင်တွေဝေဝါးလာတယ်၊ နောက်ပြီး ဒေါ်ဇာယုပြောတဲ့ ပင်လယ်လမိုင်းရှင်မဆိုတဲ့အသံတွေ ကြားနေရတယ်'

'စန်းမြင့်ကြည်... နင်ကတော့ ဖောက်လာပြီ၊ ရောဂါပြန်ထလာပြီနဲ့တူတယ်'

ရွှေနဒီက ကြောက်ကြောက်ရွံ့ရွံ့နဲ့ ပြောလိုက်တယ်။

'အေးဟယ်... နင်တို့ပြောလည်း ပြောချင်စရာပဲ၊ ငါ့စိတ်တွေက ဘယ်လိုဖြစ်မှန်းမသိဘူး၊ ရေကူးချင်တဲ့စိတ်ကိုမရှိတော့ဘူး'

'အရေးထဲ နင်ကလည်း တမှောင့်၊ ငါတို့ကိုတောင် ရေမကူးလို့ မနေရီက ပွစိ ပွစိလုပ်နေရတဲ့အထဲ၊ နင်ကပါ ရေမကူးချင်တော့ဘူးဆိုတော့ တော်ကြာမနေရီက ဒေါပွနေဦးမယ်'

'ဘာပဲဖြစ်ဖြစ် မတတ်နိုင်ဘူးဟာ၊ ငါ စိတ်တွေအရမ်းလေးနေတယ်'





သူတို့စကားပြောနေတုန်း ယောကျ်ားလေးတွေ ကူးတဲ့ဘက်က ဆူဆူညံညံအသံတွေ ကြားလိုက်တယ်။

'ဟဲ့... ဟိုဘက်က ဘာဖြစ်တာလဲ မသိဘူး'

'အေး... သွားကြည့်ရအောင်'

ကမ်းစပ်မှာရှိနေတဲ့ နွေဟေကိုရယ်၊ မိုးသူဇာရယ်၊ ရွှေနဒီရယ် အရှေ့ဘက်ကို အပြေးသွားခဲ့ကြတယ်။ စန်းမြင့်ကြည်က ရေကူးဝတ်စုံကြီးနဲ့ဖြစ်နေလို့ အဲဒီနားမှာပဲ နေခဲ့တယ်။

လူတစ်ယောက်ကို ထမ်းလာတာ တွေ့လိုက်ရတယ်။

ထမ်းတဲ့လူကို သေသေချာချာကြည့်လိုက်တော့...

'ဟယ်.. ဆရာကိုဝဏ္ဏပါလား'

မိုးသူဇာက အော်ပြောလိုက်တယ်။

'ဒါဆို ထမ်းလာတဲ့သူကို ကြည့်ကြစမ်းပါဦး'

'လွှမ်းဝေနိုင်လို့ထင်တယ်'

ဒါနဲ့ အဲဒီနေရာကို အပြေးသွားကြည့်လိုက်တော့ တကယ်ပဲ လွှမ်းဝေနိုင်...

'လွှမ်းဝေနိုင်ပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြစ်တာလဲ'

'သူ ကြွက်တက်ပြီး သတိလစ်နေလို့'

တစ်ယောက်တစ်ပေါက်နဲ့ ပြောကြဆိုကြဖြစ်နေတယ်။ လွမ်းဝေနိုင်ကို နှိပ်နယ်ပေးကြတယ်။ ခေါင်းကိုမှုတ်တဲ့သူက မှုတ်။

ခြေမချိုးတဲ့သူကချိုး။

ခြေသလုံးကိုနှိပ်တဲ့သူနှိပ်နဲ့ အားလုံး အလုပ်ရှုပ်ကုန်တယ်။

'လွမ်းဝေနိုင်'

'လွမ်းဝေနိုင်'

လို့ ကျော်ညွန့်ခိုင်နဲ့ ကျော်လွမ်းမိုးက လှုပ်ပြီးခေါ်နေတယ်။

အတန်ကြာတော့မှာ…

'ဟင်း'

ဆိုတဲ့အသံထွက်ပြီး လွမ်းဝေနိုင်ရဲ့ ခန္ဓာကိုယ်ဟာ လှုပ်လှုပ်လာတယ်။

'ဟော… သတိရပြီ၊ သတိရပြီ'





တဖြည်းဖြည်း လွမ်းဝေနိုင်ရဲ့မျက်လုံးလေး ဖွင့်လာတယ်။

'ကျွန်တော် ဘယ်ရောက်နေတာလဲ'

လွမ်းဝေနိုင်က ကမန်းကတန်း မေးလိုက်တယ်။

ဒီတော့ ဆရာကိုဝဏ္ဏက…

'မင်း မသေတော့ဘူး'

ဆိုပြီး သူ့ကို တအားဖက်လိုက်တယ်။

ဆရာကိုဝဏ္ဏ ရဲ့မျက်နှာမှာ မျက်ရည်တွေတောင် စီးကျလာတယ်။

'လွမ်းဝေနိုင်ရယ် ဆရာတော့ မင်းကို ပစ်လိုက်ရပြီလို့တောင် ထင်တာ၊ တော်ပါသေးရဲ့'

'ကျွန်တော့်ကိုယ်ကျွန်တော်တောင် ဘယ်လိုဖြစ်မှန်း မသိပါဘူး ဆရာရယ်'

'မင်းပြောတုန်းက အင်းယားကန်တောင် အလျားလိုက်ကူးခဲ့တာဆို၊ ရေကူးချန်ပီယံဆို၊ မင်းပြောတော့ ငါလည်း ယုံကြည်တာပေါ့'

'ကျွန်တော်ပြောတာလည်း အမှန်ပါ၊ ကျွန်တော်ရေ



www.burmeseclassic.com

www.burmeseclassic.com



ကူးရင်းနဲ့ ကြွက်တက်ပြီး ဆက်မကူးနိုင်ဘဲ ရေထဲ မြုပ်သွားတာ'

'ကျွန်တော်က လွမ်းဝေနိုင် ရေငုပ်နေတယ် မှတ်တာ'

ကျော်လွမ်းမိုးက သူ့ရဲ့ထင်မြင်ချက်ကို ပြောလိုက်တယ်။

'ဟုတ်တယ်၊ ကျွန်တော်ကတော့ သူရေကူးကျွမ်းတယ်လို့ သိထားလို့ စိတ်မပူမိဘူး'

ကျော်ညွန့်နိုင်က သူ့စိတ်ထဲ ရှိရာကို ပြောလိုက်တယ်။

'ကျွန်တော် ရေထဲမှာ သတိလစ်ပြီး ရန်ကုန်အိမ်ကို ပြန်ရောက်သွားတယ်၊ အမေက ထမင်းချက်နေတယ်၊ အဖေက စာဖတ်နေတယ်၊ ကျွန်တော့်လက်နဲ့တိုက်မိပြီး စာအုပ်တစ်အုပ်တောင် စားပွဲပေါ်က ပြုတ်ကျသွားတယ်'

'နောက်တော့ ဘယ်လိုဖြစ်သွားလဲ'

'ကျွန်တော့်နားထဲမှာ လွမ်းဝေနိုင်လို့ခေါ်တဲ့အသံတွေကို ဆူညံအောင် ကြားလိုက်ရတယ်၊ ဒီတော့မှ အိမ်





ထဲကပြန်အထွက် ကျွန်တော် ဒီကိုပြန်ရောက်လာခဲ့တာပဲ'

'တော်ပါသေးရဲ့ လွမ်းဝေနိုင်ရယ်'

ကျော်ညွန့်နိုင်က ရင်ဘတ်ဖိရင်း ပြောလိုက်တယ်။

နွေဟေကို အုပ်စုကလည်း လွမ်းဝေနိုင်ကိုကြည့်ပြီး...

'လွမ်းဝေနိုင်ရယ်... တစ်ခုခုသာဖြစ်ရင် ဆရာရော ငါတို့ပါ ခေါင်းဖော်နိုင်မှာမဟုတ်ဘူး'

ဒီအချိန်မှာ မနေရီတို့အဖွဲ့ကလည်းရောက်လာခဲ့တယ်။

'ဆရာ လွမ်းဝေနိုင်ကို အနားပေးလိုက်မှ ကောင်းမယ်'

'သူ့ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့'

'ဟုတ်တယ်၊ ဟုတ်တယ်'

ဆရာကိုဝဏ္ဏတို့အုပ်စုက လွမ်းဝေနိုင်ကို တည်းခိုဆောင်ဆီကို ခေါ်သွားခဲ့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ညဘက်ရောက်လာချိန်မှာ နေရီအခန်းမှာစုပြီး စကားပြောခဲ့ကြတယ်။

ထိုစဉ် နေရီက လက်ဖက်သုတ်နဲ့ဧည့်ခံရင်း…

‘ဒီတစ်ခါလာရတာ ပျော်ဖို့သိပ်မကောင်းဘူး’

လို့ ပြောလိုက်တယ်။

‘အေးလေ၊ တစ်ယောက်တစ်မျိုးနဲ့ ဘာတွေမှန်းမသိဘူး’

မိုးသူဇာက ပြန်ပြောလိုက်တယ်။ ဒီတော့ မြင့်မြတ်သီဂီကလည်း…

‘စန်းမြင့်ကြည်လည်း ဘာဖြစ်မှန်းမသိဘူး၊ ရေထဲရောက်တာနဲ့ အသံတွေကြားပြီး ရေခက်ကူးလို့မရတော့ဘူး’

‘ဒီကြားထဲ ဒေါ်ဇာယုကြီးကတစ်မျောင့်၊ တစ္ဆေသရဲတွေရော ပင်လယ်လမိုင်းရှင်မတွေရော ဘာတွေမှန်းမသိဘူး သူပြောတော့ ကြောက်ပြီး အိပ်မရတော့ဘူး’

‘နင်တို့ကမှ တော်သေးတယ်၊ သန္တာက အဲဒီလို





အကြောင်းတွေကြားပြီးရင် အိပ်မက်ဆိုးတွေမက်တော့တာပဲ’

နေရီတို့အုပ်စု လက်ဖက်သုပ်စားရင်း စကားတပြောပြောနဲ့ အချိန်က ည ၁၀ နာရီထိုးခါနီးနေပြီ။

‘ကဲ… စကားပြောလို့တော့ ကောင်းတယ်၊ ကိုယ့်အခန်းကိုယ် ပြန်မှပဲ’

မြတ်သန္တာက ပြောပြောဆိုဆိုနဲ့ မတ်တပ်ရပ်စဉ်…

‘ဘုန်း’

‘ဘုန်း’

‘ဘုန်း’

တည်းခိုဆောင်နံရံကို လက်နဲ့ပုတ်တဲ့အသံမျိုး ပေါ်ထွက်လာတယ်။

‘ဟဲ့… ဘာသံကြီးလဲ’

ရွှေနှဒီက ကြောက်ကြောက်လန့်လန့်နဲ့မေးလိုက်တယ်။

‘တို့လည်း ဘယ်သိမလဲ’

မြင့်မြတ်သီဂီက ပြန်ပြောလိုက်တယ်။ ဒီတော့ နေရီက



www.burmeseclassic.com

www.burmeseclassic.com



'သ… သရဲ… ခြောက်တာလား မသိဘူး'

'အောင်မလေး ဒုက္ခပါပဲ'

အားလုံးထိုင်ရာမထ ရှိမြဲအတိုင်း ကျုံ့ကျုံ့လေးထိုင်ပြီး အသံတွေကို နားထောင်လိုက်တယ်။

ခဏအကြာမှာ…

'လျှပ်'

'လျှပ်'

'လျှပ်'

ဆိုတဲ့ခြေသံတွေကို ကြားရပြန်ရော။

'ဟော… ခြေသံတွေကြားတယ်'

'တိတ်…တိတ်နေကြ'

'ရှူး… တိုးတိုး အသံမထွက်နဲ့'

အဲဒီအချိန်မှာ အပုပ်နံ့က ထောင်းခနဲ အခန်းထဲဝင်လာတယ်။

အားလုံးနှာခေါင်းတွေပိတ်ပြီး…

'အပုပ်နံ့က နံလိုက်တာ လွန်ပါရောပဲ'

နွေဟောကိုက လေသံလေးနဲ့ ပြောလိုက်တယ်။





'အေးဟယ်… အပုပ်နံ့က တော်တော်ပြင်းတယ်'

'မီးမှိတ်ပြီး အပြင်ကို ချောင်းကြည့်ရအောင်'

နေရီက အားလုံးကိုပြောလိုက်တယ်။

'ဟင်… မကြည့်ဝံ့ပါဘူး၊ တော်ကြာဒေါ်ဇာယုပြောတဲ့ခေါင်းပြတ်တစ္ဆေဆိုရင် ဘယ်နှယ်လုပ်မလဲ'

'မကြည့်ဝံ့တဲ့သူက နေခဲ့၊ ကြည့်ဝံ့တဲ့သူလိုက်ခဲ့'

နွေဟောကို မြတ်သန္တာ မြင့်မြတ်သီဂီတို့က နေရီနောက်လိုက်ပြီး ကြည့်ကြမယ့်အုပ်စု။

ရွှေနဒီ၊ စန်းမြင့်ကြည်နဲ့ မိုးသူဇာက မကြည့်ရဲတဲ့အုပ်စုအဖြစ် နှစ်စုကွဲသွားတယ်။

'နင်တို့ မကြည့်ရဲတဲ့အုပ်စုက နေရီ့အခန်းမှာနေခဲ့၊ ငါတို့ကတော့ မြင့်မြတ်သီဂီရဲ့အခန်းဘက်ကနေ သွားကြည့်မယ်'

'ဒါဆို မနေရီ ကြည့်ပြီးတာနဲ့ မြန်မြန်ပြန်လာနော်'

'သရဲသွားကြည့်ပါတယ်ဆိုနေမှ၊ ရုပ်ရှင်မင်းသား မင်းသမီးမှမဟုတ်တာ ဘာဖြစ်လို့ အကြာကြီး ကြည့်ရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ နဒီတို့က ကြောက်တတ်လို့ပါ'

'အေးပါဟယ်'

နေရီတို့အုပ်စုဟာ မြင့်မြတ်သီဂီရဲ့အခန်းဘက်ကို လာခဲ့တယ်။

မြင့်မြတ်ရဲ့အခန်းက အစွန်ဆုံးအခန်းဖြစ်လို့ တည်းခိုဆောင်ရဲ့ အနောက်ဘက်အခြမ်းမှာရှိတဲ့ ပတ်ဝန်းကျင်ကို မှန်ပြတင်းကကြည့်ရင် ကောင်းကောင်းမြင်ရတယ်။

နေရီတို့အဖွဲ့ ခြေသံလုံလုံနဲ့ အခန်းထဲကို သွားခဲ့တယ်။ မီးမှိတ်ပြီးတော့ နောက်ဖေးဘက်ကို လှမ်းကြည့်လိုက်တယ်။ ပထမတော့ မျက်လုံးက ကောင်းကောင်းအကျင့်မရသေးလို့ ပတ်ဝန်းကျင်တစ်ခုလုံး ခပ်မှောင်မှောင်ပဲ။

ကြည့်နေစဉ်မှာ…

'အူး… အူး… အူး'

ဆိုတဲ့ ဆွဲဆွဲငင်ငင် အူလိုက်တဲ့ခွေးအူသံကို ကြားလိုက်ရတယ်။

ဒီလိုညအခါမှာ ဆွဲဆွဲငင်ငင်ခွေးအူသံကြောင့် ကြောက်စိတ်ဝင်ပြီး ရင်တဖိုဖိုဖြစ်ခဲ့ရတယ်။





'မနေရီရယ်… ခွေးအူသံကြီးက ကြောက်စရာကြီး'

'ဟုတ်ပါ့ မနေရီရယ်၊ နွေတောင် ကြက်သီးတွေထလာပြီ'

ဒီအချိန်မှာ သစ်ပင်တွေကလည်း လေတိုက်လို့ ယိမ်းနွဲ့နေတာများ တစ္ဆေသရဲတွေကခုန်နေသလိုပဲ။ လေတိုက်သံကလည်း တဝီးဝီးနဲ့…။

'မနေရီရယ်… ကြောက်တောင်ကြောက်လာပြီ၊ မြင့်မြတ်တော့ မကြည့်ရဲတော့ဘူး၊ ပြန်တော့မယ်'

'ပြန်ရင် တစ်ယောက်တည်းပြန်ရမှာနော်၊ အပြန်လမ်းမှာ သရဲမနဲ့တွေ့ပြီး ဖြဲခနဲခြောက်လိုက်ရင်'

'အောင်မလေး မနေရီရဲ့ မပြန်တော့ပါဘူး'

နေရီတို့အုပ်စုကတော့ တောင်တောင်အီအီကြည့်နေတယ်။

လဆန်းရက်မို့ လမင်းရဲ့အလင်းက မလင်းတချို့ လင်းတချို့။

ခပ်မှိန်မှိန်အလင်းရောင်လေးပေါ့။

အဲဒီအချိန်မှာ တည်းခိုခန်းရဲ့ အနောက်ဘက်အမှောင်



www.burmeseclassic.com

www.burmeseclassic.com



ထဲက အရိပ်တစ်ခုက တရွေ့ရွေ့ထွက်လာတယ်။

'ဟော... အရိပ်တစ်ခုပါလား'

နေရီက ခပ်တိုးတိုးလေး ပြောလိုက်တယ်။

အမှောင်ရိပ် ခပ်လှမ်းလှမ်းဆိုတော့ သဏ္ဌာန်က ပိုးတဝါး။ လေအဝှေ့မှာ ဖားလျားချထားတဲ့ဆံပင်တွေ ပျံ့လွင့်နေသလိုပဲ။

'ဟဲ့... ဆံပင်ဖားလျားနဲ့ပါလား'

'အဲဒါ ဆံပင်ဖားလျားနဲ့ တစ္ဆေမဖြစ်မယ်'

'အဲဒီတစ္ဆေမ ဘယ်သွားနေတာလဲ ကြည့်စမ်းပါဦး'

'ဟုတ်တယ်၊ ဟုတ်တယ်၊ တရွေ့ရွေ့နဲ့ သွားနေလိုက်တာ'

ထိုစဉ် လေတစ်ချက်တိုက်ခတ်သွားပုံရတယ်။

ဆံပင် တွေရော အဝတ်အစားတွေကပါ တလွင့်လွင့်နဲ့။

ဆံပင်ဖားလျားနဲ့ တစ္ဆေမကတော့ လေတိုက်လို့ထင်ပါရဲ့။

ဒယီးဒယိုင်နဲ့။





'ဟော... ဟော... အုန်းပင်စုတန်းဆီကို သွားနေတာပါလား'

'နွေရေ နင်မြင်ရဲ့လား'

'နွေတော့ သိပ်ပြီးမကြည့်ရဲဘူး'

'ကြည့်ပါဟယ်၊ ဘာပဲဖြစ်ဖြစ် မြင်ဖူးတယ်ရှိတာပေါ့'

'မြင့်မြတ်လည်း ကြည့်ရင်းကြည့်ရင်း ကြောက်လာပြီ'

'ဟော... အုန်းပင်စုတန်းထဲက သရဲထီးတစ်ကောင်ထွက်လာပြီ'

'တော်ပြီ၊ တော်ပြီ မကြည့်ရဲတော့ဘူး'

မြင့်မြတ်က ဆက်မကြည့်တော့ဘဲ မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ထားလိုက်တယ်။

အဲဒီအချိန်မှာ အရိပ်နှစ်ခုစလုံး အုန်းပင်တန်းဆီသို့ တရွေ့ရွေ့တိုးဝင်သွားတယ်။

အတန်ကြာအောင် အုန်းပင်တန်းဘက်ကို စိုက်ကြည့်နေခဲ့တယ်။

နောက်ထပ် ဘာမှအရိပ်အယောင်မှ မတွေ့ရတော့မှ



www.burmeseclassic.com

www.burmeseclassic.com



နေရီတို့အုပ်စုဟာ အခန်းဆီကို ပြန်လာခဲ့တယ်။

'ဟဲ့… ငါတို့တွေ့ခဲ့တယ်ဟေ့'

နေရီက ရွှေနဒီတို့အုပ်စုကို အမောတကော ပြောလိုက်တယ်။

'ဘာတွေတွေ့ခဲ့တာတုန်း'

'သရဲတွေပေါ့'

'အောင်မလေး… ကြောက်စရာကြီး၊ မကြည့်ရဲပါဘူး'

နဂိုကမှ ကြောက်တတ်တဲ့ မိုးသူဇာက ပြန်ပြောလိုက်တယ်။

ဒါနဲ့ စန်းမြင့်ကြည်က ကြောက်ပေမယ့် ခပ်စပ်စုစု။

'မနေရီ သရဲတွေတွေ့တယ်ဆိုတော့ ဘယ်လိုတွေ့တာလဲ'

'သရဲမက အမှောင်ထဲကထွက်လာပြီး အခန်းပင်တန်းဘက်ဆက်သွားတာများဟယ် ရုပ်ရှင်ထဲကအတိုင်းပဲ'

'ဘယ်လို၊ ဘယ်လို'

'ဆံပင်ဖားလျားကလည်း လေထဲမှာ တလွင့်လွင့်





အဝတ်အစားတွေကလည်း လေထဲမှာလွင့်ပြီး ယိုင်တိုင်ယိုင်တိုင်နဲ့ အခန်းပင်တန်းထဲ ဝင်သွားတာဟာ ဒီကြားထဲမှာ အခန်းပင်စုတန်းထဲက သရဲတစ်ကောင်ထွက်လာတယ်၊ ပြီးတော့ သူတို့နှစ်ကောင်စလုံး အခန်းပင်စုတန်းထဲ ဝင်သွားရောဟာ'

'အောင်မလေး မနေရီရယ်၊ သရဲတွေကို အစအဆုံးကြည့်တာပဲလား'

'ဟဲ့… ဒါက စိတ်ဝင်စားဖို့ကောင်းတယ်၊ ဒါပေမဲ့ ကြည့်ရင်း ကြည့်ရင်း ရင်တွေတဒိတ်ဒိတ်ခုန်တာများဟယ်၊ ပြုတ်ကျတော့မလားပဲ'

'မနေရီက သတ္တိကောင်းလိုက်တာဟယ်'

'မနေရီက သတ္တိကောင်းတာ မဟုတ်ပါဘူး၊ ကြည့်ရင်းကြည့်ရင်းနဲ့ စိတ်တွေချောက်ချားလာတယ်'

'ဒါနဲ့ သရဲမမျက်နှာက ဘယ်လိုလဲ၊ ကြောက်စရာကြီးလား'

'ကြောက်စရာကောင်းမကောင်းတော့ မသိဘူး၊ နေရီက နောက်ကျောဘက်ကသာ မြင်ရတာ'



www.burmeseclassic.com

www.burmeseclassic.com



'မနေရီ... နွေဟောကိုတို့တော့ ကိုယ်အခန်းတောင် ကိုယ်မပြန်ရဲတော့ဘူး'

'မပြန်ရဲလည်း မပြန်နဲ့၊ ဒီမှာပဲ အိပ်လိုက်ပေါ့'

'ဒီလိုလည်း ဘယ်ဖြစ်မလဲ မနေရီ'

'ကဲ... ဒါဆို မနေရီ လိုက်ပို့မယ်'

'နေပါစေတော့ မနေရီကို ဒုက္ခပေးသလို ဖြစ်နေပါပြီ'

ပြောပြောဆိုဆို သူတို့အတွဲတွေ အခန်းထဲက ထွက်ခွာသွားတယ်။

နေရီကလည်း သူတို့အပြန်မှာ တံခါးကို ဂျက်ချပြီး စောင်ကိုခေါင်းမြီးခြုံပြီး အိပ်လိုက်တယ်။

သူတို့ကသာ နေရီကို သတ္တိကောင်းတယ်ထင်တာ။ တကယ်တော့ နေရီကလည်း သိပ်ပြီးသတ္တိကောင်းလှတာ မဟုတ်ဘူး။

စိတ်ထဲမှာတော့ သိချင်တွေ့ချင်တာကြောင့် ခပ်ကြောက်ကြောက်နဲ့ ကြည့်နေမိတာ။

စောင်ကို ခေါင်းမြီးခြုံထားရပေမယ့် နေရီစိတ်ထဲမှာ





တမဟုတ်ချင်း နံ့လာတဲ့ အပုပ်နံ့တွေက ဘယ်ကလာတာလဲ။

ဆံပင်ဖားလျားနဲ့သရဲမရဲ့ ပုံသဏ္ဍာန်ကလည်း မျက်စိထဲက မထွက်ဘူး။

နောက် အုန်းပင်တန်းထဲကထွက်လာတဲ့သရဲကြီး။

ဘာတွေလဲ။

ဘာမှန်းမသိပေမယ့် ကြောက်စိတ်တွေက ရင်ထဲမှာ အပြည့်နဲ့ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

## အုန်းပင်စုတန်းက တစ္ဆေမောင်နှံ

'ဟော… ဒေါ်ဇာယုကြီးလာပြီ၊ အတော်ပဲ'

ဒေါ်ဇာယုကြီးရောက်လာလို့ နေရီတို့အုပ်စု လှမ်းအော်လိုက်တယ်။

'သမီးတို့က အဒေါ်ကို မျှော်နေကြတယ်နဲ့တူတယ်'

'သိပ်ဟုတ်တာပေါ့ အဒေါ်ရယ်'





'လာပါ အဒေါ်၊ လက်ဖက်သုတ်ကလေးစားပါဦး'

နေရီတို့အုပ်စုက လှမ်းခေါ်လိုက်တယ်။

'သမီးတို့ကြည့်ရတာ တစ်ခုခုကိုသိချင်နေသလိုပဲ'

လက်ဖက်သုတ်စားရင်း ဒေါ်ဇာယုက နေရီတို့အုပ်စုကို လှမ်းမေးလိုက်တယ်။

'ဟုတ်တယ် အဒေါ်ရဲ့၊ ညတုန်းကလေ အပုပ်နံ့တွေလည်းလှိုင်နေတာပဲ၊ ပြီးတော့ ခြေသံတွေလည်း ကြားရတယ်၊ အဲဒါ ဘာတွေမှန်းမသိဘူး'

'အဲဒါအုန်းပင်စုက သရဲမောင်နှံပေါ့၊ သူတို့က အဲဒီနေရာမှာ အလွန်ခြောက်လို့ နာမည်ကြီးနေတာ၊ သမီးတို့ မသိကြဘူးလား'

'မသိပါဘူး အဒေါ်ရယ်'

'တစ္ဆေသရဲတွေကို ကံမြင့်နေတဲ့အချိန်မှာ မမြင်ရဘူး၊ ကံနိမ့်နေတဲ့အချိန်မှာ တွေ့ရတာ၊ ပရလောကသားတွေဆိုတာ ကမ္ဘာ့ဓိဋ္ဌာန်အစွမ်းရှိတယ်၊ သူတို့က ကိုယ့်ကိုမြင်ရတယ်၊ တစ်ခါတစ်ခါမှ ခြေသံကြားလို့ ချောင်းကြည့်ရင် သူတို့ကို ရိပ်ခနဲ ဖျတ်ခနဲမြင်ရတယ်ဆိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေး အဒေါ်ရယ်၊ ညတုန်းက အရိပ်မည်းကြီးတွေ့လို့ တစ်ညလုံးအိပ်လို့မရဘူး'

'သမီးတို့တော့ ဟိုတစ်ခါတည်းသွားတဲ့ ယောက်ျားလေးလို ဖြစ်နေပြီ'

'သူတို့က ဘယ်လိုဖြစ်တာလဲ'

'သူတို့ကတော့ တစ္ဆေသရဲဆိုတာ သိပ်မယုံဘူး၊ ဒါပေမဲ့ တကယ့်လက်တွေ့တွေ့တော့မှပဲယုံသွားတော့တယ်'

'ဘယ်လိုဖြစ်တာလဲ ပြောပါဦး'

'ဘယ်လိုလဲဆိုတော့ အုန်းပင်တန်းက သရဲမောင်နှံနဲ့တွေ့သွားလို့ပေါ့'

'ဟုတ်လား အဒေါ်၊ အပြည့်အစုံ ဆက်ပြောပါဦး'

'အဖြစ်ကတော့ ဒီလိုပါ'

အောင်ခန့်တို့ ရူသိုက် ဒီတည်းခိုဆောင်မှာ တည်းခဲ့ကြတယ်။ အားလုံးစုစုပေါင်း ငါးယောက်လာခဲ့ကြတယ်။ အဲဒီထဲမှာ အောင်ခန့်က တစ္ဆေ သရဲကို မယုံတဲ့သူ။

အုန်းပင်စုက သရဲမောင်နှံအကြောင်းပြောတော့ သူက မယုံကြည်တဲ့သူမို့ အခြားသူငယ်ချင်းလေးယောက်နဲ့ လောင်း





ကြေးစားကြေး လုပ်ခဲ့ကြတယ်။

'ကဲ… သရဲခြောက်တယ်ဆိုတဲ့နေရာကိုပြော၊ ကျွန်တော် တစ်ယောက်တည်းသွားပြီး ဘာအမှတ်အသားလုပ်ရမလဲ ပြော'

'ဘာမှ ဒီလောက် အပင်ပန်းခံစရာမလိုပါဘူး၊ အုန်းပင်စုသရဲက ညဘက်မှာပေါ်လာတယ်လို့ပြောတယ်၊ အဲဒါဟုတ်မဟုတ် မင်းက အုန်းပင်စုနားသွားပြီး စောင့်ကြည့်ကြမယ်'

'ဒါလေးများ ဖြစ်ပါတယ်'

အောင်ခန့်က ဒီလိုပမာမခန့်ပြောတော့ အားလုံးက မခံချိမခံသာ ဖြစ်တယ်။ ဒါပေမဲ့ အားလုံးက အောင်ခန့်နဲ့ သရဲနဲ့တွေ့ပြီး အောင်ခန့်ကိုကြောက်စေချင်တာ၊ ဒါပေမဲ့ အောင်ခန့်က လေကြီးမိုးကြီး စကားပြောရင် မိုးပေါ်ကပြောတဲ့သူ။

လောင်းကြေးက ငွေငါးသောင်းရှုံးတဲ့သူကပေးကြေး။ ဒီနေ့ လောင်းကြေးတပ်တဲ့နေ့ပေါ့။

ဒီည ၁၀ နာရီလောက်စပြီး နံနက် လေးနာရီလောက်



www.burmeseclassic.com

www.burmeseclassic.com



အထိ အုန်းပင်စုတန်းနားမှာ တစ်ယောက်တည်းသွားထိုင်နေရမယ်။

အောင်ခန့်ကလည်း သဘောတူတယ်။

ဒီလိုနဲ့ ည ၁၀ နာရီလောက်မှာ အောင်ခန့်ဟာ အုန်းပင်စုဘက်ကို တစ်ယောက်တည်း ထွက်လာခဲ့တယ်။ အောင်ခန့်က မကြောက်ဖူးလို့ပြောရပေမယ့် တိတ်ဆိတ်တဲ့ညအခါမှာ ချိုးခနဲ ချွတ်ခနဲကြားရတော့ အနည်းနဲ့အများ လန့်တတ်ကြတာ။

တည်းခိုဆောင်ကနေ အုန်းပင်စုကို အသွား…

'ဂစ်'

'ဂစ်'

'ဂစ်'

ဆိုတဲ့ ငှက်ဆိုးထိုးသံကြီးက အနားမှာ ကပ်အော်လိုက်သလိုဖြစ်လို့ အောင်ခန့် နည်းနည်းတော့ ဖြုံသွားတယ်။ ဒါပေမဲ့ ဟန်ကိုယ့်ဖို့ဆိုသလို စိတ်ကိုတင်းပြီး ခပ်တည်တည်နဲ့ ဆက်လျှောက်လာခဲ့တယ်။

တဖြည်းဖြည်းနဲ့ အုန်းပင်စုနားကို ရောက်လာခဲ့တယ်။





'အဟီး… ဟီး… ဟီး'

အုန်းတောထဲက အသံတုန်တုန်ရီရီနဲ့ ငြီးသံကြီးကို ကြားလိုက်ရတယ်'

'ဟာ… ဘာသံကြီးတုန်း'

စိတ်ထဲက ရေရွတ်လိုက်တယ်။

'အင်း… ပြောသာပြောရတယ်၊ သရဲငြီးသံကြီးလားမသိဘူး၊ ဘာပဲဖြစ်ဖြစ် အဘပြောသလိုပဲ သရဲဆိုတာ လူကဖြစ်တာ၊ ဘာကြောက်စရာမှတ်လို့'

ဒီလိုနဲ့ သူစိတ်ကို ဖြေရင်း ဆက်လျှောက်သွားတော့

'ဘုန်း'

ဆိုတဲ့အသံကြီးကို ကြားလိုက်ရတယ်။

'အောင်မလေး' လို့ မအော်လိုက်တော့မလို နည်းနည်းပဲလိုတော့တယ်။

သေသေချာချာကြည့်လိုက်တော့မှ…

'အုန်းသီး… အုန်းသီး'

အုန်းသီးကြွေကျသံဖြစ်နေတယ်။

ဒါပေမဲ့ အောင်ခန့် တော်တော်လန့်နေပြီ၊ အဲဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ အုန်းတောထဲက မြုန်းဆိုပြီး အကောင်ကြီးတစ်ကောင် ထွက်လာတယ်။

'အား'

ဒီတစ်ခါတော့ အသံထွက်ပြီး အော်လိုက်တယ်။ သူ တွေ့လိုက်ရတဲ့အရာကတော့ 'အရိုးစုကြီး'ပဲဖြစ်တယ်။ ဒါပေမဲ့ တလှုပ်လှုပ်နဲ့ ပါးစပ်ကိုဖွင့်လိုက်ပိတ်လိုက်နဲ့...

'ဟာ... အရိုးစု သရဲပဲ၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါး သောင်းရှုံးရင် ရှုံးပါလေ့စေ၊ ပြန်ပြေးမှပဲ'

အဲဒီစိတ်ကူးနဲ့ ဒီဘက်ကို ပြန်ပြေးလာတုန်း လမ်းတစ် ဝက်လောက်မှာ...

'ရှင် ဘာဖြစ်လို့ ပြေးလာတာတုန်း'

အဲဒီလိုမေးမြန်းသံနဲ့အတူ မိန်းမတစ်ယောက်ကိုတွေ့ လိုက်ရတယ်။ ဒီတော့ အောင်ခန့်က သရဲကြောက်လို့ပြေး လာတာပါလို့ပြောရင် သူ့ သိက္ခာကျရချည်ရဲ့။ နောက်ပြီး အဖော်တစ်ယောက်တွေ့တာနဲ့ ခုနက ထိတ်လန့်တာတွေ သက်သာသွားသလို ခံစားရတယ်။

ဒါနဲ့ အောင်ခန့်က





'ဘာမှမဖြစ်ပါဘူး၊ ညီမက ဒီအချိန်ကြီးမှာ ဘာလုပ် နေတာလဲ'

လို့ ပြန်မေးလိုက်တယ်။

သူမက...

'ကျွန်မချစ်သူ လာမယ်ဆိုလို့ စောင့်နေတာပါ'

လို့ ပြန်ပြောလိုက်တယ်။ ဒါပေမဲ့ အဲဒီမိန်းမပြောတဲ့ အသံက အက်တက်တက်နဲ့ နှာခေါင်းသံပါနေသလိုပဲ။ ပြီး တော့ ကြက်သီးတွေတဖြန်းဖြန်းထလာလို့ သက်မကင်းဖြစ် ပြီး ပါလာတဲ့လက်နှိပ်ဓာတ်မီးနဲ့ သူမရဲ့မျက်နှာကို လှမ်းထိုး လိုက်ရင်ပဲ...

'အောင်မလေး' အသည်းနှလုံးတွေ လွင့်စင်သွား မတတ်ဖြစ်သွားတယ်။ ဒါနဲ့ 'အောင်မလေး'လို့အော်ပြီး တည်းခိုဆောင်ဘက်ကို အသားကုန်ပြေးခဲ့တယ်။

သူတွေ့ရတဲ့မိန်းမက ပိန်လှီခြောက်ကပ်နေပြီး ဆံပင်က ကျိုးတို့ကျဲတဲ့ အသားအရေက ပြာနှမ်းနှမ်း ဂေါ်ရင်ဂျီကုလားမ ထက်တောင် ပိုသေး။

ကျိုးတို့ကျဲတဲ့ဆံပင်ကို ဖားလျားချပြီး မျက်နှာမှာ ပါး



www.burmeseclassic.com

www.burmeseclassic.com



ကွက်ကျားလူးပြီး ခေါင်ရမ်းပန်းတွေဝေနေအောင် ယန်ထားတယ်။ မျက်နှာကြီးကလည်း မဲ့မဲ့ရွဲ့ရွဲ့နဲ့ အရုပ်ဆိုးလိုက်တာ။ တကယ့်ကို နှလုံးတုန်စရာပါပဲ။ ပြီးတော့ သူက အော်ပြောလိုက်သေးတယ်။

'အစ်မက အုန်းပင်စုမှာနေတာတဲ့'

အောင်ခန့်ကတော့ လုံးဝလှည့်မကြည့်ဘဲ ဖနောင့်နဲ့ တင်ပါး တစ်သားတည်းနေအောင် ပြေးတော့တာပဲ။ အဲဒီကတည်းက အောင်ခန့်တစ်ယောက် ဘယ်သူနဲ့မှ လောင်းကြေးမထပ်တော့ဘူး။

ဒေါ်ဇာယုရဲ့အပြောက ဒီမှာတင်ဆုံးသွားတယ်။ ဒီတော့ မိုးသူဇာက ကြောက်ကြောက်နဲ့...

'ကိုအောင်ခန့်နဲ့ တွေ့တဲ့သရဲတွေက ဘယ်ကသရဲတွေလဲ'

'အဲဒါ အုန်းပင်စုက သရဲမောင်နှံပေါ့၊ သူတို့က ပုံစံအမျိုးမျိုးနဲ့ ခြောက်လှန့်တတ်တယ်'

'ဟုတ်တယ်နော်၊ အရမ်းကြောက်လန့်ရင် ရှော့ဖြစ်သွားနိုင်တယ်'





'အောင်မလေး... သူတို့ခြောက်ပုံက တော်တော်ကြောက်ဖို့ကောင်းတယ်၊ တချို့လူတွေကို ခြောက်တာက ပုံစံတစ်မျိုး'

'ဘယ်လိုခြောက်တာလဲ အဒေါ်ရဲ့'

အဲဒီသရဲမက သူ့ကိုယ်သူ လူလိုလို ဘာလိုလိုနဲ့ ချစ်သူကိုစောင့်နေတာလို့ပြောတာ။ သူ့ချစ်သူ ဘယ်သူလဲဆိုတော့ သင်္ချိုင်းစောင့်တာတေကြီးလို့ ပြောပြီး ခြောက်တာ။

'ဒါဆို အခြောက်ခံရတဲ့သူကတော့ အရမ်းကြောက်သွားမှာပဲ'

'ဒါပေါ့၊ သူ့မျက်နှာက သနပ်ခါးပါးကွက်ကြီးကတင် လန့်ဖို့ကောင်းနေတာ၊ အသံအက်အက်ကြီးနဲ့ ပြောလိုက်တော့ ဘာပြောကောင်းမလဲ၊ လိပ်ပြာလွင့်မတတ် ထပြေးရတာပေါ့'

'ဒါဆိုရင် အုန်းပင်စုတစ္ဆေမောင်နှံက တော်တော်ကြောက်ဖို့ကောင်းတာပဲပေါ့'

'ဒီအကြောင်းကို ဆရာကိုဝဏ္ဏတို့လည်း [illegible]အောင် ပြောပြထားမှ'



www.burmeseclassic.com

www.burmeseclassic.com



'ပြောထား၊ ပြောထား၊ အကောင်းဆုံးကတော့ ညဘက်ကို ဘယ်မှမထွက်တာ အကောင်းဆုံးပဲ'

'ဟုတ်ကဲ့ အဒေါ်'

* * *

ဆရာကိုဝဏ္ဏတို့အုပ်စုနဲ့ နေရီတို့အုပ်စု နေ့လယ်စာ အတူတူစားခဲ့ကြတယ်။

နေရီက နဂိုကမှ အကြောင်းအရာတစ်ခုရရင် စပ်စုပြီး သတင်းဖြန့်ဝေတတ်တာမျိုး။ သူ့ကိုကြေးမုံသတင်းစာလို့ မကြားတကြား နာမည်ဂုဏ်နဲ့ ခေါ်ခံရသူ။

ဒီထမင်းစားဝိုင်းမှာ ညက အရိပ်မည်းကြီးအကြောင်းကို စပြီး သတင်းဖြန့်ခဲ့တယ်။

'ဆရာတို့ကို ညက အကြောင်းပြောပြရဦးမယ်'

'ဘာအကြောင်းလဲ မနေရီ'

'ညက အုန်းပင်စုတစ္ဆေမောင်နှံကိုတွေ့လိုက်လို့'

'ဘယ်ရယ်… အုန်းပင်စုတစ္ဆေမောင်နှံ ဟုတ်လား'

'ဟုတ်တယ် ဆရာရဲ့၊ တစ္ဆေမက အုန်းပင်စုထဲ





တရွေ့ရွေ့သွားနေတာမြင်ရတယ်၊ အုန်းပင်စုနားလည်း ရောက်ရော အဲဒီအမှောင်ထဲက တစ္ဆေတစ်ကောင် ထွက်လာပြီး အုန်းပင်စုထဲဝင်သွားတာတွေ့ရတယ်'

'တစ္ဆေ သရဲကိုမြင်ရတော့ မကြောက်ဘူးလား မနေရီ'

လွှမ်းဝေနိုင်က နဂိုကတည်းက ခပ်ကြောက်ကြောက်မို့ ဒီလိုလှမ်းမေးလိုက်တယ်။

'နေရီတို့လည်း ကြောက်တာပေါ့ရှင်'

'ဒါနဲ့ နေပါဦး၊ အဲဒီသရဲတစ္ဆေကို ဘယ်လိုလုပ်ပြီး အုန်းပင်စုတစ္ဆေမောင်နှံလို့ ပြောနိုင်တာလဲ'

ဆရာကိုဝဏ္ဏက နေရီကိုမေးလိုက်တယ်။

'အစကတော့ ဘယ်သိမလဲ ဆရာရယ်၊ နေရီတို့တွေ့တာက မိန်းမသဏ္ဌာန်အရိပ်မည်းနဲ့ယောကျ်ားသဏ္ဌာန် အရိပ်မည်းကို တွေ့တာ၊ အခန်းစောင့်ဒေါ်ဇာယုကြီးကို မေးလိုက်တော့မှ အုန်းပင်စုကတစ္ဆေမောင်နှံဖြစ်နေမှန်း သိတာ'

'ဩော်… ဒေါ်ဇာယုကြီးက ဒီလိုပြောတာလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဆရာရဲ့၊ ဒီပြင်တောင် ပြောလိုက်သေးတယ်၊ ညဘက်မထွက်နဲ့တဲ့၊ အဲဒီမကောင်းဆိုးဝါးတွေနဲ့တွေ့တတ်တယ်တဲ့'

'ဟင်… ဟုတ်လား'

ကျော်ညွန့်နိုင်ကလည်း စိတ်ဝင်စားစွာ ပြောလိုက်တယ်။

'နေရီတို့တွေ့တာက ရိုးရိုးရယ်၊ တချို့ကိုခြောက်တာများ အရိုးစုကြီးက ပါးစပ်တလှုပ်လှုပ်နဲ့တဲ့'

'ငါနဲ့တွေ့လို့ရတော့ ခဲလုံးနဲ့ကိုကောက်ပစ်လိုက်မှာ'

ကျော်လွှမ်းမိုးက တကယ့်သူရဲကောင်းကြီးတစ်ယောက်လို ရဲရဲရင့်ရင့် ပြောလိုက်တယ်။

'ဟော့ကောင်… သရဲနဲ့တွေ့ပါတယ်ဆိုမှ မင်းက ဘယ်ကခဲလုံးနဲ့ ပေါက်မှာလဲ၊ ခဲလုံးရှာနေတုန်း သရဲက လည်ပင်းညှစ်လိုက်ရင် ဘယ်လိုလုပ်မလဲ'

'အေး… မင်းပြောတာလည်း ဟုတ်တာပဲ၊ သောင်ပြင်မှာ ဘယ်ကခဲလုံးရမှာလဲ'

'ဒါဆို နပမ်းသတ်ပေါ့ကွာ'





'အမှန်အတိုင်းဝန်ခံရရင် အဲဒီလောက်တော့ သတ္တိမကောင်းဘူး'

ကျော်လွှမ်းမိုးက အမှန်အတိုင်း ဝန်ခံလိုက်တယ်။ ဒီတော့ ဆရာကိုဝဏ္ဏက…

'ကျွန်တော် ဒီကိုလာတာ သုံးလေးခါရှိပြီ၊ ဒါပေမဲ့ အုန်းပင်စုတစ္ဆေမောင်နှံအကြောင်း မကြားဖူးဘူး'

'ဆရာက ဘယ်ကြားဖူးမလဲ၊ တည်းခိုဆောင်မှာတည်းပြီး အိပ်မယ်၊ ရေကူးမယ်၊ ဒီတော့ ဘာမှမတွေ့တော့ မမေးဖြစ်ဘူး၊ ဒါကြောင့် ဘာသတင်းမှ မကြားတာဖြစ်လိမ့်မယ်'

'ဟုတ်ပါတယ်၊ မနေရီပြောသလိုပဲ ဘာမှစပ်စုဖို့ ချောင်းကြည့်ဖို့ အချိန်မှမရတာ'

'ဆရာနော်… နေရီကို စပ်စုတယ်လို့ ပြောချင်တာလား'

'ဩော်… ဒီလိုလည်း မဟုတ်ပါဘူး'

'ဟား… ဟား… ဟား'

လွှမ်းဝေနိုင်တို့အုပ်စုက မနေရီကို စနောက်ပြီး တဟား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟား ရယ်မောခဲ့ကြတယ်။ ဒီနေ့အတွက်တော့ ထမင်းဝိုင်းကလေးက စိုပြေသွားတယ်။

ဒီလိုပျော်ရွှင်စွာ ရယ်မောနေတုန်း မနေရီတို့ ထမင်းဝိုင်းဘက်ကို မိန်းမလှကလေးတစ်ယောက် မော်ဒယ်ပုံစံမျိုးနဲ့ လှုပ်လီလှုပ်ယဲ့ လမ်းလျှောက်လာတယ်။

လွှမ်းဝေနိုင်တို့အုပ်စုက အဲဒီကောင်မလေးကို ငေးကြည့်နေခဲ့တယ်။ ဆံပင်အကောက်ကလေးကို ဖားလျားချထားပြီး နှုတ်ခမ်းနီကိုရဲနေအောင်ဆိုးထားတယ်။ အဝါရောင်မှာ ခရမ်းရောင်ပန်းပွင့်အသေးလေးပါတဲ့ ဘလောက်(စ်)အင်္ကျီကလေးကိုဝတ်ထားပြီး စကပ်အဝါရောင်ကလေးနဲ့ ဒေါက်ဖိနပ်က ခပ်မြင့်မြင့်စီးထားတယ်။

သူမကို ကြည့်လိုက်တာနဲ့ ခေတ်ရှေ့ပြေးနေတဲ့ဒီဇိုင်း။ လွှမ်းဝေနိုင်က ကျော်ညွန့်နိုင်ကို တစ်တောင်နဲ့ အသာတို့ပြီး

'ကောင်မလေးက မင်းကိုခိုက်ပြီး လာတာနဲ့တူတယ်'

'ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဆံပင်ဖားလျားနဲ့ဆိုတော့ မနေရီတို့ပြောတဲ့ အုန်းပင်စုတာစွေမလား မသိဘူး'

'ဟိတ်… တိုးတိုးပြောပါကွ၊ ငါ့ဆီလာတဲ့သူကို ဒီလို





မပြောပါနဲ့၊ ကြားသွားရင် မကောင်းဘူး'

ဒီလိုပြောနေစဉ်မှာ ကောင်မလေးရဲ့ နှုတ်ခမ်းလွှာက
အပြုံးကလေးတစ်ချက်ဝင့်သွားတယ်။

'ဟော… ဟော… ကောင်မလေးက မင်းကိုပြုံးပြနေပြီ၊ ပြန်ပြုံးပြလိုက်'

လွှမ်းဝေနိုင်တို့အုပ်စုပြောရင်းက ကောင်မလေးရဲ့အပြုံးမှာ နစ်မျောပြီး ပါးစပ်ဟောင်းလောင်းနဲ့…

ဟော ကောင်မလေးအနီးကို ရောက်လာပြီး…

သူမရဲ့နှုတ်ခမ်းလွှာကလေး ပွင့်လာပြီး…

'ဟယ်လို နေရီ'

လို့ လှမ်းပြီးနှုတ်ဆက်လိုက်တယ်။

ဒီတော့မှ ကြောင်ပြီး ကြည့်နေတဲ့ နေရီက…

'ဟယ်… ရိစီမဟုတ်လား'

'သိပ်ဟုတ်တာပေါ့ သူငယ်ချင်းရယ်၊ နင်တို့အုပ်စုရေကူးနေတာ မနေ့ကတည်းက မြင်တယ်၊ ရေကူးနေလို့ နောက်မှခေါ်မယ်လို့ နေရင်း နင်တို့ဘယ်အချိန်က ပြန်သွားမှန်းမသိလို့ မခေါ်ရတာ၊ အခုတော့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားနေတာတွေ့လို့ ဝင်လာခဲ့တာ'

'အေးဟယ်… ရှိစီ၊ နင့်ကိုတွေ့ရတာ အရမ်းဝမ်းသာတာပဲ'

'ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒီက ဆရာက ငါတို့ကုမ္ပဏီရဲ့လက်ထောက်စီမံခန့်ခွဲရေးမှူး ဆရာဦးဝဏ္ဏပါ၊ သူကတော့ စိန့်ဖလိုးဗီးနားကျောင်းမှာကတည်းက သူငယ်ချင်း တက္ကသိုလ်မှာ သူက အီးမေဂျာနဲ့ကျောင်းပြီးသွားပြီ'

သူတို့နှစ်ဦးက စတင်မိတ်ဆက်ပေးလိုက်တယ်။

'တွေ့ရတာ ဝမ်းသာပါတယ် ဆရာ'

'ဟုတ်ကဲ့ ကျွန်တော်ကလည်း မရှိစီနဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်'

သိပ်စကားများများမပြောတဲ့ ဆရာကိုဝဏ္ဏကတောင် အခုတော့ စကားတွေအများကြီး ပြောလိုက်တယ်။ ရှိစီက သိပ်လှတဲ့ကောင်မလေးဆိုတော့ အသိမိတ်ဆွေဖြစ်ချင်လို့နေမှာပေါ့။

ဒီတော့ လွမ်းဝေနိုင်ကလည်း…





'မနေရီ ကျွန်တော်တို့နဲ့လည်းမိတ်ဆက်ပေးဦးလေဗျာ'

'ဪ… ဟုတ်သားပဲ၊ သူက လွမ်းဝေနိုင်၊ သူက ကျော်ညွန့်နိုင်၊ သူက ကျော်လွှမ်းမိုး၊ အားလုံးက နေရီတို့လိုပဲ ကုမ္ပဏီဝန်ထမ်းတွေပါ'

'ဪ… ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ရှင်တို့က နေရီ့သူငယ်ချင်းဆိုတော့ မနေရီလိုပဲ ကျွန်မကို ခင်မင်ပါနော်'

'ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ကလည်း ခင်တတ်ပါတယ်'

ပျင်းရှိနေတဲ့ လွမ်းဝေနိုင်တို့တစ်သိုက် မျက်လုံးကျယ်လာပြီး လျှာလည်းသွက်လိုက်တာ… နောက်မှ…

'သူက မိုးသူဇာ၊ သူက မြင့်မြတ်သီဂီ၊ သူက နွေဟေကို'

စသဖြင့် မိန်းကလေးအုပ်စုနဲ့ မိတ်ဆက်ပေးလိုက်တယ်။ တခဏချင်းပဲ အားလုံးအဖွဲ့ကျသွားတယ်။

'ရှိစီ… ဘာစားမလဲပြော'

'ရပါတယ်၊ ရှိစီ စားလာခဲ့တယ်'



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် လက်ဖက်ရည်သောက်ပါ'

ရိုစီကို လက်ဖက်ရည်နဲ့ ဧည့်ခံရင်း စကားတွေပြောဖြစ်ခဲ့တယ်။ ရိုစီရောက်လာမှ လက်ဖက်ရည်ဝိုင်းကလေးက ပိုပြီး စိုပြေလာတယ်။

'ရိုစီက ဒီကို ဘယ်နေ့က ရောက်တာလဲ'

'သုံးလေးရက်လောက်ရှိပြီး ရိုစီက ရုပ်ရှင်အဖွဲ့နဲ့ လိုက်လာတာလေ'

'ဩော်… လက်ပြတ်ကြီးမျောတဲ့ရုပ်ရှင်အဖွဲ့ကလား'

'ဟုတ်ပါ့ နေရီရယ်၊ အဲဒီအဖွဲ့ကပေါ့'

'နေပါဦး၊ ရိုစီက ဘယ်လိုကနေ အဲဒီအဖွဲ့နဲ့ပါလာရတာလဲ'

'ကိုယ့်အစ်မက ရုပ်ရှင်မင်းသမီး အိမ့်သက်နိုင်လေ'

'ဟင်… ဟုတ်လား၊ အိမ့်သက်နိုင်က နာမည်ကြီးရုပ်ရှင်မင်းသမီးပဲ၊ ငါက နင့်အစ်မမှန်းတောင် မသိဘူး'

'အရင်းတော့ မဟုတ်ဘူး၊ တစ်ဝမ်းကွဲ အစ်မပေါ့၊ အခု သူ့နောက်လိုက်မယ်သူမရှိလို့ ငါလိုက်လာရတာ'





'အေး… သူတို့အဖွဲ့တွေ ဟိုဘက်မှာ ရိုက်နေတာတွေ့တယ်'

'ဟုတ်တယ်၊ သူတို့ရုပ်ရှင်ရိုက်ချိန်ဆိုရင် ငါက တစ်ယောက်တည်း ပျင်းနေတာ၊ အခုလို ဟိုလျှောက် ဒီလျှောက်နဲ့ လျှောက်သွားနေတာ'

'ဒါဆိုလည်း ငါတို့နဲ့လာနေပေါ့ဟာ'

'အေး… ဟုတ်တယ်၊ နင်တို့အုပ်စုနဲ့ဆိုတော့ ငါလည်း စကားပြောဖော်ရသွားတာပေါ့'

'ဒါနဲ့ နင်တို့ရုပ်ရှင်အဖွဲ့က လက်ပြတ်ကြီး ရေထဲမျောလာတာ ငါတို့က တကယ့်လက်ပြတ်ကြီးမှတ်လို့၊ ကြောက်လိုက်တာဟယ်'

'ဟုတ်တယ်၊ အဲဒါ ဒါရိုက်တာကြီး နိုင်ငံခြားက ဝယ်လာတဲ့ လက်ပြတ်ကြီးပဲ၊ အဲဒီလက်ပြတ်ကြီးက လည်း ညှိုမဲပြီး သွေးတွေစီးကျနေတဲ့ ပုံကြီး'

'အေးလေ… ရွံစရာကြီး'

'ဒါရိုက်တာကြီးကလည်း အဲဒီလက်ပြတ်ကြီးကိုဘယ်လို ခရေစီဖြစ်မှန်း မသိဘူး၊ အိပ်တဲ့ပေါင် သူ့



www.burmeseclassic.com

www.burmeseclassic.com



အခန်းရှေ့မှာ ထားပြီးအိပ်တာ'

'ဟုတ်လား၊ လက်ပြတ်ကြီး ကြည့်ရတာ နိမိတ်မကောင်းဘူး'

'အဲဒီအကြောင်းပြောမလို့၊ ဟိုလူရွှင်တော်ပေတိုးကို သိလား'

'အေး သိတယ်'

'အဲဒီ ပေတိုးက အရမ်းအစအနောက်သန်တာပဲ'

'ဘယ်လိုစလဲ ပြောပါဦး'

'ရောက်ရောက်ချင်းနေ့ကပေါ့၊ တို့အဖွဲ့အထဲမှာ လက်ပြတ်ကြီးပါလာမှန်းလည်း မသိဘူး၊ အဲဒါကို ပေတိုးက ဒါရိုက်တာကြီး အခန်းထဲက ခိုးလာပြီး ငါ့အစ်မရဲ့ အခန်းတံခါးဝမှာ လာချိတ်ထားတယ်၊ အစ်မက တံခါးဖွင့်လိုက်တော့ အဲဒီလက်ပြတ်ကြီးကိုမြင်ပြီး လန့်ပြီးမူးလဲသွားလို့ မနည်းနှာနှပ်လိုက်ရတယ်၊ ဒါရိုက်တာကြီးက တအားစိတ်ဆိုးပြီး ပေတိုးကို အရမ်းဆူပစ်လိုက်တယ်'

'ဒီတော့ ပေတိုးက ဘာပြောလဲ'





'သူကတော့ သိတဲ့အတိုင်းပဲ၊ နှုတ်ခမ်းစေ့ထားရင်တောင် သေဒဏ်အပေးခံရမယ့်သူလား အောက်မေ့ရတယ်၊ ဟိုကသာ မူးလဲတာ၊ သူကတော့ အပြုံးမပျက်ဘူး'

'တော်တော်နောက်တဲ့ ပေတိုးပဲ'

'ဟုတ်တယ်၊ သူ့ကို ဘယ်လိုပညာပေးရမလဲဆိုတာ ငါ စဉ်းစားနေတယ်'

'နင်ကတော့ ကျောင်းတုန်းကအကျင့်ကို မပျောက်ဘူး'

'ဒါနဲ့ ထမင်းစားပြီးရင် နင်တို့ဘယ်သွားကြမလဲ'

'သောင်ပြင်မှာ လမ်းလျှောက်ပြီး အဆောင်ပြန်မယ်'

'ဒါဆို ငါလည်းလိုက်ခဲ့မယ်'

'သိပ်ကောင်းတာပေါ့'

ဒီလိုနဲ့ ရိုစီတစ်ယောက် နေရီတို့ရဲ့အဖွဲ့ဝင်ဖြစ်လာခဲ့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

## ဝိညာဉ်ခေါ်ပွဲ

မတွေ့ရတာ ကြာပြီဖြစ်လို့ ရှိစီနဲ့ စကားလက်ဆုံ ပြောမကုန်အောင်ပါပဲ။ အဲဒီစကားတွေထဲမှာရုပ်ရှင်အကြောင်းတွေလည်းပါရဲ့။ သူ့ကိုကြိုက်တဲ့ ဒုတိယမင်းသား လူမော်အကြောင်းလည်းပါရဲ့။

သူ့စကားတွေထဲမှာ နေရီတို့တစ်သိုက် မျောပါသွားခဲ့တယ်။ ငါ့အစ်မတို့ ရုပ်ရှင်အဖွဲ့က ဒီမှာ သရဲကားနှစ်ကား





လာရိုက်တာ။ တစ်ကားက 'လက်ပြတ်ကြီး'။ နောက်တစ်ကားက 'အဆောင်မှာခြောက်တဲ့သရဲကြီး' တဲ့။

'အဆောင်မှာခြောက်တဲ့သရဲကြီးက အဆိုတော် ဖိုးချို တောင်သီချင်းဆိုထားသေးတယ်၊ အဲဒီနာမည်တွေက စိတ်ဝင်စားစရာကောင်းတယ်နော်'

'ဟုတ်တယ်'

'မင်းသားက ဘယ်သူလဲ'

'အခုတလော နာမည်ကြီးနေတဲ့ မင်းသား နေစိုးဇော်ပေါ့'

'ဟယ်… အဲဒီမင်းသားကို နေရီအရမ်းကြိုက်တာပဲ'

'ဟုတ်တယ် မိုးသူဇာလည်း ကြိုက်တယ်'

'အောင်မယ်… နွေကပိုပြီးကြိုက်တယ် သိလား'

နေရီတို့အုပ်စုက မင်းသားကိုသဘောကျကြောင်း ဝိုင်းပြောညကြတဲ့အတွက်…

'အေး… နေရီတို့ သဘောကျရင် မိတ်ဆက်ပေးမယ်'

'ကောင်းတယ်၊ ကောင်းတယ်'

'မင်းသားက သဘောကောင်းလား ရှိစီ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းသားက သဘောကောင်းပါတယ်၊ မကောင်းတာက ဒုတိယမင်းသား လူမော်ပေါ့'

'မင်းသားလူမော်က ရိုစီကို ကြိုက်နေတာလေ၊ ရိုစီက ပြန်မကြိုက်တော့ လူရွှင်တော်ပေတိုးကို လက်ပြတ်ကြိုးခိုးခိုင်းပြီး အစ်မနဲ့ ရိုစီတို့အခန်းရှေ့မှာထားပြီး ခြောက်လှန့်ကြတယ်'

'ရိုစီရော လန့်သွားသေးလား'

'လန့်တော့လန့်တာပေါ့၊ ဒါပေမဲ့ အစ်မက တက်နေတော့ လန့်တာအသာထားပြီး အစ်မကို လုပ်ပေးရတာပေါ့'

'နင်ကရော သူ့ကိုအဖြေပေးပြီးပြီလား'

'မပေးရသေးပါဘူးဟယ်၊ စကားပြောဖို့ သူက အခွင့်အရေးစောင့်နေတာ၊ ငါက တမင်ရှောင်နေတာနဲ့ ဘာမှမပြောဖြစ်သေးဘူး၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ ဒီကောင့်ကို မကျေနပ်ဘူး'

'ဘာဖြစ်လို့လဲ'

'ငါတို့နှစ်ယောက်ကို လက်ပြတ်ကြိုးနဲ့ခြောက်ခိုင်း





ကတည်းက သူ့ကိုမကျေနပ်ဖြစ်နေတာ၊ ဘယ်လိုလက်စားချေရမလဲဆိုတာ စဉ်းစားလို့မရသေးဘူး'

'ရိုစီရယ် စိတ်ကိုလျှော့လိုက်ပါတော့၊ တို့တတွေ တွေ့တုန်းဆုံတုန်းမှာ ပျော်ပျော်ရွှင်ရွှင် စားကြသောက်ကြတာပေါ့'

'အေးပါဟယ်၊ ဒေါသစိတ်ကို မေ့ထားတာပဲ ကောင်းပါတယ်'

'ကဲ... ကဲ... ဒီမှာ မုန့်စားလိုက်'

နေရီတို့အုပ်စုက ရိုစီကို မုန့်တွေနဲ့ ဧည့်ခံခဲ့တယ်။ မုန့်စားအပြီးမှာတော့ ရိုစီက...

'နင်တို့ အပျင်းပြေ ဗေဒင်မေးမလား'

လို့ မေးလိုက်တယ်။

'ဗေဒင်ဆရာက ဘယ်မှာရှိလို့လဲ၊ ဒီမှာလား၊ ရွာထဲမှာလား'

'ဘယ်မှာမှမဟုတ်ဘူး၊ ငါပဲလေ'

'ရိုစီရယ် အကောင်းပြောစမ်းပါ၊ နောက်မနေပါနဲ့'

'ဪ... တကယ်ပါ မနောက်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မနေရီဘယ်တော့ စွံမလဲဆိုတာ မိုး သိချင်လိုက်တာ'

မိုးသူဇာက ပြောလိုက်တယ်။

'မိုးမှ မဟုတ်ဘူး၊ နွေလည်း သိချင်တာပဲ'

နွေဟေကိုက ထပ်ဆင့်ပြောလိုက်တယ်။

'မိုးတို့ နွေတို့နော်၊ မင်းတို့မှာလည်း ချစ်သူရှိတာပဲ မဟုတ်လား'

'ဩော်… မနေရီကလည်း'

သူတို့နှစ်ယောက်စလုံး ရှက်သွေးဖြာသွားတယ်။

'ကဲ… ကဲ… ဘယ်လိုလဲ ဗေဒင်မေးကြမလား၊ ဒီဆရာမက သွေးထွက်အောင် မှန်တယ်နော်'

'မေးမယ်၊ မေးမယ်၊ ကောင်းကောင်းပြော'

'အေးပါဟ၊ နေကြဦး၊ ငါ့ရဲ့ဗေဒင်ဟောမည့်ပစ္စည်းတွေ သွားယူလိုက်ဦးမယ်'

'ဘာလဲ လက္ခဏာကြည့်ဖို့ ဦးစံရှားဆီက မှန်ဘီလူး သွားငှားမလို့လား'

'ခဏလေး… ခဏလေး'





သည့်လိုပြောပြီး သူ့အဆောင်ကို ပြန်သွားတယ်။ မကြာမီ ကြွတ်ကြွတ်အိတ်တစ်လုံးမှာ ပစ္စည်းတွေအပြည့်နဲ့ ပြန်ရောက်လာခဲ့တယ်။

'ကဲ… တို့တတွေ လူရှင်းတဲ့သောင်ပြင်ကို သွားကြမယ်'

ရိုစီက အစီအစဉ်မှူးအနေနဲ့ ခေါင်းဆောင်လုပ်ပြီး ချောင်ကျကျ သောင်ပြင်စပ်ကို ခေါ်သွားခဲ့တယ်။ အဲဒီအချိန်မှာ ဆရာကိုဝဏ္ဏတို့အုပ်စုနဲ့တွေ့တယ်။

'ဩော်…' 'ဆရာတို့ပါလား၊ ဘယ်သွားမလို့လဲ'

'ဒီညနေတော့ လမ်းလျှောက်ချင်တာနဲ့ ဒီဘက်ကို ထွက်လာခဲ့တာ၊ ရိုစီပါ ရောက်နေတာကိုး'

ဆရာကိုဝဏ္ဏက ရိုစီကို လှမ်းကြည့်ပြီးပြောလိုက်တယ်။

'ဟုတ်ပါတယ် ဆရာ'

ရိုစီကလည်း ခပ်ပြုံးပြုံးကလေး ပြန်ဖြေလိုက်တယ်။ ဒီတွင် ကျော်လွှမ်းမိုးက နေရီရဲ့အနီးကိုရောက်လာပြီး…

'မနေရီတို့ ဘယ်သွားကြမလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှမဟုတ်ပါဘူး၊ ရိုစီက ဗေဒင်ဟောမယ်ဆိုလို့ လူရှင်းတဲ့နေရာ ရှာနေတာလေ'

'ဒါဆို ငါလည်း မေးချင်တာပေါ့'

ကျော်လွှမ်းမိုးက စိတ်ဝင်စားစွာ ပြောလိုက်တယ်။ ဒီတော့ လွှမ်းဝေနိုင်ကလည်း…

'ငါလည်း မေးချင်တယ်'

'ကဲ… ရိုစီရေ ကြားတဲ့အတိုင်းပဲ၊ ဗေဒင်မေးလို့ရမလား'

နေရီက ရိုစီကိုခွင့်တောင်းလိုက်တယ်။

သည်တော့ ရိုစီက…

'တကယ်တော့ ရိုစီက အပျော်တမ်း ဗေဒင်ဟောတာနော်၊ ရှင်တို့သုံးယောက်ကိုတော့ ဟောပေးပါ့မယ်၊ ဒါပေမဲ့ ဆရာကိုဝဏ္ဏကိုတော့ အားနာတယ်'

'ကျွန်တော်တို့ သဘောပေါက်ပါပြီ မရိုစီ၊ ဆရာ့ကို ခေါက်ထားခဲ့မယ်၊ ကျွန်တော်တို့သုံးယောက်ပဲ လာခဲ့မယ်'

'ကောင်းပါပြီ၊ ရိုစီတို့ ဟိုအုန်းပင်အောက်မှာရှိမယ်'

ရိုစီ ဦးဆောင်တဲ့အဖွဲ့ဟာ သောင်ပြင်နဲ့မလှမ်းမကမ်း





မှာရှိတဲ့ အုန်းပင်အောက်မှာ နေရာယူလိုက်တယ်။ အဲဒီအချိန် လွှမ်းဝေနိုင်တို့သုံးယောက် ပြန်ရောက်လာတယ်။

'မရိုစီက ဘာနဲ့ဗေဒင်ဟောမှာလဲ၊ တဲရော့လား၊ လက္ခဏာလား'

ကျော်ညွှန့်ခိုင်က ရိုစီကို စကားရောဖောရောလိုက်ပြောလိုက်တယ်။

'ကိုကျော်ညွှန့်ခိုင် ပြောတာ တစ်ခုမှမဟုတ်ဘူး၊ တဲရော့လည်းမဟုတ်ဘူး၊ လက္ခဏာလည်းမဟုတ်'

'ဒါဆို ဘာဗေဒင်လဲ'

'ဖက်ခွက်ဝိညာဉ်ဗေဒင်'

'ဗျာ'

'ဟာ'

လွှမ်းဝေနိုင်တို့အုပ်စုက အာမေဋိတ်သံထွက်လာတယ်။

'ရှင်'

'အောင်မလေး ကြောက်စရာကြီး'

နေရီတို့အုပ်စုကလည်း ခပ်ကြောက်ကြောက်အသံတွေ ထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



‘နေရီတို့ကလည်း ဝိညာဉ်ဆိုတာနဲ့ ဘယ်လိုဖြစ်ပြီး ဒီလောက်ကြောက်လန့်နေရတာလဲ၊ ဘာမှကြောက်စရာ မရှိပါဘူး၊ ဒါက အပျော်သက်သက်ပေဒင်ဟောတာပဲ’

‘တကယ်လား’

‘တကယ်ပါ’

ရိစီက ရှင်းပြပြီး ကြွတ်ကြွတ်အိတ်ထဲက ပစ္စည်းတွေကို ထုတ်လိုက်တယ်။ အဲဒါတွေကတော့ အနံ့တစ်ပေ၊ အလျားနှစ်ပေရှည်တဲ့ မှန်တစ်ချပ်၊ ဖန်ခွက်ရှည်ရှည်လေးတစ်လုံး၊ နောက် စက္ကူဘူးလေးတစ်ခုနဲ့ ပလပ်စတစ်ခင်းလေးတစ်ခု။

ရိစီက ပလပ်စတစ်ခင်းကလေးကို အရင်ဆုံးဖြန့်ခင်းလိုက်တယ်။ ပြီးတော့ မှန်ချပ်ကလေးကို ပက်လက်လှန်ချထားတယ်။ မှန်ချပ်ပေါ်မှာ မှန်ခွက်ကလေးကို မှောက်ထားလိုက်တယ်။ ပြီးတော့ မှန်ချပ်ရဲ့အနားတွေမှာ အင်္ဂလိပ်အက္ခရာ ‘အေ’ကနေ ‘ဇက်’အထိ ရေးထားတဲ့ သစ်သားပြားကလေးတွေ (အင်္ဂလိပ်စာလုံးဆက်တဲ့အပြား)ရယ် NO နဲ့





Yes ပါတဲ့ သစ်ပြားလေးတွေကို တစ်ခုချင်းစီလိုက်တယ်။

ရိစီရဲ့ လှုပ်ရှားပုံတွေက အားလုံးက သေသေချာချာ စူးစမ်းတဲ့အကြည့်နဲ့ ကြည့်နေကြတယ်။ ဒီအချိန်မှာ ရိစီက

‘ကဲ… ပေဒင်ဟောဖို့ အားလုံးပြင်ဆင်ပြီးသွားပြီ၊ Glass Spirit လို့ခေါ်တဲ့ ဖန်ခွက်ဝိညာဉ်ကို ခေါ်တော့မယ်’

‘ဘယ်လိုခေါ်မှာလဲ’

‘သူ့ကိုတစ်ယောက်တည်း ခေါ်လို့မရဘူး။ သုံးယောက်ခေါ်မှရတယ်၊ ဒီတော့ နေရီရယ်၊ မိုးသူဇာရယ် ရှေ့ကိုတိုးပါ၊ ရိစီလုပ်သလို လုပ်ပါ’

‘ဘယ်လိုလုပ်ရမှာလဲ’

‘ဖန်ခွက်ရဲ့ဖင်ကို လက်ညှိုးတစ်ချောင်းနဲ့ အသာလေး ထိထားရုံပါပဲ’

‘အေး… အေး’

ရိစီ၊ နေရီနဲ့ မိုးသူဇာတို့သုံးဦးဟာ လက်ညှိုးကလေးတွေနဲ့ ဖန်ခွက်ရဲ့ ဖင်ကို အသာလေးတင်ထားလိုက်တယ်။ စုစုပေါင်း လက်ညှိုးသုံးချောင်း။



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးသုံးချောင်းစလုံး ဖန်ခွက်ဖင်ပေါ်တင်အပြီးမှာ ရိုစီက

'ကဲ… ငါ ဖန်ခွက်ဝိညာဉ်ခေါ်လိုက်တော့မယ်၊ နင်တို့နှစ်ယောက်စလုံး မျက်စိမှိတ်ပြီး အာရုံစုစည်းထား၊ စိတ်ကိုဘယ်မှမရောက်စေနဲ့'

'အေးပါဟ'

နေရီနဲ့ မိုးသူဇာက မျက်စေ့ကို မှိတ်ထားပြီး အာရုံကို စုစည်းထားလိုက်တယ်။ မကြာမီမှာ ရိုစီရဲ့အေးငြိမ်တဲ့ အသံကလေးထွက်ပေါ်လာခဲ့တယ်။

"Please come here glass spirit"

"Please come here glass spirit"

"Please come here glass spirit"

ရိုစီက ဖန်ခွက်ဝိညာဉ်ကို အင်္ဂလိပ်လို ခေါ်လိုက်တယ်။ အဓိပ္ပာယ်ကတော့…

'ကျေးဇူးပြု၍ ဖန်ခွက်ဝိညာဉ်လာပါ' တဲ့။

ဒါကတော့ အပျော်တမ်း ဗေဒင်ဟောကစားနည်းပါ။ နေရီတို့နှစ်ယောက်ကတော့ မျက်စိမှိတ်ပြီး လက်ညှိုးကလေး





ကို မထိတထိတင်ထားရတော့ လက်ကလေးတွေက တုန်ယင်လာတယ်။

အဲဒီမှာတင် ရိုစီရဲ့လက်က အခြားသူတွေထက် ပိုပြီး တုန်ယင်လာပြီး ဖန်ခွက်ကလေးက တဖြည်းဖြည်းရွေ့လာတယ်။

'နေရီရေ… ဖန်ခွက်ဝိညာဉ်ဝင်လာပြီ၊ မျက်လုံးဖွင့်လို့ရပြီ'

'အေး… အေး'

'ဖန်ခွက်ကလေးက ဟိုရွေ့သည်ရွေ့ ရွေ့လာတယ်။ ဟော… ဖန်ခွက်ကလေးရွေ့လာပြီနော်၊ နေရီ… အလိုက်သင့်ရွေ့ပေးနော်၊ ဆွဲထားသလို မဖြစ်စေနဲ့'

'အေးပါဟ'

ဖန်ခွက်ကလေး ရွေ့နေတာကိုကြည့်ရင်း မိန်းမလေး အုပ်စုရော ယောကျ်ားလေးအုပ်စုကပါ အံ့သြနေကြတယ်။

'သူတို့များ လက်နဲ့တွန်းနေတာလား'

'ဒါမှမဟုတ်ရင် တကယ်ရွေ့နေတာလား'

အုပ်စုနှစ်စုစလုံးမှာ ဒီလိုအတွေးမျိုးတွေ ဝင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ ရိစီက နတ်ဆရာမကြီးလေသံနဲ့ . . .

'ကဲ . . . ဘာမေးချင်သလဲ မေးကြပါ'

လို့ ပြောလိုက်တယ်။ ဒီတော့ ဗေဒင်ဝါသနာပါတဲ့ မြတ်သန္တာက . . .

'နွေဟေကိုမှာ ချစ်သူရှိလား'

ဆိုတဲ့မေးခွန်းကို အရင်ဆုံးစပြီး မေးလိုက်တယ်။

မေးခွန်းအဆုံးမှာတော့ ဖန်ခွက်ကလေးက တရွေ့ရွေ့ ရွေ့သွားခဲ့တယ်။ စာလုံးတွေဆီကို တဖြည်းဖြည်းရောက်သွားပြီး ရှာနေတယ်။

အားလုံးက စိတ်ဝင်တစားနဲ့ပေါ့။ အမျိုးသားအုပ်စုက ပိုပြီး စိတ်ဝင်စားနေပုံရတယ်။

ဖန်ခွက်ကလေး တဖြည်းဖြည်းရွေ့တာ ရပ်လိုက်ပြီး ဖန်ခွက်ကလေးရဲ့ ရှေ့က စာလုံးကလေးကို ကြည့်လိုက်တော့ "Yes" တဲ့။

'ဟာ . . . နွေ့မှာချစ်သူရှိတယ်တဲ့'

နွေဟေကိုရဲ့မျက်နှာကလေး ရှက်သွေးစို့ပြီး ပန်းနုရောင်ကလေး ဖြစ်သွားတယ်။





'ဒါဆို သူ့ချစ်သူနာမည် ဘယ်သူလဲ'

မြတ်သန္တာက ဆက်မေးလိုက်တယ်။

ဖန်ခွက်ကလေး ရွေ့သွားပြန်ပြီ။ အင်္ဂလိပ်စာလုံးတွေဆီကို တရွေ့ရွေ့သွားပြီး "K" ဆိုတဲ့ စာလုံးရှေ့ရပ်လိုက်တယ်။ နောက်တော့ "T" ဆိုတဲ့စာလုံးကို ညွှန်ပြတယ်။ နောက်ဆုံးက "N" မှာရပ်သွားတယ်။

'KTN ဆိုတာ ကျော်တင့်နိုင် မဟုတ်လား'

စန်းမြင့်ကြည်က အော်ပြောလိုက်တယ်။

'ဟုတ်မယ်၊ ဟုတ်မယ်၊ အဆောင်ကို ဒီလူ ခဏခဏလာတွေ့တယ်'

'နွေ ဘယ်လိုလဲ ဗေဒင်ကမှန်လား'

'မှန်ပါတယ်၊ ဒါပေမဲ့ အဲဒီကိစ္စက မနေရီသိတယ်ဆိုတော့ မနေရီကများ'

'ဟယ် . . . နွေရယ်၊ ငါ့လက်ကရွေ့တာ မှန်ပေမယ့် တကယ့်ကို တမင်လုပ်တာမဟုတ်ပါဘူး'

နွေဟေကိုရဲ့အပြောကြောင့် နေရီက ခပ်မြန်မြန်လေး ရှင်းပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကျော်တင့်နိုင်နဲ့ ရမရထပ်မေးကြည့်ရအောင်'

သူတို့နှစ်ယောက်ကြားမှာ ရှိစီက စကားဖြတ်ပြီးပြော လိုက်တယ်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ နွေဟောကိုနဲ့ ကျော်တင့်နိုင် လက်ထပ်ဖြစ်မလား၊ မထပ်ဖြစ်ဘူးလား'

မြတ်သန္တာက ဆက်မေးလိုက်တယ်။

'ဟယ်… ဒီမေးခွန်းက ရင်တုန်စရာကြီး'

မြင့်မြတ်သီဂီက စနောက်လိုက်တယ်။

ဟော… ဟော… ဖန်ခွက်ကလေးရွေ့သွားတယ်။ ပြီးတော့ "Yes" ဆိုတဲ့ နားမှာ ရပ်လိုက်တယ်။ ဒီတော့ ရှိစီ က…

'အိုကေ… ဂွတ်(ဒ်)လပ်(ခ်)ပဲ'

'ဟုတ်တယ်၊ မင်္ဂလာသတင်းကောင်းကလေးပဲ'

'ကိုယ့်ချစ်သူနဲ့ပေါင်းရမယ်ဆိုတဲ့သတင်းဟာ မင်္ဂလာ အရှိဆုံးပေါ့'

တစ်ယောက်တစ်ပေါက်ပြောရင်း အားလုံးပျော်ရွှင်သွား ကြတယ်။ ဒီတစ်ခါတော့ မြင့်မြတ်သီဂီအလှည့်…





'ကဲ… မြင့်မြတ်ကို ဟောပါဦး၊ မြင့်မြတ်က အလုပ် မှာ အဆင့်တိုးဖို့ စာမေးပွဲဖြေထားတယ်၊ အဲဒါအဆင့် တက်မတက်ပြောပါ'

စောစောကလိုပဲ ဖန်ခွက်ကလေး ရွေ့သွားပြန်ပြီ…

"No" ဆိုတဲ့ စာလုံးရှေ့မှာ ခေတ္တရပ်လိုက်တယ်။ ပြီး တော့ ဆက်ပြီးရွေ့သွားတယ်။ စာလုံးပေါင်းလိုက်တော့ "Fever" တဲ့။

'ဟယ်… အလုပ်က အဆင့်မတက်တဲ့အပြင် ဖျား တောင်ဖျားဦးမယ်ဆိုပါလား'

'ဆက်ဟောပါဦး၊ ရှေ့လျှောက်ဘာဖြစ်မလဲဆိုတာ'

ဖန်ခွက်က စာလုံးတွေရှေ့မှာ ရွေ့သွားပြန်တယ်။

အင်္ဂလိပ်စာလုံး "L" ရှေ့မှာရပ်လိုက်တယ်။ နောက် "O" ၊ ပြီးတော့ "V" တဲ့ ဆက်ပြီး "E" နဲ့ "R" မှာ ရပ် သွားတယ်။

'Lover ဆိုတော့ ချစ်သူရမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့'

'ဒါလည်း ဂွတ်(ထ)နယူးပဲ'

'ဟုတ်တယ်၊ ဟုတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို နေရီကိုလည်း မေးပါဦး'

'ဟုတ်တယ်၊ ဟုတ်တယ်'

'မနေရီမှာ ချစ်သူရှိလားလို့ မေးလိုက်ပါ'

စန်းမြင့်ကြည်က လှမ်းပြောတော့

'မနေရီမှာ ချစ်သူရှိမှန်း ငါသိတယ်၊ ပေါင်းရမလား၊ မပေါင်းရမလားသာမေးပါ'

ရွှေနဒီက အကြောင်းသိမို့ ဒီလိုပြောလိုက်တယ်။ ဖန်ခွက်ကလေးက ရွေ့သွားပြန်ပြီ… နောက်တော့ "No" တဲ့။

'"No" ဆိုပါလား၊ ဒါဆို မနေရီရေ နောက်တစ်ယောက်ကို ခပ်မြန်မြန်သာရှာထားပေတော့'

ကျော့လွှမ်းမိုးက လှမ်းနောက်လိုက်တယ်။ မနေရီက ဒေါပွပွနဲ့ 'သေနာ'လို့ လှမ်းပြောလိုက်တယ်။

'ကဲ… ကဲ… လွှမ်းဝေနိုင်အကြောင်း မေးပါဦး'

'လွှမ်းဝေနိုင်မှာ ချစ်သူရှိလား'

ဖန်ခွက်က "No" လို့ ပြတယ်။

'No တဲ့၊ လွှမ်းဝေနိုင်က Simple ပဲ'

'ဒီတော့ ချစ်သူ ရမရ ထပ်မေးကြည့်ပါ'





'ကဲ… အခုအတောအတွင်းချစ်သူရမရဖြေပါ'

ဖန်ခွက်ကလေးက အတော်မြန်မြန်လေးရွေ့လာတယ်။ ပြီးတော့ စာလုံးတွေတစ်လုံးစီ ရွေ့မှာရပ်လိုက်တယ်။

'အဲဒါကတော့ Love တဲ့'

'ဟယ်… ဒါဆို ချစ်သူတွေ့မယ်ဆိုပါလား'

လွှမ်းဝေနိုင်ရဲ့မျက်နှာက ပြုံးဖြီးဖြီးနဲ့…

'ဒါဆို ချစ်သူတွေ့ပြီး ဘာဖြစ်မလဲ ဆက်ဟောပါဦး'

လို့ လွှမ်းဝေနိုင်က ဝမ်းသာအားရပြောလိုက်တယ်။

ဒီတော့ ဖန်ခွက်ကလေးက လှုပ်ရှားသွားပြီး

"Death" တဲ့။

'ဟင်… အချစ်နဲ့တွေ့ပြီး သေမယ်ဆိုပါလား'

အားလုံးက ဝိုင်းပြောပြီး

'ဟား… ဟား… ဟား'

'အချစ်နဲ့တွေ့ပြီးမှတော့ သေသင့်ပါတယ်'

ကျော့လွှမ်းမိုးကလည်း တရုတ်ကားထဲကပြောသလို နောက်လိုက်တယ်။ ဒီတော့ လွှမ်းဝေနိုင်ရဲ့မျက်နှာက ဆီးရွက်လောက်ငယ်သွားသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



'မနေရီတို့ နောက်နေတာနဲ့တူတယ်'

လို့ လွှမ်းဝေနိုင်က အရှက်ပြေ ပြောလိုက်တယ်။

နေရီက ရယ်ကျဲကျဲနဲ့…

'နေရီ နောက်နေတာ မဟုတ်ပါဘူး လွှမ်းဝေနိုင်ရယ်၊ လက်က သူ့အလိုလိုပါသွားတာပါ၊ အချစ်နဲ့တွေ့ပြီးမှ သေမယ်လို့ပြောတာပါ၊ သေပျော်ပါတယ်၊ မသေချင်ရင် အချစ် နဲ့မတွေ့နဲ့ပေါ့ဟာ'

'ဟော့ကောင် မနေရီပြောတာ မှန်တယ်၊ မင်းမသေချင်ရင် အဘိုးကြီးဖြစ်တဲ့အထိ ချစ်သူမရှာနဲ့'

ကျော်ညွန့်နိုင်က လှမ်းနောက်လိုက်တယ်။

'ဟုတ်တယ်၊ ဟုတ်တယ်'

'ဟား… ဟား… ဟား'

အားလုံးဝိုင်းရယ်တော့ လွှမ်းဝေနိုင် ရှက်သွားပြီး

'အဘိုး ကြီးဖြစ်တဲ့အထိတော့ မစောင့်နိုင်ဘူး၊ ချစ်သူရဲ့ ရင်ခွင်ထဲမှာပဲ သေလိုက်တော့မယ်၊ ကဲ… မှတ်ထား'

သူက စိတ်ဆိုးဆိုးနဲ့ပြောလေ ရယ်ရလေပဲ။





ကဲ ဒီတစ်ခါ ကျော်လွှမ်းမိုးအလှည့်…

'ကဲ… ကျော်လွှမ်းမိုး ဘာမေးချင်လဲ'

'ကျွန်တော့်မှာ ရည်းစားမရှိသေးဘူး၊ ကျွန်တော်က ချစ်နေတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်'

ဒီလိုပြောပြီး မိုးသူဇာဘက်ကို လှည့်ကြည့်လိုက်တယ်။ အားလုံးက ကျော်လွှမ်းမိုးက မိုးသူဇာကို စိတ်ဝင်စားနေမှန်း သိတော့ ခပ်ပြုံးပြုံးဖြစ်သွားကြတယ်။ မိုးသူဇာကလည်း သူ့ကို စောင့်ပြောမှန်းသိတော့ မသိမသာလက်ဝါးလေးထောင်ပြလိုက်တယ်။

ဒီလောက်တော့ ကျော်လွှမ်းမိုးက မမှု…။

ဆက်ပြီး ပြောလိုက်တယ်။

'အဲဒီကောင်မလေးကို ချစ်ရေးဆိုမလို့၊ အဲဒါအောင်မြင်မလားဆိုတာ သိချင်လို့ပါ'

ဒီတစ်ခါတော့ ဖန်ခွက်ရွှေ့တဲ့ မိုးသူဇာက နှုတ်ခမ်းကလေးကို ကိုက်ရင်း…

'ဒီတစ်ခါ ငါ့အလှည့်ပဲ၊ ငါ့အကြောင်း သိစေရမယ်'

ဖန်ခွက်လေးကို သူ့လက်က ဦးဆောင်ပြီး ရွှေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ Chap ဆိုတဲ့ စကားလုံးတွေဆီကို…။

Chap ဆိုတော့ ပါးပေါ့။ ကျော်လွှမ်းမိုးက ဒီလိုပြော လိုက်တယ်။

'အေး… Chap ကတော့ ပါးပဲ၊ ကျော်လွှမ်းမိုး နင့် ပါးမှာ အနာပေါက်မယ်လို့ ပြောတာလား မသိဘူး'

ဒီလိုပြောနေစဉ် ဖန်ခွက်ကေးလက ဆက်ရွေ့သွား တယ်။

အဲဒါကတော့ Beat တဲ့။

'Beat ကရိုက်တာဆိုတော့'

'ဟဲ့… ငါသိပြီ၊ နင် ပါးရိုက်ခံရမယ်လို့ပြောတာ'

'အောင်မလေး ဖန်ခွက်ဝိညာဉ်ကလည်း တိကျလိုက် တာ၊ ပါးရိုက်ခံရမှာတောင် ကြိုသိနေပြီ'

ကျော်လွှမ်းမိုးရဲ့ ငိုမဲ့မဲ့သရုပ်ဆောင်မှုကြောင့် မိုးသူဇာ ပင် ရယ်ချင်သလိုလို ဖြစ်လာခဲ့တယ်။ ပြီးတော့ သူက ဆက်ပြောခဲ့တယ်။

'အောင်မလေး… ဘာမှတောင်မပြောရသေးဘူး၊ ပါး ရိုက်မယ်တဲ့'





နေရီရော ရိုစီကပါ မိုးသူဇာ တမင်လုပ်မှန်းသိလို့ စကားလွှဲလိုက်တယ်။

'ကဲ… ကဲ… ကျော်ညွှန့်ခိုင်အလှည့် ဘာမေးမလဲ'

'တော်ပါပြီ၊ ဘာမှမမေးတော့ပါဘူး၊ သူ့ကိုကျတော့ ပါးရိုက်မယ်တဲ့၊ ကျွန်တော့်အလှည့်မှာဆိုရင် ဓားနဲ့ ထိုးသတ်မယ်လို့များ ပြောမလားမသိဘူး'

'ဟုတ်တယ်နော်၊ Kill လို့မပါသေးဘူးနော်'

'ကဲ… တော်ပြီ၊ တော်ပြီ၊ အမျိုးသားတွေအလှည့်ပြီး သွားပြီ၊ ဒီတစ်ခါ ရိုစီအလှည့်'

ရွှေနဒီက တမင်စကားဖြတ်ချင်လို့ လှမ်းအော်လိုက် တယ်။

'ကဲ… မရိုစီကို လိုက်ကြိုက်နေတဲ့ လူမော်နဲ့ ရမရ'

'အောင်မလေး… လူမော့်ကို မုန်းပါတယ်ဆိုနေမှ ရမရနဲ့တောင် လာတိုးနေသေးတယ်'

ရိုစီက ရယ်ရယ်မောမောနဲ့ပြောလိုက်တယ်။

'ကဲ… ရိုစီရယ်၊ ဒါကအပျော်သဘောပါပဲ၊ မေးမယ် နော်'



www.burmeseclassic.com

www.burmeseclassic.com



'မေးပါ၊ ဒါဆိုရင် ရှိစီ ထွက်ပေးမယ်၊ ရှိစီအစား နွေဟောကို ဝင်လိုက်နော်'

ရှိစီနေရာမှာ နွေဟောကိုက အစားဝင်လိုက်ပြီး မေးခွန်း မေးလိုက်တယ်။

'ရှိစီနဲ့ လူမော်နဲ့ ရမရ ပြောပါ'

ဖန်ခွက်ကလေး ရွေ့သွားပြီး...

No တဲ့။

'အောင်မလေး ဝမ်းသာလိုက်တာ၊ နိုးတဲ့၊ ကိုလူမော် တော့ သွားရှာပြီ'

ရှိစီက နဂိုကမှ ရွှတ်နောက်နောက်။ No ဆိုတာတွေ့တဲ့ အတွက် ဝမ်းနည်းဟန်နဲ့ လှမ်းပြောလိုက်တယ်။

ဒါပေမဲ့ ဖန်ခွက်က ဆက်ရွေ့နေတယ်။ အဲဒါက Fear တဲ့။

'ဟင်... Fear ဆိုတော့ ကြောက်လန့်စရာနဲ့ကြုံတွေ့ ရမယ်ဆိုပါလား'

ရှိစီလည်း ခေါင်းစားသွားတယ်။

'ရှိစီရေ Fear လား၊ Feeling လားဟင်'





'ဖီးယားပဲကောင်းပါတယ်၊ ဒီကောင်နဲ့တော့ ဖီလင် မလာချင်ပါဘူး'

'ကဲ... ဒါဆိုရင် မေးခွန်းပြောင်းမယ်'

'လူမော်နဲ့မဟုတ်ရင် ဘယ်သူနဲ့ချစ်သူဖြစ်မလဲဆိုတာ ပြောပါဦး'

ဖန်ခွက်ကလေးက တရွေ့ရွေ့သွားပြီး ပထမဦးဆုံး "W" ကိုပြတယ်။ ပြီးတော့ "N" ကိုပြတယ်။

'WN ဆိုပါလား'

'ဒါဆို ကိုဝင်းနိုင်လား၊ ကိုဝင်းနောင်လား မသိဘူး'

'ဝင်းနိုင်ဆိုတဲ့နာမည်က ခပ်တုံးတုံးကြီး၊ ရှိစီတော့ တောသားနဲ့ ညားမလားမသိဘူး'

ကျော်လွှမ်းမိုးတို့ အုပ်စုက ရှိစီကို လှမ်းစလိုက်တယ်။ ရှိစီက သူတို့အုပ်စုကို မျက်စောင်းထိုးပြီး

'ပြောထားပါ၊ တောသားလည်း မဆိုးပါဘူး'

ဒီလိုပြောနေစဉ် အဆောင်ဘက်က ရှိစီတို့ဆီကို လူ တစ်ယောက် လျှောက်လာတယ်။

သူကတော့ ဆရာကိုဝဏ္ဏ...။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလည်း မှောင်လာပြီဖြစ်လို့ သူ့တပည့်တွေကို လာရှာတာဖြစ်တယ်။

'ဟော… ဆရာကိုဝဏ္ဏ လိုက်လာပြီ'

လွမ်းဝေနိုင်က ပြောပြောဆိုဆို အပြေးကလေး သွားကြိုလိုက်တယ်။

'မင်းတို့သွားတာ ကြာလို့ ဆရာလိုက်လာတာ'

'ဟုတ်ကဲ့ ဆရာ၊ မနေရီတို့ မရိုစီတို့နဲ့ အပွဲ့ကျနေလို့'

သည်တွင်နေရီက…

'ဆရာ ကြွပါ'

'နေပါစေ မနေရီ၊ ကျွန်တော် ပျင်းလို့ လမ်းလျှောက်လာတာပါ'

ဒီလိုပြောပြီး လွမ်းဝေနိုင်တို့အုပ်စုကိုခေါ်ကာ ပင်လယ်ကမ်းခြေဘက်ကို ဆက်လျှောက်သွားတယ်။

'သြော်… ဆရာကိုဝဏ္ဏကလည်း သူ့လူတွေအတွက် စိတ်ပူရန်ကော'

ရိုစီက ဒီလိုပြောလိုက်တော့ နေရီက…

'ကိုဝဏ္ဏ… ကိုဝဏ္ဏဆိုတော့ သူလည်း WN ပဲပါ





လား ရိုစီရေ၊ မင်းချစ်သူက ဆရာကိုဝဏ္ဏလည်းဖြစ်နိုင်တယ်၊ ဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်လာတာ၊ နို့မဟုတ်ရင် ဘယ်လိုမှ မစဉ်းစားမိဘူး'

'အောင်မလေး… ရှင့်ဆရာက ဣန္ဒြေတစ်ခွဲသားနဲ့'

'နင်ကလည်း ယောကျ်ားမာယာမသိဘူးလား'

'ဟဲ့… ယောကျ်ားမာယာက ဘာလဲ'

'နင့်ကိုတွေ့ချင်တော့ သူ့လူတွေမလာသေးဘူးဆိုပြီး အကြောင်းပြချက်နဲ့ နင့်ကိုလာကြည့်တာပေါ့၊ အဲဒါ ယောကျ်ားမာယာပေါ့'

'မဖြစ်နိုင်ပါဘူးဟယ်'

'ဖြစ်နိုင်တာပေါ့၊ အဲဒါ ဣန္ဒြေရရ ပိုးနည်းလို့ခေါ်တယ်'

နေရီက အဲဒီလိုပြောရင်း တခစ်ခစ်နဲ့ ရယ်လိုက်တော့ အမျိုးသမီးအုပ်စုက အားလုံးလိုက်ပြီး ရယ်ကြတယ်။

ဒီနေ့ကတော့ ဖန်ခွက်ဝိညာဉ်ခေါ်ပွဲကလေးနဲ့ အားလုံး ပျော်ရွှင်ကြည်နူးခဲ့ကြတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

## ရတနာရဲ့ဝိညာဉ်

သည်ညမှာတော့ မြင့်မြတ်သီဂီတစ်ယောက် ဖန်ခွက်ဗေဒင်ကလေးအကြောင်း ပြန်စဉ်းစားမိတယ်။ ဒီလောက်အလုပ်ကို ကြိုးစားတာတောင် ပရိုမိုးရှင်းမပါဘူးတဲ့။

ဟင်း... ဒီအဖေက မုန်းဖို့ကောင်းလိုက်တာ။ ရှိပါစေတော့။ ပရိုမိုးရှင်းမတက်လည်း ကိစ္စမရှိဘူး။

နောက်တစ်ခုက 'ဖျားမယ်'တဲ့။ အဲဒါကတော့ လက်မခံချင်ဆုံးအရာပဲ။





မိဝေးဖဝေးတစ်ယောက်တည်း နယ်ကတက်လာပြီး အဆောင်မှာနေရတဲ့ဘဝမှာ ဖျားနာနေရင် ဘယ်သူက ပြုစုမှာလဲ။

နောက်ဆုံးတစ်ခုက 'ချစ်သူတွေ့မယ်'တဲ့။ ဒါကတော့ ဖြစ်သင့်တဲ့အရာပါပဲ။ မြင့်မြတ်ရဲ့အသက်က နှစ်ဆယ့်ငါးနှစ်ရှိပြီဆိုတော့ ချစ်သူတွေ့သင့်တာပေါ့။

မြင့်မြတ်ကို ချစ်ရေးဆိုတဲ့သူတစ်ဦးတော့ ရှိတယ်။ သူက လွှမ်းဝေနိုင်ပဲ။ သူ့ကိုအဖြေပေးဖို့ စဉ်းစားနေမိတယ်။ သူက အရင်တုန်းက ချစ်သူရှိခဲ့ဖူးတယ်။ အဲဒီကောင်မလေးက 'ရတနာ'လို့ ပြောတယ်။ ကားမှောက်ပြီး သေသွားတာလို့ ပြောဖူးတယ်။ ဒီတော့ သူ့ကိုချစ်ပြန်ရင် အချစ်ရေးက ကံကောင်းပါ့မလားလို့ တွေးနေမိတယ်။

လွှမ်းဝေနိုင်ဟာ မြင့်မြတ်ကို တကယ့်အချစ်စစ်နဲ့ချစ်တာလား။ မိန်းကလေးအဖို့ ချစ်သူထားတယ်ဆိုတာ တကယ့်မေတ္တာမှန်နဲ့ချစ်ဖို့က အဓိကပဲ။ သူ့ရဲ့မေတ္တာဟာ အစစ်အမှန်လားဆိုတော့ အချိန်က အဆုံးအဖြတ်ပေးမှာမို့ စောင့်ကြည့်ရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်တစ်ယောက် ဒီလို အတွေးများနဲ့ ချာချာလည်နေတယ်။

အခုတလော ညနေပိုင်းဆိုရင် အဖျားတက်ချင်သလိုလို ကိုယ်လက်မအီမသာဖြစ်နေတယ်။

ဖန်ခွက်ဝိညာဉ်က Fever လို့ဟောတာ တိုက်ဆိုင်တာလား။ တကယ်လားဆိုတာ ဝေခွဲမရအောင်ဖြစ်နေတယ်။ တကယ်တော့ ကိုယ်ခံစားရတာ ကိုယ်ပဲသိတယ်။ ညနေပိုင်းဆိုရင် စိတ်ကလည်း မတည်ငြိမ်သလို ဖြစ်လာတယ်။

ဒီညတော့ အတွေးတွေ ဝေရင်း အိပ်မက်တစ်ခုမက်ခဲ့တယ်။ အိပ်မက်ထဲမှာ သူမဟာ မှောင်မဲနေတဲ့ အခန်းတစ်ခုထဲမှာ ရောက်နေတယ်။

အားလုံးဟာ ပိန်းပိတ်အောင်မှောင်နေတယ်။

အဲဒီမှာ မထင်မရှား အလင်းရောင်ကလေးတစ်ခု ပေါ်လာတယ်။ အဲဒီအလင်းရောင်ကြောင့် မိန်းမတစ်ယောက်ရဲ့ သဏ္ဍာန်ဟာ မြင့်မြတ်ဆီကို တရွေ့ရွေ့ လာနေမှန်း သိလိုက်တယ်။

တဖြည်းဖြည်း နီးလာလေလေ သူ့ရဲ့သဏ္ဍာန်ကို ပိုပြီး





ထင်ရှားစွာ ဖြစ်ရလေလေပဲ။ ပိန်ပိန်ပါးပါး အသက်နှစ်ဆယ်ဝန်းကျင်လောက်ရှိတဲ့ မိန်းကလေးတစ်ဦး…။

ဆံပင်တွေကလည်း လေအနှော့မှာ လွင့်လူးနေတယ်။

ထို့အတူပဲ သူမရဲ့ အဝတ်အစားတွေကလည်း လေနဲ့အတူတလွင့်လွင့်နဲ့ပဲ သူဟာ မြင့်မြတ်သီဂီရဲ့ ခေါင်းကို ရောက်လာခဲ့တယ်။ သူမရဲ့ ပုံသဏ္ဍာန်က ဝိညာဉ်လို့ထင်ရပေမယ့် တကယ်တမ်းမှာ ချောမျောလှပတဲ့ မိန်းကလေးတစ်ယောက်ပဲ။

အနီးဆုံးကို ရောက်လာခဲ့ပြီ။ သူမဟာ မြင့်မြတ်ရဲ့အနီးကို ရောက်လာတယ်ဆိုရင်ပဲ။

'မြင့်မြတ်သီဂီ' လို့ အသံတိုးတိုးလေးနဲ့ ခေါ်လိုက်တယ်။ မြင့်မြတ်လည်း သူ့နာမည်ကို ခေါ်သံကြားလို့ ဒိတ်ခနဲ လန့်သွားတယ်။

'ရှင်'

အံ့ဩမှုများစွာနဲ့အတူ 'ရှင်' ဆိုတဲ့ အာမေဋိတ်သံ ထွက်လာခဲ့တယ်။ ဒီတော့ သူမက…

'ရှင့်နာမည်သိနေတာကို သိပ်အံ့ဩသွားသလား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း…ပေါ့'

'ရှင်က မသိပေမယ့် ကျွန်မက ရှင့်ကိုသိတယ်'

'ဒါဆိုရင် ရှင်က ဘယ်သူလဲ'

'ကျွန်မက ရတနာပါ'

'ရတနာ ဟုတ်လား၊ ရတနာကို ကျွန်မ မသိဘူး'

'ရတနာက လွမ်းဝေနိုင်ရဲ့ ချစ်သူပါ၊ အခုတော့ ဘဝခြားသွားပြီ'

'ဒါဆိုရင် ရှင်က ဝိညာဉ်ဘဝကိုရောက်သွားပြီပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ ငါက ဝိညာဉ်ပဲ'

'ဒါဖြင့်ရင် ဘာကြောင့် ရှင်က ကျွန်မဆီကို လာရတာလဲ'

'မင်းက လိပ်ပြာလှတော့ ငါ့ရဲ့ဝိညာဉ်ဟာ မင်းကို ပူးကပ်နေပြီ၊ မင်း လွမ်းဝေနိုင်ကို ပြန်ချစ်လိုက်ပါ'

'ရှင်က ကျွန်မကို အမိန့်ပေးတာလား'

'အဲဒီလို မဟုတ်ဘူး၊ မင်းကို သူ သိပ်ချစ်နေမှန်း ငါ သိတယ်၊ ငါက ဘဝခြားနေတော့ ဘယ်လိုမှ





ပေါင်းစပ်လို့မရဘူး၊ ဒီတော့ သူချစ်တဲ့မင်းနဲ့ အဆင်ပြေစေချင်လို့ ငါဟာ မင်းရဲ့ခန္ဓာကိုယ်ထဲကို ပူးကပ်နေပြီ၊ မင်း သူ့ကို ပြန်ချစ်လိုက်တော့'

သူမက လေထဲမှာလွင့်နေပြီ။ မြင့်မြတ်ကို လက်ညှိုးထိုးပြီး ပြောလိုက်တယ်။

'အောင်မလေး… ရတနာရဲ့ ဝိညာဉ်တဲ့၊ ဘုရား… ဘုရား'

အိပ်မက်ထဲမှာ လန့်အော်ရင်း တကယ်ပဲလန့်နိုးလာတယ်။

'ဟဲ့… ညကြီးမင်းကြီး ဘာတွေအော်နေတာလဲ'

ရွှေနှင်းဒီက လှမ်းမေးလိုက်တယ်။

'အောင်မလေး အိပ်မက်ဆိုးကြီး မက်လို့'

မြင့်မြတ်သီဂီက ကြောက်ကြောက်လန့်လန့်နဲ့ ပြန်ဖြေလိုက်တယ်။ ဒီတော့ ရွှေနှင်းဒီက ရေသန့်ဗူးကို ယူလာပြီး

'သူငယ်ချင်း အကြောက်ပြေသွားအောင် ရေသန့်လေး သောက်လိုက်ဦး'

'အေး… ပေး'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… နှင့်တစ်ကိုယ်လုံးမှာလည်း ချွေးတွေရွှဲနေတာပဲ၊ ငါ သုတ်ပေးမယ်နော်'

ရွှေနဒီက ကြိုးတန်းပေါ်မှာတင်ထားတဲ့ မွေးပွမျက်နှာသုတ်ပဝါကို လှမ်းယူပြီး မြင့်မြတ်သီဂီကို သုတ်ပေးလိုက်ရင်း

'ပြောစမ်းပါဦး၊ နှင့်အိပ်မက်က ဘယ်လောက်ကြောက်စရာကောင်းနေလို့လဲ'

'အောင်မလေး သရဲ'

'ဟဲ့… ဘယ်မှာတုန်း သရဲ'

ရွှေနဒီက လန့်လန့်ဖြန့်ဖြန့်နဲ့ တောင်ကြည့်မြောက်ကြည့် ကြည့်လိုက်တယ်။

'သြော်… နှင်ကလည်း ငါ့ရဲ့စကားတောင် မဆုံးသေးဘူး၊ ကြောက်နေပြန်ပြီ'

'မသိဘူးလေ၊ နှင်က သရဲဆိုတော့ ငါလည်းလန့်သွားတာပေါ့'

'မဟုတ်ဘူး၊ အိပ်မက်ထဲမှာ သရဲအခြောက်ခံရလို့'

'ဘယ်လိုခြောက်တာလဲ'

'အဲဒီသရဲမက လွှမ်းဝေနိုင်ရဲ့ ချစ်သူတဲ့၊ ကားမှောက်





လို့သေသွားတဲ့ ရတနာဆိုတဲ့ ကောင်မလေးပေါ့'

'အောင်မလေး ကြောက်စရာကြီး'

'အေး… သူက ငါ့ကိုအမိန့်ပေးနေတယ်၊ လွှမ်းဝေနိုင်ကို ပြန်ကြိုက်ရမယ်တဲ့'

'မကြိုက်တော့ရော ဘာဖြစ်လဲ၊ ကိုယ်ကြိုက်ချင်မှ ကြိုက်မှာပေါ့'

'အေး… အဲဒါ ငါကလိပ်ပြာလှလို့ ငါ့ကိုယ်ထဲကို သူ့ဝိညာဉ်ပူးကပ်ပြီ၊ ချစ်ရမယ်တဲ့'

'အောင်မလေး ဒုက္ခပါပဲ'

'အေးဟာ… ဘယ်လိုအိပ်မက်ဆိုးကြီးလဲ မသိဘူး'

'ဒီလိုဖြစ်ပါလိမ့်မယ်ဟာ၊ အခုတလော နှင် သိပ်နေမကောင်းဘူး မဟုတ်လား၊ နောက်ပြီးတော့ မနေ့က ညနေက ဖန်ခွက်ဗေဒင်ကဟောတော့ နှင်စိတ်စွဲသွားလို့ဖြစ်မှာပါ'

'အေး…ဖြစ်နိုင်ပါတယ်၊ စိတ်စွဲတစ္ဆေပဲထားပါတော့'

ပြောရင်း ဆိုရင်း နံနက်မိုးလင်းသွားပြီဖြစ်လို့ မျက်နှာသစ်ပြီး နေရီတို့အခန်းကို သွားခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မြင့်မြတ်တို့ နဒီတို့ လာတာနဲ့အတော်ပဲ'

'ဘာတွေဖြစ်နေကြလို့လဲ'

'အောင်မလေး... နေရီလေ၊ ညက အိပ်မက်ဆိုးတွေ မက်လို့'

'ဘယ်လိုမက်တာလဲ'

'ခေါင်းပြတ်သရဲကလိုက်လို့ သောင်ပြင်မှာ ပြေးလိုက်ရတာ ဖတ်ဖတ်ကိုမောနေတာပဲ'

'ဟား... ဟား... ဟား'

အားလုံးဝိုင်းရယ်မောလိုက်ကြတယ်။

'မနေရီကို ခေါင်းပြတ်သရဲက လိုက်တယ်၊ မြင့်မြတ်ကတော့ လွမ်းဝေနိုင်ရဲ့ သေသွားတဲ့ချစ်သူ သရဲမက လွမ်းဝေနိုင်ကို ချစ်ရမယ်ဆိုပြီး လက်ညှိုးကြီးထိုးပြီးတော့...'

ရွှေနဒီက သရဲမပုံစံမျိုး မျက်လုံးကြီးပြူးပြီး လက်ညှိုးထိုးလိုက်တဲ့အတွက် အားလုံးက....

'ဟဲ့... နဒီ... နဒီ ဘာဖြစ်သွားတာလဲ'

ရွှေနဒီကို လှုပ်ရမ်းပြီးပြောလိုက်တော့မှ...





'အဲဒီလို ပြောတယ်တဲ့'

'ဟာ... နဒီက တော်တော်နောက်တာပဲ'

ပြောရင်း ရွှေနဒီကို ဝိုင်းထုကြတယ်။

နဒီကတော့ ရွှတ်နောက်နောက်မို့ တဟားဟားနဲ့ ရယ်မောလိုက်တယ်။

'ကဲ... ဆရာကိုဝဏ္ဏနဲ့ လက်ဖက်ရည်သောက်ဖို့ချိန်းထားတယ်၊ သွားကြစို့'

'အေး... အေး'

နေရီတို့အုပ်စု လက်ဖက်ရည်ဆိုင်ကို သွားခဲ့ကြတယ်။ လက်ဖက်ရည်ဆိုင်မှာ ဆရာကိုဝဏ္ဏတို့အုပ်စုက ရောက်နှင့်နေပြီ။

'ဟော... မနေရီတို့အုပ်စု... လာကြ၊ လာကြ'

ဆရာကိုဝဏ္ဏက လှမ်းခေါ်လိုက်တယ်။

'ကဲ... ဘာသောက်မလဲ၊ ကြိုက်တဲ့မုန့် မှာစားကြပါ'

'ဟုတ်ကဲ့ ဆရာ'

လက်ဖက်ရည်သောက်ရင်း ဆရာကိုဝဏ္ဏက လှမ်းမေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

'မနေ့က ရိုစီနဲ့ မနေရီတို့အုပ်စု ဘာတွေလုပ်နေကြတာလဲ'

တကယ်တော့ ဆရာကိုဝဏ္ဏကို ဖန်ခွက်ပေဒင်အကြောင်း ဟိုသုံးကောင်က သံတော်ဦးတင်ပြီးရောပေါ့။ မနေရီက ဒီလိုတွေးလိုက်တယ်။

'ဘာရယ်မဟုတ်ပါဘူး၊ အပျင်းပြေ ဖန်ခွက်ပေဒင်မေးတမ်း ကစားနေတာပါ'

'ဒီလိုမှန်းသိရင် ကျွန်တော် လာပါတယ်၊ ကျွန်တော့်မှာ တစ်ယောက်တည်း ပျင်းနေတာ'

'သြော်... ဆရာက ပေဒင်ဝါသနာပါမှန်း သိရင် ခေါ်ပါတယ်'

မနေရီက မနေ့က ဟောတဲ့အထဲမှာ NW ပါတဲ့ကိစ္စကို သတိရသွားပေမယ့် ဆရာတစ်ယောက်ဖြစ်နေလို့ ပြောသင့်မပြောသင့် ချိန်နေတုန်း...

ကျော်ညွန့်နိုင်က

'မနေရီ... မနေ့က ရိုစီကိုပေဒင်ဟောတဲ့အထဲမှာ





ဆရာကိုဝဏ္ဏအကြောင်း ပါတယ်ဆိုတာ ပြောလိုက်ဦးလေ'

နေရီက လှမ်းပြောလိုက်တယ်။

'ဟယ်... နင်တို့ဆရာ့ကို ပြောလိုက်ပြီလား'

'အေး... ပြောလိုက်တယ်၊ ဒါမှငါတို့ဆရာလည်း လူပျိုကြီးဘဝက ကျွတ်မှာပေါ့'

ကျော်ညွန့်နိုင်က ဒီလိုပြောလိုက်တော့ ဆရာကိုဝဏ္ဏရဲ့မျက်နှာက ရှက်သလိုလိုဖြစ်သွားပြီး ပြုံးနေတယ်။ ဒီတော့ နေရီရဲ့စိတ်မှာ...

'သြော်... သူလည်းလေ လောကီသားပေမို့ အချစ်နဲ့ တွေ့ဖူးချင်တယ်နဲ့တူတယ်'

ဒီအတွေးလေးဝင်လာခဲ့တယ်။ သူလည်း သိမှတော့ မထူးပါဘူး။ ပြောလိုက်တာပဲ ကောင်းတယ်။ ဒါကြောင့်။

'ဟုတ်တယ် ဆရာ၊ ရိုစီကို ချစ်သူနဲ့တွေ့မယ်လို့ အဟောထွက်တယ်၊ ချစ်သူနာမည်ကိုမေးတော့ WN လို့ပြတယ်၊ နေရီတို့က ဝင်းနိုင်လား၊ ဝင်းနောင်လား လို့ စဉ်းစားနေတုန်း ဆရာရောက်လာလို့ ဒါနဲ့ဝဏ္ဏ



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်နိုင်တာပဲလို့ ပြောတာပေါ့'

ဒီလိုစကားပြောနေစဉ် ရိုစီက ဒီလက်ဖက်ရည်ဆိုင်ကို လိုက်လာခဲ့တယ်။

'ဟယ်… နေရီ နင့်ရဲ့အခန်းတောင် ရောက်ခဲ့သေးတယ်၊ နင်တို့ထွက်သွားပြီဆိုလို့ ငါလိုက်လာတာ၊ ဒီနေ့ နင်တို့ကို ငါ ဒကာခံမယ်'

'နေပါစေဗျာ၊ ကျွန်တော်ကပဲ အားလုံးကို ဒကာခံမှာပါ၊ မရိုစီ ဘာသောက်မလဲပြော'

'ဩော်… အလှူ့ဒကာနဲ့လာတွေ့နေတာကိုး'

ရိုစီက ပြောပြောဆိုဆို နေရီနားက လွတ်နေတဲ့ကုလားထိုင်မှာ ဝင်ထိုက်လိုက်တယ်။

နေရီက ဆရာကိုဝဏ္ဏကိုလှမ်းကြည့်လိုက်တော့ ပြုံးဖြီးဖြီးနဲ့…

ရိုစီကတော့ ဘာမှန်းညာမှန်းမသိဘဲ ခပ်အေးအေးပဲ လက်ဖက်ရည်သောက်နေခဲ့တယ်။

ဒီအချိန်မှာ ကျော်လွှမ်းမိုးက နေရီ့ကိုမျက်စပြစ်လိုက်တယ်။ ဒီအထာမျိုး ရိုးနေပြီ။





နေရီက ချက်ဆို နားကွက်က မီးတောက်တယ်။

'ရိုစီ… နင် ဒီမှာ ခဏနေပြီး ဆရာကိုဝဏ္ဏနဲ့ စကားပြောနှင့်ဦး၊ ငါတို့အုပ်စု လုပ်စရာလေးရှိလို့'

'အေး… အေး…'

ရိုစီက ခပ်အေးအေးပြန်ပြောလိုက်တယ်။

'ဟဲ့… ကျော်လွှမ်းမိုးတို့အုပ်စု လိုက်ခဲ့လေ၊ အလုပ်ကိစ္စပြောစရာရှိတယ်'

ပြောပြောဆိုဆို ဆရာကိုဝဏ္ဏနဲ့ ရိုစီကို ထားခဲ့ပြီး သောင်ပြင်ဘက် လျှောက်လာတယ်။

'ဆရာကိုဝဏ္ဏနဲ့ ရိုစီနဲ့ကော ထားပစ်ခဲ့ပြီ၊ ဘယ်လိုစခန်းသွားမလဲ မသိဘူး'

ကျော်လွှမ်းမိုးက နေရီတို့အုပ်စုကို လှမ်းပြောလိုက်တယ်။

'တို့ဆရာကလည်း တော်တော်တုံးတာ၊ ပြောမှပြောပါ့မလား မသိဘူး'

နေရီက သူတို့ကို ပြန်ပြောလိုက်တယ်။

'ငါတို့က အဆောင်မှာကတည်းက ပြောလာတာ၊



www.burmeseclassic.com

www.burmeseclassic.com



WN အကြောင်းကိုလေ'

'ဒီတော့ ဆရာကိုဝတ္ထုက ဘာပြောလဲ'

'ရှိစီက တော်တော်ချောတယ်တဲ့'

'အိုကေ… ဒါဆိုဖြစ်နိုင်လောက်ပြီ'

'အေးလေ ဒီအခွင့်အရေးမျိုးရခဲ့ဘိခြင်း'

တစ်ယောက်တစ်ပေါက်ပြောရင်း နေရီက မျက်စပစ်ပြလိုက်တယ်။ အလျှိုလျှိုပျောက်သွားတယ်။

မြင့်မြတ်သီဂီနဲ့ လွမ်းဝေနိုင်ဘဲ ကျန်ခဲ့တယ်။ လွမ်းဝေနိုင်က ချက်ချင်းအထာပေါက်သွားတယ်။

'မြင့်မြတ် ကျွန်တော့်ကို ဘယ်တော့အဖြေပေးမှာလဲဟင်'

'ကျွန်မ မစဉ်းစားရသေးဘူး'

'စဉ်းစားပါ မြင့်မြတ်ရယ်၊ အဖြေပေးရင်သာ ကျွန်တော် ဝမ်းသာရမယ့်အဖြေမျိုးပဲပေးပါနော်'

မြင့်မြတ်က လွမ်းဝေနိုင်နဲ့ စကားပြောရင်း ရင်ထဲမှာ ဝေဒနာတစ်မျိုးကို ခံစားခဲ့ရတယ်။

သနားဂရုဏာသက်မိခြင်းလား။





ကြင်နာခြင်းလား။

ရင်ထဲမှာ မွန်းကျပ်နေတယ်။ ချက်ချင်းပဲ အိပ်မက်ကို သတိရလိုက်တယ်။

အိပ်မက်ထဲက လက်ညှိုးထိုးပြီးပြောတဲ့ ရတနာရဲ့ ရုပ်ပုံကိုမြင်ယောင်လာတယ်။ မြင့်မြတ်ရဲ့ ခန္ဓာကိုယ်ထဲကို တစ်စုံတစ်ရာ ပူးဝင်သလိုခံစားလိုက်ရတယ်။ ဦးခေါင်းထဲမှာ မူးဝေဝေ ဇက်ကခပ်လေးလေးဖြစ်လာပြီး မြင့်မြတ်က ရတနာဖြစ်သွားလိုက်ပြီး…

သူ့ကိုယ်သူ ရတနာလို့ ထင်ယောင်ထင်မှားဖြစ်သွားတယ်။ လွမ်းဝေနိုင်နဲ့ တကယ့်ချစ်သူတွေလို စိတ်မှာခံစားလိုက်ရတယ်။ ဒါပေမဲ့ စိတ်ကိုထိန်းပြီး…

'မြင့်မြတ် အကောင်းဆုံးအဖြေကိုပေးဖို့ စဉ်းစားနေပါတယ်'

ဒီလိုစကားမျိုး ပါးစပ်က လွှတ်ခနဲ ထွက်သွားခဲ့တယ်။

'မြင့်မြတ်ရယ်… ဒီစကားကြားရတာနဲ့တင် ကျွန်တော် အရမ်းဝမ်းသာသွားပါပြီ'

'ကဲ… ဒါဆိုမြင့်မြတ်သွားတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ'

မြင့်မြတ်ရဲ့ ရင်မှ တဒိတ်ဒိန်ခုန်ရင်း သဲသောင်ပြင်က အပြေးကလေး ထွက်ခွာသွားခဲ့တယ်။

လွမ်းဝေနိုင်က ပီတိအပြုံးနဲ့အတူ သဲသောင်ပြင်မှာ တစ်ယောက်တည်း…

* * *



## အခန်း(၉)

## ဂျင်းဂျာကင်နဲ့ လူသုံးယောက်

'အချစ်က စားတယ်ကွာ'

ရိုစီက နေရီကို ခပ်ငြီးငြီးကလေးပြောလိုက်တယ်။

ဒီတော့ နေရီက…

'ဘာတွေစားနေတာလဲ ပြောပါဦး'

'မင်းတို့ဆရာ ကိုဝဏ္ဏပေါ့၊ ဟိုတစ်နေ့က ဖန်ခွက် ပေဒင်ကိစ္စနဲ့ပတ်သက်ပြီး သူကငါ့ကိုချစ်ရေးဆိုတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့'

'ငါလည်း ဘာပြောရမှန်းမသိလို့ စဉ်းစားပါရစေလို့ ပြောလိုက်တယ်'

'ဒီတော့ ဆရာက ဘာပြောလဲ'

'ဒီက မပြန်ခင် အဖြေပေးပါလို့ပြောတယ်၊ ဒါကြောင့် ငါ ခေါင်းစားနေတာ'

'ဆရာ့အတွက်တော့ ခေါင်းမစားပါနဲ့၊ ဆရာက လက်ထောက်ကြီးကြပ်ရေးမှူးဆိုတော့ ဝင်ငွေကောင်းတယ်၊ နောက်ပြီး စိတ်သဘောထားလည်း ကောင်းတယ်'

'ဒါဆိုရင် သူ့ကိုနေရီကရော သဘောတူထောက်ခံလား'

'ထောက်ခံပါတယ်၊ ဆရာဟာ ရိုစီအတွက် ချစ်သူကောင်းတစ်ယောက်ဖြစ်နိုင်သလို အိမ်ထောင်ဘက်ကောင်းတစ်ယောက်လည်း ဖြစ်နိုင်ပါတယ်'

'ရိုစီလည်း အဲဒီလိုပဲ ထင်ပါတယ်'

'ဒါဆို သိပ်အချိန်ဆွဲမနေပါနဲ့ကွာ၊ မြန်မြန်သာအဖြေပေးလိုက်ပါ'





'သိပ်မြန်လို့တော့ မဖြစ်ဘူး၊ ကျွန်မက မိန်းကလေးရှင့်'

'ဪ... ဟုတ်ပါရဲ့၊ ရိုစီက မိန်းကလေးဆိုတာမေ့သွားလို့'

နေရီက တမင်သက်သက် ရွဲ့ပြောလိုက်တယ်။

'နေရီက မကောင်းဘူးကွာ'

နေရီတို့နှစ်ယောက် စကားပြောနေစဉ် ဆရာကိုဝဏ္ဏတို့အဖွဲ့ ရောက်လာခဲ့တယ်။

'ဪ... ရိုစီလည်း ရောက်နေတာကိုး'

'ဟုတ်ကဲ့ပါ ကိုဝဏ္ဏ'

ရိုစီက ဣန္ဒြေရရှာ ပြန်ပြောလိုက်တယ်။

ဆရာကိုဝဏ္ဏနဲ့ ရိုစီတို့ ဇာတ်လမ်းစရေးအတွက် နေရီတို့အုပ်စုက ရှောင်ပေးလိုက်တယ်။

သူတို့နှစ်ဦး သဲသောင်ပြင်မှာ လမ်းလျှောက်ရင်း စကားပြောနေရဲ့။ သူတို့ပြောတဲ့စကားသံကို မကြားရပေမယ့် ချစ်ခြင်းဖွဲ့ သံစဉ်များဖြစ်မယ်ဆိုတာ နေရီတို့အုပ်စုက သဘောပေါက်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတို့နှစ်ယောက် အတန်ကြာအောင် ဆွေးနွေးနေကြတယ်။ နေရီတို့အုပ်စုနဲ့ လွမ်းဝေနိုင်တို့အုပ်စုက မလှမ်းမကမ်းမှာ စောင့်နေခဲ့ကြတယ်။ ဒီလိုစောင့်နေစဉ်မှာ…

ဟော… သူတို့နောက်မှာ ဂျင်းဂျာကင်နဲ့လူသုံးယောက် ရပ်ကြည့်နေတာတွေ့ရတယ်။ အဲဒီထဲကတစ်ယောက်က ဆရာတို့ကို မထီမဲ့မြင်ဟန်နဲ့ ခါးထောက်ပြီးကြည့်နေတယ်။

ဒီတင် ကျော်လွမ်းမိုးက…

'မနေရီ… ကျွန်တော် ဟိုသုံးယောက်ကို မသင်္ကာဘူး'

'နေရီလည်း မသင်္ကာလို့ ကြည့်နေတာ'

'ကျွန်တော်တို့အနီးကို သွားကြည့်ရအောင်'

'ဟုတ်တယ်၊ အဲဒါကောင်းတယ်၊ ချစရာရှိရင်ချရအောင်'

'ဟုတ်တယ်၊ အချိုးပြေချင်ပြေ၊ မပြေလို့ကတော့ ကမ်းမွှန်းချလင်းပဲ'

ကျော်ညွန့်နိုင်က အဖွဲ့သားတွေအားကိုးနဲ့ ခပ်ထန်ထန်ပြောလိုက်တယ်။ နေရီတို့အုပ်စုတွေ တန်းစီပြီး တရွေ့ရွေ့





ရှိစီတို့အနားကို သွားလိုက်တယ်။

တဖြည်းဖြည်း ဂျင်းဂျာကင်ဝတ် လူသုံးယောက်ရဲ့ အနီးကိုရောက်လာတယ်ဆိုရင်ပဲ နွေဟေကိုက…

'ဟဲ့တော့… မင်းသား လူမော်ပါလား'

အာမေဋိတ်သံလေးနဲ့အတူ ပြောလိုက်တယ်။

'အေးတော့… လူမော်ပဲ'

မိုးသူဇာတို့အုပ်စုက ထောက်ခံပြောဆိုလိုက်တယ်။

လူမော်ဆိုတဲ့တပြိုင်နက် အကြောင်းသိနေတဲ့နေရီက ချက်ချင်းသဘောပေါက်သွားတယ်။

လူမော်ဆိုတဲ့ ဒုတိယဇာတ်လိုက်မင်းသားက ရှိစီကို တဖက်သက်အချစ်နဲ့ ချစ်နေတဲ့သူပဲ။ ဒီတော့ ရှိစီနဲ့ ဆရာကိုဝဏ္ဏတို့အတွဲကို သူကမကျေနပ်တဲ့အကြည့်နဲ့ ကြည့်နေတာကိုး။

နေရီက ကျော်လွမ်းမိုးတို့အဖွဲ့သားတွေကို တိုးတိုးလေး သတိပေးလိုက်တယ်။

'ဟဲ့… မင်းသားလူမော်က ရှိစီကို တဖက်သတ်ကြိုက်နေတဲ့သူပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့်မို့ ဒီကောင်က ရှူးသိုးသိုးနဲ့ ကြည့်နေတာကိုး'

'တွေ့မယ်'

ပြောပြောဆိုဆို ယောကျ်ားလေးအဖွဲ့ဝင်သုံးယောက်ထဲက လွမ်းဝေနိုင်က လူမော်တို့အနားမှာ သွားပြီး ဘောင်းဘီအိတ်ကို လက်နှိုက်ပြီး ခပ်စောင်စောင်ကြည့်လိုက်တယ်။ ပြီးတော့ သူတို့အချင်းချင်း ခပ်ကျယ်ကျယ်ပြောလိုက်တယ်။

'ဟေ့ကောင်… ကျော်လွှမ်းမိုး၊ လွမ်းဝေနိုင်ကို ဂရုစိုက်ကြည့်နေနော်၊ ဒီကောင်က စိတ်ရောဂါဝေဒနာရှင်လက်မှတ်ရထားတာ၊ သူက လူသတ်ချင်နေတဲ့ပုံပဲ'

ကျော်ညွန့်ခိုင်က ဒီလိုခပ်ကျယ်ကျယ်ပြောလိုက်တော့ လူမော်တို့အုပ်စုက လွမ်းဝေနိုင်ကို လှည့်ကြည့်လိုက်တယ်။

'အောင်မယ်… အောင်မယ်… လွမ်းဝေနိုင်က အိုက်တင်ကောင်းတယ်၊ ဘောင်းဘီထဲလက်နှိုက်ပြီး မျက်နှာခပ် မာမာနဲ့ ကြည့်နေတာများ ဗီဒီယိုထဲက စိတ္တဇလူသတ်သမား ကျနေတာပဲ'





နေရီက အမျိုးသမီးအဖွဲ့ကို ခပ်တိုးတိုးလေးပြောလိုက်တယ်။ ဒီအချိန်မှာ လူမော်တို့အုပ်စုကလည်း လွမ်းဝေနိုင်ကို လှမ်းကြည့်ပြီး သူတို့အုပ်စု ခေါင်းချင်းဆိုင်ပြီး တီးတိုးပြောလိုက်တယ်။ ပြီးတော့ တချိုးတည်း နောက်ကြောင်းကို လှည့်ပြန်သွားတယ်။

'ဟော… ဟိုကောင်တွေ တချိုးတည်းပြေးပြီ'

'ဒါမှ တို့ လွမ်းဝေနိုင်ဟေ့'

'ဟယ်… ဟုတ်ပေါင်ဘူး၊ မြင့်မြတ်ရဲ့ လွမ်းဝေနိုင်ဟေ့'

နေရီတို့ မိန်းကလေးအုပ်စုက တစ်ယောက်တစ်ပေါက်ပြောလိုက်ကြတယ်။ ဒီအချိန်မှာ လွမ်းဝေနိုင်တို့အုပ်စုက အနီးကိုရောက်လာပြီး…

'မနေရီ… လွမ်းဝေနိုင် သရုပ်ဆောင်တာ ဘယ်လိုလဲ'

'ကောင်းတယ်၊ ကောင်းတယ်၊ တကယ့်ကိုစိတ္တဇလူသတ်သမားကြီးကျနေတာပဲ'

'မနေရီကလည်းဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဆောရီး... ဆောရီး... စကားပြောစေသွားလို့ပါ၊ သရုပ်ဆောင်တာ တကယ့်ကို ပီပြင်တယ်လို့ ပြောမလို့ပါ'

'ဒီလိုလုပ်စမ်းပါ မနေရီရဲ့'

နေရီတို့အုပ်စု လူမော်ကို အနိုင်နဲ့ပိုင်းလိုက်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူနေတုန်း ဆရာကိုဝဏ္ဏနဲ့ ရိုစီတို့နှစ်ယောက်က နေရီတို့ဆီကို လမ်းလျှောက်လာခဲ့တယ်။ နေရီတို့ပုံကိုကြည့်ပြီး...

'နေရီတို့ ဘာဖြစ်နေကြတာလဲ'

ရိုစီက ပျာပျာသလဲ မေးလိုက်တယ်။

'ဪ... ခုနက ဆရာနဲ့ရိုစီတို့ စကားပြောနေတာကို မင်းသားလူမော်တို့အုပ်စုက မိုက်ကြည့်ကြည့်နေလို့ လွမ်းဝေနိုင်က ပညာပေးလိုက်တယ်'

'ဟင်... ဟုတ်လား'

'ဘယ်လိုပညာပေးလိုက်တာလဲ နေရီ'

'ဪ... လွမ်းဝေနိုင်က သူတို့ကို တကယ်လုပ်တော့မယ့်ပုံမျိုးနဲ့ စိတ္တဇလူသတ်သမားလို လုပ်ပြလို့





သူတို့ကြောက်ပြီး ထွက်ပြေးသွားတယ်'

'ဟေ... ဟုတ်လား'

ဆရာကိုဝဏ္ဏက အံ့သြစွာ လှမ်းပြောလိုက်တယ်။

'ဒါနဲ့ ကိုလွမ်းဝေနိုင်က ဘယ်လိုလုပ်ပြလိုက်တာလဲ'

ရိုစီက လှမ်းမေးတော့ လွမ်းဝေနိုင်က မျက်နှာရှုတည်တည်နဲ့ ဘောင်းဘီအိတ်ထဲလက်နှိုက်ပြီး မျက်လုံးကို ကောင်းကင်ဘက်သို့ တစ်လုံး မြေကြီးဆီသို့ တစ်လုံး ကြည့်ပြလိုက်တယ်။

သူ့ကိုကြည့်ပြီး အားလုံးပွဲကျသွားတယ်။

'ဟား... ဟား... ဟား'

အမှန်တကယ်တော့ ပျော်စရာမရှာဘဲ တကယ့်ကို ပျော်ရွှင်သွားကြတယ်။ နေရီက ဆရာကိုဝဏ္ဏကို လှမ်းကြည့်ပြီး ရိုစီကို မေးငေါ့ပြပြီး လက်ညှိုးနဲ့ လက်ခလယ်ကို ထောင်ပြလိုက်တယ်။ သူမရဲ့ သင်္ကေတက ရိုစီနဲ့ Peace ဖြစ်မဖြစ်ပေါ့။ ဆရာကိုဝဏ္ဏက ဒါလောက်တော့ ပါးတယ်။

သူကလည်း လက်ညှိုးနဲ့လက်ခလယ်ကို ပြန်ထောင်ပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဗိ... ဖေ ပေါ့။

ဘာပဲဖြစ်ဖြစ် ဆရာကိုဝဏ္ဏ ချစ်သူရသွားတာ ဝမ်းသာစရာပါပဲ။

'ကဲ... လက်ဖက်ရည်ဆိုင်သွားကြစို့'

ဆရာကိုဝဏ္ဏက စပွန်ဆာပဲပေါ့။

ကိုဝဏ္ဏတို့တစ်သိုက် အောင်ပွဲခံအထိမ်းအမှတ်နဲ့ လက်ဖက်ရည်သောက်ရင်း စကားတွေဖောင်ဖွဲ့ပြောဖြစ်ကြတယ်။

* * *

နောက်တစ်နေ့မှာတော့...။

နေရီတို့မရောက်ခင်ကတည်းက သဲသောင်ယံမှာ...

ဆရာကိုဝဏ္ဏနဲ့ ရှိစီတို့စုံတွဲကို တွေ့လိုက်ရတယ်။ ဟို သုံးယောက်က ခပ်လှမ်းလှမ်းမှာ ထိုင်စောင့်နေကြတယ်။

ဆရာရဲ့ ဘော်ဒီဂတ်လိုလို ဘာလိုလိုနဲ့။

နေရီက ကျော်လွှမ်းမိုးတို့အုပ်စုကို လှမ်းပြောလိုက်တယ်။





'ဆရာက အရင်တုန်းက ဣန္ဒြေကြီးတစ်ခွဲသားနဲ့ အခု ချစ်သူလည်းတွေ့ရော ထိန်းမရတော့ဘူး'

'ဒါကတော့ မပြောပါနဲ့ဟာ၊ သူနဲ့ရွယ်တူဆိုရင် ကလေးငါးယောက်လောက်ရနေပြီ၊ အခုမှ ဒုန်းပျံနဲ့ အမီလိုက်ဖို့ကြိုးစားနေတာ၊ ကြိုးစားပါစေ'

'ဟင်... နင်တို့က သိပ်မြန်စေချင်တယ်ပေါ့၊ ဒါဆိုရင် ဒီမှာတင်တစ်ခါတည်းမင်္ဂလာဆောင်ပါလုပ်ပေးပါလား'

'အဲဒါလည်း ကောင်းတာပဲ'

သည်လိုပြောနေစဉ် လူရွှင်တော်ပေတိုးနဲ့အဖော် အမျိုးသားတစ်ယောက်ကို တွေ့လိုက်ရတယ်။

'ဟော... ဟိုမှာ ပေတိုးမဟုတ်လား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ရှိစီတို့ကို မသိမသာအကဲခတ်နေပုံရတယ်'

နေရီတို့အဖွဲ့က တွေ့သွားတော့ လွှမ်းဝေနိုင်တို့အုပ်စုကို လှမ်းပြောလိုက်တယ်။

'လွှမ်းဝေနိုင်ရေ... ဒီတစ်ခါတော့ လူမော်ပေါ်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူ့ရဲ့လက်ထောက်နှစ်ယောက်ကို လွှတ်ပြီးကြည့်ခိုင်းလိုက်တယ်'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ငါတို့လိုက်သွားကြည့်လိုက်ဦးမယ်'

လွမ်းဝေနိုင်တို့သုံးယောက် လူရွှင်တော်ပေတိုးတို့နှစ်ယောက်နားကို ယောင်ပေ ယောင်ပေနဲ့ သွားပြီး အကဲခပ်လိုက်တယ်။

ပေတိုးက လွမ်းဝေနိုင်တို့အုပ်စုကို တွေ့တယ်ဆိုရင်ပဲ သူ့အဖော်ကို တီးတိုးပြောလိုက်ပြီး ရှောင်ထွက်သွားတယ်။

'ဟိုကောင်တွေ ပြန်သွားပြီ'

'မင်းကို ကြောက်လို့နဲ့တူတယ်'

ဒီလိုပြောပြီး နေရီတို့အုပ်စုဆီကို ပြန်လာခဲ့တယ်။

'မနေရီ… ဟိုကောင်တွေတော့ လစ်သွားပြီ'

'ဘာပဲဖြစ်ဖြစ် ဆရာ့ကိုတော့ ဒီအကြောင်းကို အသိပေးထားမှဖြစ်မယ်'

သိပ်မကြာမီအချိန်မှာ ဆရာကိုဝဏ္ဏနဲ့ ရှိစီတို့ ရယ်ရယ်မောမောစကားပြောပြီး ပြန်လာခဲ့ကြတယ်။





'ဟော… မနေရီတို့တောင် ရောက်နေပြီကိုး'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်မ ဆရာ့ကိုအရေးတကြီးပြောတာမဟုတ်ပေမယ့် ကိုယ့်ဆရာဆိုတော့ သိသင့်တယ်လို့ ထင်လို့ပါ'

'ဘာများလဲ မနေရီ'

'ခုနက ဆရာတို့ စကားပြောနေတုန်းက လူမော်တော့မပါဘူး၊ ပေတိုးနဲ့ အဖော်တစ်ယောက် ဆရာတို့ကို လိုက်ချောင်းနေတယ်'

နေရီက သူတွေ့သမျှအကြောင်းတွေကို ပြောပြလိုက်တယ်။

ဆရာကိုဝဏ္ဏက ခပ်ကြောင်ကြောင်နဲ့…

'သူတို့က ဘာဖြစ်လို့ ကျွန်တော်တို့ကို လိုက်ချောင်းနေရတာလဲ'

ဒီလိုမေးလိုက်တယ်။

'ဒါတော့ နေရီ မသိဘူး ဆရာ၊ နေရီတို့က တွေ့တာကိုပဲ ပြောရတာ'

နေရီက ဆရာကိုဝဏ္ဏအမေးကို ပြန်ဖြေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ရိုစီက တစ်ခုခုကို စဉ်းစားပြီး…

'ဖြစ်နိုင်တယ် ဆရာ၊ လူမော်က ရိုစီကိုကြိုက်နေတာ၊ ရိုစီက ပြန်မကြိုက်လို့ မကျေနပ်ဖြစ်နေတာ၊ အခုတော့ ရိုစီက ဆရာနဲ့တွဲနေလို့ လိုက်ကြည့်နေတာဖြစ်မယ်'

'ဒါဆို ဘယ်လိုလုပ်ကြမလဲ'

နေရီက စိုးရိမ်စွာနဲ့ မေးလိုက်တယ်။

'အေး… ဟုတ်တယ်၊ လူမော်က အညှိုးကြီးတယ်၊ ရိုစီကို ချစ်ရေးဆိုတုန်းက ပြောတဲ့စကားတစ်ခွန်းရှိတယ်၊ အဲဒါက ရိုစီ… ကျွန်တော်က လိုချင်တာမှန်သမျှ ရအောင်ယူတတ်တဲ့အကျင့်ရှိတယ်၊ ကျွန်တော် ရိုစီကို သိပ်ချစ်တယ်၊ အဆုံးရှုံးမခံနိုင်ဘူး၊ ကျွန်တော့်ကို ပြန်ချစ်ပါလို့ ပြောခဲ့တယ်'

'ဟင်… ဟုတ်လား၊ နောက်တော့ဘယ်လိုဖြစ်သွားလဲ'

'ရိုစီက သူ့အချစ်ကို လက်မခံသေးပါဘူး၊ ဒါကြောင့် မကျေနပ်လို့ လိုက်ချောင်းနေတာနေမှာ'





'ဒါဆို… ရိုစီနဲ့ဆရာ့အခြေအနေကို သိသွားရင် ဘာဖြစ်နိုင်မလဲ'

မိုးသူဇာက စိုးရိမ်စွာမေးလိုက်တယ်။ ဒီတော့ ရိုစီက

'သူမကျေနပ်လည်း မတတ်နိုင်ဘူး၊ ရိုစီဟာလွတ်လပ်တဲ့သူတစ်ယောက်ပဲ၊ ရိုစီရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတယ်၊ ရိုစီရဲ့ လက်တွဲဖော်ကို မိဘတွေကတောင် လွတ်လပ်စွာရွေးချယ်ခွင့်ပြုထားတာ၊ သူက ဘာမို့လဲ၊ ဟင်း… လက်တွဲပြီးတောင် လျှောက်ပြရဲသေးတယ်'

ရိုစီကလည်း စိတ်က ခပ်ထက်ထက်။ မဟုတ်မခံတတ်သူမို့ ရင်ထဲကအရှိအတိုင်း ပြောလိုက်တယ်။

'ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်ကတော့ သတိထားနေရမှာပဲ'

ဆရာကိုဝဏ္ဏက လူကြီးပီပီ စဉ်းစဉ်းစားစားနဲ့ ပြောလိုက်တယ်။

'အင်းလေ… ဒီလိုကြိုတင်သိထားတာ ကောင်းပါတယ်၊ တစ်ခုခုဆိုရင် ကြိုပြီးရှောင်နိုင်တာပေါ့'

'ဟုတ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



လူမော်နဲ့ ပတ်သက်ပြီး စကားတွေအများကြီးပြောဖြစ်ကြတယ်။ နောက်တော့ လွမ်းဝေနိုင်က မြင့်မြတ်သီဂီကို လာပြီး…

'မြင့်မြတ်… နေကောင်းရဲ့လား၊ ကြည့်ရတာ မလန်းသလိုပဲ'

'ဟုတ်တယ်၊ ညနေပိုင်းရောက်ရင် ဖျားခင်သလိုလိုပဲ၊ သိပ်နေမကောင်းချင်ဘူး'

'ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ၊ တစ်ခုခုအရေးကြီးရင် ဆရာ့ဆီကို ဖုန်းဆက်လိုက်နော်'

'အင်းပါ'

သူတို့နှစ်ဦး စကားပြောနေတာကို အစအနောက်သန်တဲ့ စန်းမြင့်ကြည်က…

'အကြင်နာမျက်လုံးတစ်စုံနဲ့ မေတ္တာနှုတ်ခမ်းက ပွင့်ထွက်လာတဲ့ အချစ်သံစဉ်ကလေးတွေဟာ နှလုံးသားထဲမှာ အေးမြလို့သွားတယ်'

ဆိုတဲ့ သီချင်းကလေးကိုဆိုပြီး မျက်နှာကလေးကို မဲ့မဲ့ကလေးလုပ်ပြီး သရောက်ပြုံးကလေးနဲ့ ပြုံးပြလိုက်တယ်။





သူမရဲ့ မျက်နှာပေးကြောင့် အားလုံးက တဟားဟားရယ်မောလိုက်တယ်။

'ဟား… ဟား… ဟား'

'ဒီလောက်လည်း အစိုးရိမ်ပါနဲ့ အသက်နဲ့အဝေးကြီးပါ'

ရွှေနဒီက ထပ်ဆင့်ပြောလိုက်တယ်။ တကယ်တော့ သူတို့အုပ်စုဟာ ပျော်စရာစကားလေးတွေနဲ့ အလွန်ချမ်းမြေ့ပျော်ရွှင်တဲ့ အုပ်စုတွေပဲဖြစ်တယ်။

ဒီအချိန်မှာ နေရီက စကားလမ်းလွှဲပြီး ရိုစီကို လှမ်းမေးလိုက်တယ်။

'သြော်… ဒါနဲ့ရိုစီတို့ ရုပ်ရှင်အဖွဲ့သားတွေ ဘယ်တော့ပြန်မှာလဲ'

ရိုစီက…

'နောက်တစ်ပတ်လောက်ကြာဦးမယ်၊ အခုလက်ပြတ်ကြီးဇာတ်ဝင်ခန်းတွေတော့ ရိုက်ပြီးပြီ၊ ဆက်ရိုက်မှာက အဆောင်မှာခြောက်တဲ့သရဲကြီး ဇာတ်ဝင်ခန်းပေါ့'

'အဆောင်မှာခြောက်တဲ့ သရဲကြီး ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်'

'နာမည်က အရမ်းမိုက်တာပဲ၊ အရမ်းလည်း စိတ်ဝင်စားဖို့ကောင်းမယ်နဲ့ တူတယ်'

'ဟုတ်တယ်၊ အဲဒီကားက ပေါက်မှာ၊ စပါယ်ရှယ် အဖက်တွေလည်းပါမယ်'

'ဘာလဲ စပါယ်ရှယ်အဖက်'

'ဩော်… ကွန်ပျူတာနဲ့ အထူးပြုလုပ်ချက်တွေကို ပြောတာပါ'

ရီစီက အားလုံးကို ရှင်းပြလိုက်တယ်။

'ဩော်… အထူးပြုလုပ်ချက်နဲ့ဆိုတော့ တော်တော်ကြည့်လို့ကောင်းမှာပဲ'

'ဟုတ်တယ်၊ ဒီနေ့ညမှာ စရိုက်မယ်၊ လာကြည့်ကြပါလား'

'ဘယ်အချိန်လောက်စမှာလဲ'

'ည ဆယ်နာရီလောက် စမယ်လို့ပြောတယ်၊ ဘယ်လိုလဲ၊ နေရီတို့အုပ်စု ကြည့်ချင်လို့လား'

'နာမည်က ဆန်းတော့ အရမ်းကြည့်ချင်ပါတယ်၊





ဒါပေမဲ့ ညဘက်ကြီးဆိုတော့ ပြန်ရမှာခက်မှာစိုးမယ်'

'ဒါများ ရီစီပြန်လိုက်ပို့မှာပေါ့'

'တော်ပါ ရီစီရယ်၊ အပြန်မှာ လူမော်တို့အုပ်စုက ဆွဲသွားလို့ ငါ့ဆရာ အသည်းကွဲနေပါဦးမယ်'

နေရီတို့အုပ်စုက ဒီလိုပြောပြီး ရယ်လိုက်ကြတယ်။ ဒီတော့ လွှမ်းဝေနိုင်က…

'မနေရီတို့ ကြည့်ချင်ကြည့်ပါ၊ ကျွန်တော်တို့လည်း လိုက်ခဲ့မယ်၊ မနေရီတို့ကို ပြန်လိုက်ပို့ပြီးမှ အဆောင်ကို ပြန်မယ်'

မြင့်မြတ်သီဂီဘက်ကို ကြည့်ရင်း ဒီလိုပြောလိုက်တယ်။

လွှမ်းဝေနိုင်က ဒီစကားကိုဘာကြောင့်ပြောတယ်ဆိုတာ နေရီတို့အုပ်စုက သိပြီးသား။ ဒီညအဖို့ မြင့်မြတ်သီဂီနဲ့ စကားပြောချင်လို့။ ဒီယုန်မြင်လို့ ဒီခြုံထွင်မှန်း သိလိုက်တယ်။

'ကဲ… ဒါဆို ဒီည ရိုက်ကွင်းမှာဆုံမယ်'

'ဟုတ်ပြီ၊ ညဆယ်နာရီဆိုရင် ရိုက်ကွင်းမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ရောက်နေမယ် မနေရီ၊ ဆက်ဆက်လာခဲ့နော်'

'ကောင်းပါပြီ၊ နေရီတို့က ရုပ်ရှင်ရိုက်တာ ကြည့်ချင်နေတဲ့သူပဲ၊ လာမှာပေါ့'

'အိုကေ'

ဒီလိုနဲ့… ဒီနေ့အဖို့ ဒီမှာတင် လမ်းခွဲပြီး အဆောင်ကို ပြန်ခဲ့ကြတယ်။

* * *



## အခန်း(၁၀)

## အဆောင်မှာခြောက်တဲ့ သရဲကြီး

'မနေရီက ဆယ်နာရီမှာ စရိုက်မှာဆိုတော့ သွားရတာ အရမ်းမှောင်နေမယ်၊ ကိုးနာရီလောက်မှာ စသွားရအောင်'

'အေး… ကောင်းတယ်၊ လက်နှိပ်ဓာတ်မီးတွေ ယူသွားကြနော်'

'ရှိစီက ဟိုမှာစောင့်မှာလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

နေရီတို့အုပ်စု အားလုံးတိုင်ပင်ပြီး ည ကိုးနာရီထိုးမှာ ကည်းခိုဆောင်က စပြီးထွက်ခဲ့ကြတယ်။ မကြာမီမှာ ရုပ်ရှင်ရိုက်မယ့် ရိုက်ကွင်းရှေ့ကို ရောက်လာခဲ့တယ်။

'ဟေး… နေရီ'

အော်ခေါ်သံလေးနဲ့အတူ ရိုစီက အပြေးကလေး လာခဲ့တယ်။

'နင်တို့အုပ်စုလာမယ်မှန်းသိလို့ ငါ ထိုင်ခုံလေးတွေချထားတယ်'

ရိုစီက ပလပ်စတိတ်ထိုင်ခုံပုကလေးတွေဆီကို လက်ညှိုးညွှန်ပြလိုက်တယ်။ နေရီတို့အုပ်စုနဲ့အတူ ရိုစီပါ အတူတူထိုင်ခဲ့ကြတယ်။

ရုပ်ရှင်အဖွဲ့သားတွေက ရိုက်ကွင်းအတွက် ပြင်ဆင်နေကြတယ်။

အဆောင်ကို ဘက်ကရောင်းခံပြီး ကွက်လပ်ကြီးမှာ မီးပုံကြီး အကြီးကြီးဖြစ်အောင် ထင်းလုံးတွေကို မီးရှို့နေကြပြီ…။





'ဟဲ့… ထင်းလုံးတွေကို ဘာလို့မီးရှို့တာလဲ'

'ညရှု့တင်ခန်းမှာ မင်းသားက အဆောင်သူကောင်မလေးကို မျှော်ရင်း မီးပုံနံဘေးနားမှာ ဂီတာတီးတဲ့အခန်းကို ရိုက်မှာ'

'ဩော်… ဒီလိုလား'

ရိုစီတို့စကားပြောနေစဉ်…

'ဟော… ဟိုမှာ လွမ်းဝေနိုင်တို့အုပ်စု လာကြပြီ'

မိုးသူဇာက လှမ်းတွေ့လို့ နေရီကို ပြောလိုက်တယ်။

မိုးသူဇာရဲ့ စကားကြောင့် နေရီတို့အားလုံး လှမ်းကြည့်လိုက်တော့ လွမ်းဝေနိုင်တို့ သုံးယောက်ကို တွေ့လိုက်ရတယ်။

'လွမ်းဝေနိုင်… ရှင်တို့သုံးယောက်တည်းလား၊ ဆရာမပါဘူးလား'

ရိုစီက လှမ်းမေးလိုက်တယ်။

'ဟုတ်တယ် ရိုစီ၊ ဆရာ့ကို ကျွန်တော်တို့က တမင်ထားခဲ့တာ'

'ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



ရိစီက နားမလည်စွာ မေးလိုက်တယ်။

'ဘာမှတော့ မဖြစ်ပါဘူး၊ ဒါပေမဲ့ ဒီကိုလာတယ်ဆို တော့ ဆရာနဲ့လူမော်တို့အဖွဲ့နဲ့ တွေ့နေမှာစိုးလို့ပါ'

'ဘာကြောက်စရာရှိလဲရှင်'

'အဆောင်ကို ပြန်ပို့ရဦးမှာဆိုတော့ ဆရာ့ကိုအားနာ တာနဲ့ ထားခဲ့တာပါ'

'ကဲ... ဒီမှာ လာထိုင်ကြပါ၊ ရိစီ ခုံတွေချထားတယ်'

'ကျေးဇူးပဲ ရိစီ'

လွမ်းဝေနိုင်တို့အုပ်စုက နေရီတို့ရဲ့ နောက်မှာ ထိုင် လိုက်ကြတယ်။

မကြာမီ မီးအဖွဲ့ စက်အဖွဲ့တွေ ကရိမ်းအဖွဲ့တွေ ရောက် လာပြီး ပြင်ကြဆင်ကြနဲ့ အလုပ်ရှုပ်နေတယ်။

ဆယ်နာရီကျော်ခန့်အချိန်မှာ ရိုက်ကွင်းမှာရိုက်ဖို့ အဆင်သင့်ဖြစ်နေပြီ။

'ရယ်ဒီ... ရိုက်မယ်'

လို့ပြောသံနဲ့အတူ အမှောင်လမ်းကလေးကို ဆလိုက်မီး လှမ်းထိုးလိုက်တယ်။





အမှောင်ထဲမှာ ဂီတာကိုင်ထားတဲ့ အမျိုးသားတစ် ယောက်ရဲ့ သဏ္ဌာန်ကို စရိုက်နေပြီ။

အဲဒီလူက ဘောင်းဘီရှည်ဝတ်ထားပြီး ဂီတာကလေး ကို လွယ်ထားတယ်။ သူက ခေါင်းငိုက်စိုက်ချပြီး တစ်လှမ်း ချင်းလျှောက်လာတယ်။

တဖြည်းဖြည်းနဲ့ ရိုက်ကွင်းအလင်းထဲကို ရောက်လာ တယ်။

'ဟာ... မင်းသား နေစိုးဇော်ပါလား'

နေစိုးဇော်က ကိုရီးယားမင်းသား ဒါရိုက်တာရင်နဲ့ ခပ် ဆင်ဆင်တူတယ်။ သူက လောင်းကွပ်အနွေးထည်အင်္ကျီရှည် ကြီးကို ဝတ်ဆင်ထားပြီး တဘက်အရှည်ကြီးကို လည်ပင်းမှာ ပတ်ထားတယ်။

အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနဲ့ ဉပတိ ရုပ်ကောင်းတဲ့သူမို့ မင်းသားရဲ့အက်ရှင်က အရမ်းကြည့်လို့ ကောင်းတယ်။

မင်းသားက မီးပုံကြီးဘေးမှာ ဝင်ထိုင်လိုက်တယ်။ အဆောင်ဘက်ကို လှမ်းကြည့်လိုက်တော့ မင်းသမီး အိမ့်သက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်က ပြူတင်းတံခါးပေါက်ကနေ ငေးငေးကလေး ကြည့်နေတယ်။

ကင်မရာမင်းက မင်းသမီးရဲ့ ကိုယ်နေဟန်ထားနဲ့ မျက်နှာပြင်ကို တဖြည်းဖြည်းချင်း ပုံဖော်ဖို့ ကင်မရာကို ထရောလီ(လှည်း)ပေါ်တင်ပြီး ရိုက်နေတယ်။

ပြီးတော့ မင်းသားကိုလည်း အရှေ့ဘက် ဘေးဘက်နဲ့ အပေါ်ဘက်မျိုးစုံအောင် အကွက်ကျကျ ရိုက်နေတယ်။ မင်းသားကို ရိုက်တဲ့အခါမှာ ဆောင်းဥတုရာသီမျိုးလို့ထင်အောင် နှင်းအတုတွေကို အပေါ်က ကြဲချလိုက်တယ်။

'သြော်… နှင်းကလေးတွေ တလွင့်လွင့်ကြွေနေတဲ့ ပုံစံက အရမ်းလှတာပဲနော်'

နေရီက ရှိစီကို တိုးတိုးကလေး ကပ်ပြီးပြောလိုက်တယ်။ မင်းသားရဲ့မျက်နှာက ရီဝေဝေပုံစံကလေးနဲ့ ဂီတာကို စတီးနေတယ်။

ဒီနောက် သီချင်းကလေးတစ်ပုဒ်ကို စတင်သီဆိုလိုက်တယ်။

'အဆောင်မှာခြောက်တဲ့သရဲကြီးရယ်'





လို့ အစချီလိုက်တဲ့ သီချင်းကလေး…။

သီချင်းသံကလေးက တိတ်ဆိတ်တဲ့ညချမ်းအချိန်ကလေးမှာ အေးစိမ့်ငြိမ့်ညောင်းစွာ ထွက်ပေါ်လာခဲ့တယ်။

'မာလာဆောင်နဲ့ ပတ်သက်လို့ ××× ပုံပြင်လေး
တစ်ပုဒ် ကြားဖူးတယ် ××× ပုံပြင်ထဲက ဇာတ်လိုက်
ကြီး ××× ဘယ်သူလဲလို့ မမေးပါနဲ့ ××× အဆောင်
မှာပွင့်တဲ့ ပန်းကြောင့်လား ××× ဂန္ဓဝင်မြောက်မယ့်
အချစ်ကြောင့်လား ××× အဆောင်နားတစ်ဝိုက်
တဝဲလည်လည် ××× အဆောင်နားမှာ သီချင်းဆို
တယ် ××× ထမင်းမှစားရဲ့လား ××× ရေတစ်ခွက်မှ
သောက်ရဲ့လား ××× ဘာကိုမှလည်းစိတ်မဝင်စား
××× အဆောင်ရှေ့မှာ ကျင့်တဲ့တရား ×××
သူလေ အခုတော့ ဆေးရုံမှာ ××× အဆောင်သူလေး
အကြောင်း ညည်းနေရှာ ××× အခုတော့ လျော့သွား
ပြီ ××× အခုတော့ လျော့သွားပြီ ××× အချစ်ရူး
ဝင်္ကျွတ်သွားပြီ ××× ညညခြောက်တတ်တယ် ×××
ညညလန့်တတ်တယ် ××× အခုမှ ဒုက္ခပဲ ×××



www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှာခြောက်တဲ့ သရဲကြီးရယ် ××× ဂန္ထဝင်မြောက်တဲ့ချစ်မေတ္တာ'

ဒီသီချင်းကလေးထဲမှာ အားလုံးစီးဝင်နစ်မျောသွားတယ်။ သီချင်းကလေးပြီးဆုံးသွားမှပဲ အားလုံး 'ဟင်း' ချလိုက်ရတယ်။ မင်းသား နေစိုးဇော်ဟာ တကယ့်ပါရမီရှင် မင်းသားတစ်လက်ပဲ။

ဇာတ်စကားနဲ့ ပြောရရင် သူ့ရဲ့သရုပ်ဆောင်မှုဟာ 'လမိုင်း' ကပ်တယ်လို့ ပြောရမလားပဲ။

အဲဒီအချိန်မှာ မင်းသားရဲ့ ဇာတ်ဝင်ခန်းကို ခေတ္တနားလိုက်တယ်။

နေရီက သူသိပ်ကြိုက်တဲ့ မင်းသားရဲ့ သရုပ်ဆောင်မှုကို တွေ့ရလို့ အားရကျေနပ်နေမိတယ်။

'ရိုစီရယ် မင်းသားက အရမ်းသရုပ်ဆောင့်ကောင်းတာပဲနော်'

'အေး… ဟုတ်တယ်'

'သူ့ချစ်သူကို ချစ်လွန်းလို့ အဆောင်ရှေ့က မခွာနိုင်တဲ့ ပုံကလေးက အရမ်းသနားဖို့ကောင်းတယ်နော်'





'အေး… နောက်ထပ် အဲဒီသီချင်းနဲ့ထပ်ပြီး သရုပ်ဆောင်ဦးမှာ'

'ဟုတ်လား'

'ကြည့်နေ… ကြည့်နေ… မင်းသား အင်္ကျီလဲပြီးပြန်ထွက်လာလိမ့်မယ်'

ရိုစီ ပြောအပြီး မကြာခင်မှာ မင်းသားနေစိုးဇော် ပြန်ထွက်လာတယ်။ ဒီတစ်ခါတော့ လည်ပင်းမှာပတ်ထားတဲ့ တဘက်မပါတော့ဘူး။

မျက်နှာက သရဲလိုပုံစံမျိုး။ မျက်နှာဖုံးစွပ်ထားတယ်။ ပြီးတော့ ဝတ်ရုံနက်အရှည်ကြီးကို ဝတ်ထားတယ်။

ခုနက ထိုင်တဲ့ မီးပုံနားမှာ ပြန်ထိုင်ပြီး

'အဆောင်မှာခြောက်တဲ့သရဲကြီးရယ်'

အစချီတဲ့ သီချင်းကို ဂီတာတီးပြီး ဆိုလိုက်တယ်။

ရိုစီက နေရီကို တိုးတိုးကလေး ပြောလိုက်တယ်။

'အဲဒီဇာတ်ဝင်ခန်းက မင်းသားက ကောင်မလေးကို အရမ်းချစ်တော့ ရေတစ်ပေါက်တောင် မသောက်ဘဲလို့ သေသွားပြီး သရဲဖြစ်သွားတဲ့အခန်းပေါ့ဟ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကိုလည်း အဲဒီလောက်ချစ်မယ့်သူရှိရင် ဘယ်လောက်ကောင်းမလဲ'

'နင်ကလည်း သူသေသွားမှတော့ ဘယ်သူနဲ့ပေါင်းရမှာလဲ'

'အေး… အဲဒါလည်း ဟုတ်တာပဲ'

ဒီလိုပြောနေစဉ်မှာ ခေတ္တနားလိုက်တယ်။

'ရှိစီ… ကားရိုက်တာ ပြီးသွားပြီလား'

'မပြီးသေးဘူး၊ Love Sceence ရိုက်ဦးမှာ'

'နင့်အစ်မနဲ့ ရိုက်မှာပေါ့ ဟုတ်လား'

'ဟုတ်တယ်'

'နင့်အစ်က အရမ်းချောတော့ အဲဒီအခန်းကလည်း တော်တော်ကြည့်လို့ကောင်းမယ့်အခန်းပဲ'

'အေးပေါ့'

'ဒါနဲ့ ဘယ်နှစ်နာရီထိုးပြီလဲ မသိဘူး'

နေရီက သူ့ရဲ့လက်ပတ်နာရီကလေးကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တယ်။

'ဟာ… ဆယ်နာရီတောင် ကျော်ပြီပဲ'





'ကျော်လည်း ဘာဖြစ်လဲ၊ နှစ်နာရီလောက်ဆိုရင် ပြီးသွားမှာပဲ'

'ဒါဆို တော်တော်အချိန်လွန်သွားပြီ၊ လွမ်းဝေနိုင်တို့အုပ်စု စောင့်နိုင်ပါ့မလား မသိဘူး၊ မေးကြည့်လိုက်ဦးမယ်'

အဲဒီအချိန်မှာ ရိုက်ကွင်းလာကြည့်တဲ့ ပရိသတ်တချို့က ထပြန်သွားကြတယ်။

နေရီက လွမ်းဝေနိုင်နားသွားပြီး တိုးတိုးကလေး မေးလိုက်တယ်။

'လွမ်းဝေနိုင် နောက်တစ်ခန်းကျန်သေးတယ်တဲ့၊ နှစ်ချက်ထိုးလောက်မှ ပြီးမယ်၊ အဲဒါ နင်တို့စောင့်နိုင်ပါ့မလား'

'ဖြစ်ပါတယ်၊ စောင့်နိုင်ပါတယ်၊ မင်းသားရဲ့သရုပ်ဆောင်ချက်ပဲ ကြည့်ရသေးတယ်၊ ဒီတစ်ခါ မင်းသမီးအလှည့်နဲ့တူတယ်'

'ဟုတ်တယ်၊ Love Sceence တဲ့'

'ဟာ… ဒါဆို အပီစောင့်ကြည့်မှာပေါ့၊ ကောင်းခန်း



www.burmeseclassic.com

www.burmeseclassic.com



ကျမ ဘယ်လက်လွှတ်ခံမလဲ'

'သေနာကောင် နှာဘူး'

နေရီက လွမ်းဝေနိုင်ကို ခပ်တိုးတိုးကလေး ပြောလိုက်တယ်။

မကြာမီမှာ ရိုက်ကွင်းစတင်ခဲ့ပြီ…။

အဆောင်ပေါ်က မင်းသမီး 'အိမ့်သက်နိုင်'ဟာ မီးပုံဆီကို တမျှော်မျှော်နဲ့ လှမ်းကြည့်နေတယ်။ နောက်တော့ စိတ်မထိန်းနိုင်တော့တဲ့ ပုံစံနဲ့ အဆောင်ကနေ တဖြည်းဖြည်း ဆင်းလာတယ်။

အမှောင်ကိုနောက်ခံပြုပြီး မီးထိုးလိုက်တဲ့အတွက် အမျိုးသမီးသဏ္ဌာန်အရိပ်မည်းကိုပဲ စတင်တွေ့လိုက်ရတယ်။ လှုပ်လီလှုပ်လဲ့ မပြေးတပြေးလာတဲ့ ပုံစံကလေးက ပရိသတ်ရဲ့စိတ်ကို ဆွဲဆောင်သွားစေတယ်။

တဖြည်းဖြည်းနဲ့ မီးအလင်းထဲကို ရောက်လာတယ်။ ဟော… မီးပုံနားမှာ ဂီတာတီးနေတဲ့ မင်းသားနေစိုးဇော်ကို သူမတွေ့သွားတော့ အရမ်းပဲ ဝမ်းသာအားရဖြစ်ပြီး မင်းသားဆီ အပြေးလာတဲ့အခန်းပေါ့။





'မောင်… ရောက်နေတာ ကြာပြီလားဟင်'

'သိပ်ပြီး ကြာနေပါပြီ'

'ဩော်… မောင်ရယ်၊ ချစ် ဒီမှာရှိနေတာပဲ၊ ဘာဖြစ်လို့ ဒီလောက်အကြာကြီး စောင့်နေတာလဲ၊ ရေတစ်ခွက်တောင် သောက်ရဲ့လား မောင်ရယ်'

'ချစ်ကိုမြင်နေရရင် ရေတစ်ခွက်မသောက်ရလည်း နေနိုင်တယ်၊ ထမင်းမစားပဲလည်း နေနိုင်တယ်၊ ချစ်ကို အဲဒီလောက်တောင် ချစ်တယ်'

'မောင်ဟာ ကမ္ဘာပေါ်မှာ အချစ်တတ်ဆုံးယောကျ်ား တစ်ယောက်ပါပဲ'

မင်းသမီးက ပြောပြောဆိုဆို ဂီတာတီးနေတဲ့ မင်းသားကို ဖက်လိုက်တယ်။

တကယ်တော့ အဲဒီအချိန်မှာ မင်းသားက သေပြီးသရဲဖြစ်နေပြီ။

ဒီတော့ ဖက်ထားတဲ့အခန်းမှာ ပထမရိုက်ချက်က လူသားပုံစံနဲ့၊ နောက်ရိုက်ချက်အတွက် မင်းသားအလောင်းလဲရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ သရဲမျက်နှာဖုံးနဲ့ ဝတ်ရုံနက်နဲ့ပေါ့။

မင်းသမီးက မင်းသားကိုဖက်ချိန်မှာ မင်းသားက သရဲဖြစ်သွားတဲ့အခန်းကို ဆက်ရိုက်ကြတယ်။ မင်းသမီးက မသိဘူး။

လူအမှတ်နဲ့ ဖက်ထားတယ်။ သရဲဖြစ်နေလို့ မင်းသားက အရမ်းစိတ်ထိခိုက်ပြီး မျက်ရည်တစ်ပေါက်ချင်း ကျလာတယ်။ အဲဒါကို 'ကလို့အပ်' (အနီးကပ်) ရိုက်ချက်နဲ့ ရိုက်လိုက်တယ်။

နောက်ပြီးတော့ မင်းသားက သရဲဖြစ်သွားလိုက်၊ လူဖြစ်သွားလိုက်နဲ့ အဲဒီရိုက်ချက်ကို တရောလီနဲ့လည်း ရိုက်တယ်။ အပေါ်စီးက မြင်ရတဲ့ ပုံစံမျိုးဖြစ်အောင် ကရိန်းနဲ့လည်း ရိုက်တယ်။

ကရိန်းနဲ့ ရိုက်တဲ့အခန်းက အသည်းယားဖို့ကောင်းတယ်။

'ကရိန်းနဲ့ရိုက်တဲ့ ကင်မရာမင်းက သနားပါတယ်နော်'

'ဟုတ်တယ်၊ သူတို့က အရမ်းပင်ပန်းတယ်၊ သိပ်မြင့်ရင် အန္တရာယ်ရှိတယ်၊ ကင်မရာမင်းတစ်ယောက်ဆို





ရင် ကားရိုက်နေတုန်း မူးပြီး အပေါ်ကပြုတ်ကျလို့ သေသွားဖူးတယ်'

'ဟုတ်လား'

'ရုပ်ရှင်ကြည့်တဲ့ ပရိသတ်ကို ရိုက်ကွင်းလှလှလေးတွေ ဖြစ်အောင် သူတို့ရဲ့ စွမ်းဆောင်မှုလည်းပါတယ်'

'ဟုတ်တယ်နော်၊ ဇာတ်ကားတစ်ကားကောင်းဖို့ရာ စုပေါင်းပြီး ကောင်းအောင်လုပ်မှဖြစ်တာနော်'

'ဟုတ်တယ်၊ ပရိသတ်အမြင်ကတော့ မင်းသား မင်းသမီးကောင်းတယ်လို့ပဲ မြင်ကြတာပေါ့'

'ဟုတ်တယ်နော်'

ရှိစီတို့နှစ်ယောက် စကားပြောနေစဉ် မင်းသမီးက…

'မောင်… ညဥ့်နက်လှပြီး၊ ချစ် ပြန်တော့မယ်နော်'

'ကောင်းပါပြီ ချစ်ရယ်၊ ဒီလောက်ကလေးတွေ့ရတာနဲ့တင် မောင့်အဖို့မှာ ကျေနပ်လှပါပြီ'

သည်စကားပြောခန်းအပြီးမှာ မင်းသမီးက မင်းသားကို လက်ပြနှုတ်ဆက်ပြီး တဖြည်းဖြည်းဝေးသွားတဲ့အခန်းကိုရိုက်တယ်။ မင်းသမီးပျောက်ကွယ်သွားတဲ့အချိန်မှာ မင်းသားက



www.burmeseclassic.com

www.burmeseclassic.com



သရဲအဝတ်အစားနဲ့ ဂီတာဆက်တီးနေကဲ့အခန်းကို ရိုက်ကြတယ်။

အဲဒီအခန်းက ကြည့်ရင်း ကြည့်ရင်း ပရိသတ်ကို ရင်နင့်စေခဲ့တယ်။

'ကပ်(ထ်)'

ဆိုတဲ့အသံကလေးနဲ့ ရိုက်ကွင်းပြီးသွားခဲ့ပြီ။

'ကဲ... ရိုစီရယ် ဇာတ်ဝင်ခန်းကလေးက ကောင်းလိုက်တာ၊ ငါတို့တော့ ဒီဇာတ်လမ်းထဲမှာ မျောသွားတာပဲ'

နေရီက ဒီလိုပြောလိုက်တယ်။

'ဟုတ်တယ် ရိုစီ၊ ကျွန်တော်တို့လည်း ဒီအခန်းကို တော်တော်ကြိုက်တယ်'

'ငါက မင်းသမီးကို ပိုကြိုက်တယ်'

စပ်ဖြဲဖြဲ ကျော်လွှမ်းမိုးက ပြောလိုက်တယ်။

'ကျော်လွှမ်းမိုးကတော့ လုပ်ချလိုက်ပြန်ပြီ'

ကျော်ညွန့်နိုင်က ဖာဖာထေးထေး ဝင်ပြောလိုက်တယ်။ မြင့်မြတ်တို့အုပ်စုကလည်း





'ရိုစီရယ်... ဒီကားလာရင် မြင့်မြတ်တို့က ရှေ့ဆုံးက ကြည့်မှာ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီဇာတ်လမ်းမှာ သရဲကလည်း သနားစရာပဲနော်'

'ဟုတ်တယ်၊ ဒါရိုက်တာကတော့ ရသမျိုးစုံ ဖန်တီးရတာပေါ့'

'ဟုတ်တယ်နော်၊ သရုပ်ဆောင်တွေကရော ရိုက်တဲ့ ကင်မရာမင်းရော အားလုံးကောင်းတယ်'

'အိပ်ရေးပျက်ခံပြီး လာကြည့်ရတာ တန်သွားပြီ'

'အေးလေ၊ အပန်းဖြေခရီးထွက်ရင်း ဗဟုသုတလည်း တိုးတာပေါ့'

အားလုံး တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောလိုက်ကြတယ်။

ဒီတော့ နေရီက...

'ကဲ... နှစ်ချက်တီးကျော်သွားပြီ၊ အဆောင်ကိုပြန်ကြစို့'

လို့ အားလုံးကို ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ မနေရီတို့ကို ကျွန်တော်တို့ ပြန်လိုက်ပို့မယ်၊ ကဲ… မနေရီတို့ ရှေ့ကသွား'

'အေး… အေး'

မနေရီတို့အုပ်စုကို ကျော်လွှမ်းမိုးတို့အုပ်စုက ပြန်လိုက်ပို့တယ်။

လမ်းခရီးတစ်လျှောက်မှာ မှောင်နေတဲ့အတွက် လက်နှိပ်ဓာတ်မီးတွေ ထိုးပြီး သွားခဲ့တယ်။

'မြင့်မြတ် ဒီဓာတ်ဝင်ခန်းကိုကြည့်ပြီး အိပ်မက်ဆိုးတွေ မမက်နဲ့နော်၊ သရဲဆိုတာ ကြောက်ဖို့မလိုဘူး'

'နင်ပြောမှပဲ သရဲအကြောင်း ငါ့ခေါင်းထဲရောက်လာပြီ'

'အေးပါဟာ၊ ဒါဆို ငါမပြောတော့ပါဘူး'

'ဟော… အဆောင်နားရောက်လာပြီ'

'ရပြီ… နင်တို့ပြန်သွားတော့'

'မနေရီတို့ အဆောင်ထဲတဲ့အထိ ဒီနားက ကြည့်နေမယ်'

'အေး… အေး'





နေရီတို့အုပ်စုက ခပ်သွက်သွက်ကလေး လျှောက်ပြီး အဆောင်ထဲကို ဝင်လိုက်တယ်။

ဒီတော့မှ 'တာ့… တာ' ပြပြီး လွှမ်းဝေနိုင်တို့သုံးယောက် ပြန်သွားခဲ့တယ်။

စောစောတုန်းကတော့ နေရီတို့အုပ်စုက ခုနစ်ယောက် သူတို့က သုံးယောက်။ ပေါင်း ဆယ်ယောက်ဆိုတော့ လူအင်အားများတယ်။

အခုတော့ သူတို့က သုံးယောက်တည်းမို့ နည်းနည်းကြောက်သလို ခံစားရတယ်။

'မှောင်ကလည်း မှောင်လိုက်တာနော်'

လွှမ်းဝေနိုင်က ခပ်ငြီးငြီးကလေး ပြောလိုက်တယ်။ ဒီတော့ ကျော်လွှမ်းမိုးက

'ငါတို့က ဓာတ်မီးတစ်လက်တည်းပဲ ပါတယ်'

'အေးလေ ဒါတောင် ဓာတ်ခဲက အားနည်းနေပြီ၊ နီကျင့်ကျင့်နဲ့'

'ဘယ်တတ်နိုင်မလဲကွာ၊ တို့အဆောင်ကလည်း သိပ်ဝေးတာမှ မဟုတ်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟော… ခတ်မီးက ပိတ်သွားပြီ'

'ပိတ်ဆို… ခတ်ခဲအားကုန်သွားလို့ဖြစ်မှာပေါ့'

သူတို့သုံးဦး စကားတပြောပြောနဲ့ အမှောင်ထုထဲမှာ ဖြတ်သွားစဉ်

'ဟီး… ဟီး… ဟီး'

ဆိုတဲ့ လူမမာချမ်းတုန်ပြီး ငြီးတဲ့အသံကြီးကထွက်ပေါ်လာတယ်။

'ဟာ… ဘာသံကြီးတုန်း'

ပြောပြောဆိုဆို ကြက်သီးတွေတောင် ထလာတယ်။ နဂိုကမှ ကြောက်တတ်တဲ့ လွမ်းဝေနိုင်က အရင်ဆုံးစပြောလိုက်တယ်။

'အေး… လူမမာငြီးသံကြီးနဲ့ တူတယ်'

ကျော်လွမ်းမိုးက သူ ကြားသလို ပြန်ပြောလိုက်တယ်။ ဒီတော့ ကျော်ညွန့်ခိုင်က…

'ဟေ့ကောင်တွေ ဘာတွေလျှောက်ပြောနေတာလဲ၊ အဆောင်ကို မြန်မြန်ရောက်အောင်သွား၊ ဘာသံကြားကြား လှည့်မကြည့်နဲ့'





'ဟေ့ကောင်… လှည့်မကြည့်လို့တော့ မဖြစ်ဘူး'

သည်လိုပြောနေစဉ်မှာ

'အား'

ဆိုတဲ့ ကျယ်လောင်တဲ့အသံကြီးကို ကြားလိုက်ရတယ်။ လွမ်းဝေနိုင်တို့သုံးယောက် ပိုပြီး ထိတ်လန့်သွားတယ်။

'ဟေ့ကောင်ရေ… အားတဲ့'

လွမ်းဝေနိုင်က ကြောက်ကြောက်နဲ့ ပြန်ပြောလိုက်တယ်။

ဒီတော့ ကျော်ညွန့်ခိုင်က…

'ဟေ့ကောင်… မအားဘူးလို့ ပြန်ပြောလိုက်'

'မင်းပြောပါလား၊ အားဆိုတာ ဓားနဲ့အထိုးခံရလို့လား မသိဘူး၊ တစ်ယောက်ယောက်က အော်လိုက်တဲ့အသံကြီး'

'ဟုတ်တယ်၊ သရဲလား၊ လူသတ်သမားလား မသိဘူး၊ ပြေးရင်ကောင်းမယ်နဲ့တူတယ်'

သည်လိုပြောနေစဉ် အမှောင်ရိပ်အကွယ်ထဲမှ ခပ်မည်းမည်းအကောင်တစ်ကောင် ခုန်ထွက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက် လက်ကားယား ခြေကားယားနဲ့

'ဟီး… ဟီး… ဟီး'

'ဟား… ဟား… ဟား'

ဆိုတဲ့ အက်တက်တက်အသံကြီး ထွက်ပေါ်လာခဲ့တယ်။ ကြောက်ကြောက်နဲ့ လှမ်းကြည့်လိုက်တော့မှုန်ဝါးတဲ့ လရောင်ရဲ့အလင်းကလေးကြောင့် ဝက်ရုံနက်ကြီးဝတ်ထားတဲ့ ပုံစံမျိုးလိုလို တွေ့လိုက်ရတယ်။

'သ… သ… သရဲ'

'ပြေး… ပြေး… ပြေးကြစို့'

သူတို့သုံးယောက် စကားကိုတောင် မှန်အောင်ပြောနိုင်ဘဲ ဖနောင့်နဲ့တင်ပါး တစ်သားတည်းနေအောင် ပြေးလိုက်ကြတယ်။

* * *



## အခန်း(၁၁)

## တစ္ဆေတွေဆုံတဲ့ပွဲ

နေရီတို့အုပ်စု ညကအိပ်ရေးပျက်လို့ အိပ်ပျော်သွားတာကြောင့် လက်ဖက်ရည်ဆိုင်ကို နံနက်ကိုးနာရီကျော်မှ ရောက်သွားတယ်။

'ဟော… ဆရာတို့တောင် ရောက်နေပြီ'

'အေးဟယ်… အားနာစရာကြီး'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို သူတို့စားပွဲဘေးက ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်ဆိုရင်ဘဲ လွှမ်းဝေနိုင်က အိပ်ရေးမဝတဲ့ မျက်နှာနဲ့…

'မနေ့ရီရယ်… ကံကောင်းလို့ မသေလို့ တွေ့ရတာ'

'ဟယ်… ဘယ်လိုဖြစ်လို့လဲ'

'မပြောချင်ပါဘူးဗျာ၊ မနေ့ညကပေါ့၊ မနေရီတို့ကို အဆောင်ပို့ပြီး အပြန်မှာ အမှောင်ထဲက ငြီးသံကြီး ကြားလိုက်တာ ကြက်သီးမွေးသိမ်းတွေထောင်ထသွားတယ်'

'ဟင်… ဟုတ်လား'

'ဒါတင်ဘယ်ကမလဲ'

'သရဲ အကောင်လိုက်ကြီးကို ခြောက်တာဗျ'

'ကျွန်တော်တို့လည်း အဲဒီမည်းမည်းကြီးလည်း မြင်ရော'

'ခဲနဲ့ ကောက်ထုလိုက်လား'

'ခဲရှာနေဖို့တောင် အချိန်မရဘူး၊ တစ်ခါတည်း ပြေးလိုက်တာ ဘယ်လိုကနေ ဘယ်လို အခန်းထဲပြန်





ရောက်သွားသလဲ မသိဘူး'

'ဖြစ်မှဖြစ်ရလေရှင်'

'ဒါကြောင့် ညဘက်မထွက်ချင်တာ၊ နဒီသာ အဲဒီလို အခြောက်ခံရရင် အဲဒီနေရာမှာတင် အသက်ထွက်သွားနိုင်တယ်'

'ဟုတ်တယ်၊ မိုးသူဇာတို့လည်း ကြောက်တယ်'

ဒီလိုပြောနေစဉ်မှာ…

'ဟော့… ဘာတွေကြောက်နေတာလဲ၊ ရှိစီလည်း ကြောက်ချင်လို့'

စနောက်သံနဲ့အတူ လက်ဖက်ရည်ဆိုင်ထဲကို ရှိစီ ဝင်လာတယ်။

'ဩော်… လွှမ်းဝေနိုင်တို့အပြန်မှာ သရဲခြောက်ခံရတယ်တဲ့၊ အဲဒီအကြောင်းပြောနေတာ'

'ဟင်… ဟုတ်လား'

ရှိစီက အံ့သြသွားတဲ့မျက်နှာနဲ့ ပြောလိုက်တယ်။ နောက်တော့ လက်ဖကရည်သောက်ရင်း စကားစပြတ်သွားတယ်။ အပြန်မှာနေရီတို့အုပ်စုနဲ့ လိုက်လာရင်း…



www.burmeseclassic.com

www.burmeseclassic.com



'လွမ်းဝေနိုင်တို့ကို အပြန်မှာ သရဲခြောက်ခံရတာ မရှိဘူးနဲ့တူတယ်'

'ဘာဖြစ်လို့လဲ'

'မနေ့ညက လူမော်တို့အုပ်စုက ရပ်ရှင်ရိုက်တဲ့ အဝတ်အစားထုတ်ပေးတဲ့ ဦးညွှန့်မောင်နဲ့ တီးတိုး တီးတိုး ပြောနေတယ်၊ ရိုစီ အထင်တော့ ဦးညွှန့်မောင်ကြီးဆီက သရဲအဝတ်အစားတွေများ ငှားသလားလို့'

'သရဲအဝတ်အစားငှားပြီး သူတို့ကဘာလုပ်ကြတာလဲ'

'နေရီရယ်… နင်ကလည်း နားဝေးလိုက်တာ၊ လူမော်က သူတို့အုပ်စုကို ကြည့်မရတော့ သူ့လူတွေကို သရဲ အဝတ်အစားတွေဝတ်ပြီး ခြောက်ခိုင်းတာဖြစ်မှာပေါ့'

'အေး… နင်ပြောမှ သဘောပေါက်တယ်'

'ငါ… ဦးညွှန့်မောင်ကြီးကို မေးကြည့်လိုက်ဦးမယ်'

'အဲဒီ အစီအစဉ် ကောင်းတယ်'

ပြောပြောဆိုဆို ရိုစီ ပြန်သွားခဲ့တယ်။

နေ့လယ်ခင်းမှာ ရိုစီတစ်ယောက် နေရီ့အခန်းဆီကို





ရောက်လာတယ်။

'ဟုတ်တယ် နေရီရေ၊ မနေ့က လူမော်တို့အုပ်စုက ဦးညွှန့်မောင်ကြီးဆီက သရဲအဝတ်အစားငှားသွားတယ်တဲ့'

'ဒါဆို ဒီကောင်တွေရဲ့လက်ချက်ဆိုတာ သေချာသွားပြီ၊ ဒီအကြောင်းကို လွမ်းဝေနိုင်တို့ အုပ်စုဆီကို ချက်ချင်းဖုန်းဆက်ရမယ်'

ပြောပြောဆိုဆို လွမ်းဝေနိုင်ဆီကို ဖုန်းဆက်လိုက်တယ်။

'ဟဲလို… လွမ်းဝေနိုင်လား၊ မနေရီပါ'

'ဟုတ်ကဲ့… ပြောပါ မနေရီ'

'အရေးတကြီးကိစ္စတစ်ခု ပြောစရာရှိလို့ ရှင်တို့သုံးယောက် နေရီ့ဆီကို အမြန်ဆုံးလာခဲ့ပါ'

'ကောင်းပြီ၊ ခုချက်ချင်း လာခဲ့မယ်'

သိပ်မကြာမီ လွမ်းဝေနိုင်တို့သုံးယောက် ရောက်လာတယ်။

သူက အမောတကောနဲ့…



www.burmeseclassic.com

www.burmeseclassic.com



'မနေရီ ဘာဖြစ်လို့လဲ'

'လာပါ၊ လာပါ၊ အရေးကြီးကိစ္စရှိလို့၊ ကဲ... ရိုစီ ပြောလိုက်'

'ရှင်တို့ညက သရဲခြောက်ခံရတယ်ဆိုတာ တကယ် မဟုတ်ဘူး၊ လူမော်တို့အုပ်စုက သရဲအဝတ်အစား ဝှားပြီး ရှင်တို့ကိုခြောက်လှန့်လိုက်တာ'

'ဟင်... ဟုတ်လား'

'ဟုတ်တာမှ သိပ်ဟုတ်ပေါ့၊ အဝတ်အစားဝှားတဲ့ ဦးညွှန့်မောင်ကြီးကို မေးပြီးပြီ'

'တောက်... တော်တော်မိုက်ရိုင်းတဲ့အကောင်တွေပဲ'

'ငါတို့နဲ့ သူတို့နဲ့လည်း မသိဘဲနဲ့ ဘာဖြစ်လို့ခြောက်လှန့်ရတာလဲ'

ကျော်ညွှန့်နိုင်က ခပ်တုံးတုံးမို့ အကြောင်းရင်းကို မစဉ်းစားမိဘဲ ပြောလိုက်တယ်။ ဒီတော့ ရိုစီက ရှင်းပြလိုက်တယ်။

'သြော်... ကိုကျော်ညွှန့်နိုင်ကလည်း ရှင့်ဆရာနဲ့ ရိုစီနဲ့ ချစ်သူတွေဖြစ်နေတာကို လူမော်က မကျေနပ်ဘူး၊





ရှင်တို့ အုပ်စုက ဆရာ့ရဲ့ ဘော်ဒါတွေဆိုတော့ ရှင်တို့ကိုမုန်းလို့ တမင်သရဲခြောက်လွှတ်တာနေမှာပေါ့'

'သြော်... ဒီလိုလား'

'ခွေးကောင်တွေ... တွေ့မယ်'

လွမ်းဝေနိုင်တို့အုပ်စု တစ်ယောက်တစ်ပေါက် ပြောရင်း ဒေါပွနေခဲ့ကြတယ်။

'ဟုတ်တယ်၊ ဒီကောင်တွေကို ပညာပေးရမယ်'

'သူတို့ကို ဘယ်လိုပညာပေးကြမလဲ'

'သူတို့ခြောက်သလို တန်ပြန်ကလဲ့စားချေရမယ်၊ ငါ့အစ်မတုန်းကလည်း လက်ပြတ်ကြီးနဲ့ ခြောက်လှန့်ခဲ့တယ်၊ နင်တို့ကိုလည်း သရဲဟန်ဆောင်ပြီး ခြောက်လှန့်တယ်၊ ဒီတော့ သူတို့ကိုလည်း သရဲဟန်ဆောင်ပြီး ခြောက်လှန့်ရမယ်'

'ဒါဆိုရင် လူမော်ကို ဘယ်လိုခေါ်ထုတ်မလဲ စဉ်းစားရမယ်'

အားလုံး ငြိမ်ပြီးအတွေးကိုယ်စီနဲ့ စဉ်းစားနေကြတယ်။ ခဏအကြာမှာ...



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ ဟုတ်ပြီ နေရီ စဉ်းစားလို့ရပြီ'

နေရီက အရင်ဆုံး တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်တယ်။

'အခုတလော အုန်းပစ်တစ္ဆေမောင်နှံက အခြောက်ကြမ်းတယ်လို့ နာမည်ကြီးနေတယ်'

'အုန်းပင်စုမောင်နှံတစ္ဆေ ဟုတ်လား၊ ငါတော့ မကြားမိပါဘူး'

ရိုစီက ခပ်ကြောင်ကြောင်လေး မေးလိုက်တယ်။

'အေး… နင်မကြားပေမယ့် အဲဒီတစ္ဆေအကြောင်း လူတော်တော်များများ သိတယ်'

'ဒါနဲ့ အဲဒီတစ္ဆေမောင်နှံနဲ့ အခုကိစ္စနဲ့ ဘာဆိုင်လို့လဲ'

'နင်က လူမော်ကို အဲဒီကိုလှည့်ထုတ်ပြီး ခေါ်လာခဲ့၊ တို့က သူ့ကိုသရဲခြောက်လွှတ်လိုက်မယ်၊ နောက်မှ အုန်းပင်စု တစ္ဆေခြောက်တာဆိုပြီး ပြောလိုက်ပေါ့၊ မကောင်းဘူးလား'

'အေး… ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီအကြံကောင်းတယ်'





'ကောင်းမှာပေါ့၊ ဆရာကြီးရဲ့ အကြံလေ'

နေရီက ဆရာကြီးပုံစံနဲ့ လက်နှစ်ဖက်ကိုပိုက်ပြီး ပြောလိုက်တယ်။

'ဒါဆိုရင် ဆရာကိုဝရွှာ မသိစေနဲ့နော်'

နေရီက လွှမ်းဝေနိုင်တို့အုပ်စုကို ပြောလိုက်တယ်။

'အေးပါဟာ၊ ဆရာ့ကို မပြောပါဘူး၊ ဒါပေမဲ့ သရဲခြောက်တယ်ဆိုတာ ပီပီပြင်ပြင်ခြောက်မှကောင်းတာ'

'ဒီအတွက်တော့ မပူပါနဲ့၊ ကျွန်မတို့ ရုပ်ရှင်အဖွဲ့က သရဲကားရိုက်နေတဲ့ အဖွဲ့ပဲ၊ ရုပ်ရှင်ဇာတ်ဝင်ခန်းမှာ မသုံးရသေးတဲ့ မျက်နှာဖုံးထဲက ရွေးပြီး ငှားလာခဲ့မယ်'

'ကောင်းတယ်၊ ကောင်းတယ်'

'ရိုစီက သူ့ကို ညဆယ်နာရီလောက်မှာ အုန်းပင်စုနားမှာ စောင့်နေ၊ အဖြေပေးမယ်လို့ ပြောလိုက်၊ မကောင်းဘူးလား'

'ရိုက်… ဒီအစီအစဉ်ကောင်းတယ်'

'ဘယ်နေ့ည လုပ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မနက်ဖြန်ည ဆယ်နာရီ'

'အိုကေ'

* * *

ဒီနေ့အဖို့ ရှိစီက သူ့အကြံနဲ့သူ...။

ကမ်းစပ်က သဲပြင်တစ်လျှောက်မှာ တစ်ယောက်တည်း လမ်းလျှောက်နေခဲ့တယ်။ သည်မှာတင် အကွက်ချောင်းနေတဲ့ လူမော်က ရှိစီ့အနားကို ချဉ်းကပ်လာတယ်။

'ရှိစီ... တစ်ယောက်တည်းလား'

'တစ်ယောက်တည်းပေါ့'

'ရှိစီနဲ့ တစ်ယောက်ချင်းတွေ့တုန်း ကျွန်တော် စကားတစ်ခွန်းလောက် ပြောပါရစေ'

'ပြောပါ'

'ကျွန်တော်က ရှိစီ့ကို ချစ်ခွင့်တောင်းတာ အခုထိ အဖြေမပေးသေးဘူးနော်'

'သြော်... ကျွန်မ မိန်းကလေးရှင့် စဉ်းစားရသေးတာပေါ့'





'ရှိစီရယ်... ဒီလိုလှပတဲ့ သဲသောင်ပြင်မှာ ကျွန်တော့်ကို ချစ်ပါတယ်ဆိုတဲ့ အဖြေလေးပေးလိုက်ရင် ဘယ်လောက်ပျော်စရာကောင်းလိုက်လေမလဲလို့'

လူမော်က ရိုက်ကွင်းထဲမှ စကားလုံးများကို သုံးကာ အိုက်တင်အပြည့်နဲ့ ပြောလိုက်တယ်။

'ရှင်က ဒါကိုတွေးနေတာကိုး၊ ရှိစီက ဒါကိုတွေးတာ မဟုတ်ဘူးရှင့်'

'ဒါဆို ဘာကိုတွေးနေတာလဲ'

'အခုတလော ညဘက်မှာ အုန်းပင်စုတန်းမှာ အုန်းပင်စု တစ္ဆေမောင်နှံ တအားခြောက်တယ်လို့ ကြားလို့'

'ကောလဟာလတွေပါ၊ ကျွန်တော်တော့ မကြားမိပါဘူး'

'ရှိစီလည်း ဒီကို ခဏခဏရောက်နေတာ၊ အရင်အခေါက်တွေကတော့ ဘာမှမကြားမိဘူး၊ အခုမှကြားတာ'

'ကျွန်တော်ကတော့ သိပ်ပြီး အယုံအကြည်မရှိဘူး'

'ရှိစီလည်း သိပ်မယုံပါဘူး၊ ဒါပေမဲ့ ရှိစီရဲ့စိတ်က



www.burmeseclassic.com

www.burmeseclassic.com



အခြားသူတွေနဲ့ မတူဘူး၊ အဲဒီဝိညာဉ်ရှိတဲ့နေရာကို သွားကြည့်ချင်တာ'

'ဝိညာဉ်ဆိုတာက ကိုယ်မြင်ချင်းတိုင်း မြင်ရတာ မဟုတ်ဘူး၊ ကံနိမ့်မှ မြင်ရတာလို့ ပြောတာပဲ'

'အင်းလေ… ရှိစီက ကံနိမ့်နေသလား၊ ကံမြင့်နေသလားဆိုတာ သိမှမသိတာ'

'ဒါဆိုရင် ကိုလှမော် ဘာလုပ်ပေးရမလဲ'

'ဘာမှလုပ်ပေးစရာ မလိုပါဘူး၊ ရှိစီက ရှင့်ကို မနက်ဖြန်ကျရင် အဖြေပေးမလို့'

ရှိစီဆီက အဖြေပေးမယ့်စကားကို ကြားရသောအခါ လှမော်ရဲ့ အသည်းနှလုံးတွေ တုန်ရီနေပြီး ရင်တွေ တဒိတ်ဒိတ်ခုန်သွားတယ်။

'ရှိစီ… အချစ်ကလေးရယ်၊ မောင့်ကိုချစ်တယ်ဆိုတဲ့ အဖြေပေးမှာလားဟင်'

'ကိုလှမော်ကလည်း မနက်ဖြန်မှ အဖြေပေးပါ့မယ် ဆိုနေမှ'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကိုယ်နားလည်ပြီ၊ မနက်ဖြန်





ဘယ်အချိန်၊ ဘယ်နေရာမှာလဲပြောပါ၊ အချစ်ကလေး ကိုယ်အစောဆုံးရောက်ပြီး စောင့်ကြိုနေပါ့မယ်'

'ဒီလောက်အပိုတွေ ပြောမနေပါနဲ့၊ မနက်ဖြန်ည ဆယ်နာရီမှာ အုန်းပင်စုတန်းကို လာခဲ့ပါ'

'ဗျာ'

'ဘာဖြစ်လို့လဲ ကိုလှမော်'

'ရှိစီပဲ ခုနက ပြောပြီးတော့၊ အဲဒီနားမှာ အုန်းပင်စု တစ္ဆေမောင်နှံက အရမ်းခြောက်တာပဲဆို'

'ခြောက်လည်း ဘာဖြစ်လဲ'

'ရှိစီရယ် အနောက်ပါနဲ့၊ ကိုယ်ကကြောက်တတ်တယ်၊ ရဲချင်ဟန်သာ ဆောင်နေတာ၊ တကယ်တော့ သရဲဆိုတာ ကြားတာနဲ့ ကျောထဲရင်ထဲ စိမ့်ပြီးချမ်းတုန်လာတာ'

'ဩော်… ကိုလှမော်ကလည်း ရှင်က ယောကျ်ားပဲ၊ သတ္တိရှိမှပေါ့၊ ကျွန်မက သတ္တိရှိမှကြိုက်မှာ'

'သတ္တိရှိမှ ဟုတ်လား'

'ဟုတ်တယ်၊ သတ္တိရှိမှ ကြိုက်မှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကိုယ် သတ္တိတွေမွေးလိုက်ဦးမယ်၊ ကဲ… ကိုယ်သတ္တိရှိရင် မင်းက ချစ်မှာပေါ့၊ ဟုတ်လား'

'သိပ်ဟုတ်'

'ဒါဆို မနက်ဖြန်ည ဆယ်နာရီ အုန်းပင်စုတန်းကို လာခဲ့ရမယ် ဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမဲ့ တစ်ခုတော့ ပြောလိုက်ဦးမယ်၊ ရှင်တစ်ယောက်တည်း လာရမှာနော်၊ အဖော်ခေါ်မလာနဲ့၊ ခေါ်လာလို့ကတော့ ရိုစီရဲ့အချစ်ကို မရတော့ဘူးမှတ်'

'ကောင်းပါပြီ အချစ်ကလေး ရိုစီ'

'ဒါဆို ရိုစီသွားတော့မယ်၊ ရှင် မလိုက်လာခဲ့နဲ့တော့'

'မနက်ဖြန် ညဆယ်နာရီမှာ အုန်းပင်စုက ကိုယ်စောင့်နေမယ်နော်'

'အိုကေ'

ရိုစီက တန်ပြန်လက်စားချေဖို့ အကွက်ကျကျ စီစဉ်ခဲ့ချေပြီ။

* * *





ဒီနေ့ ရိုစီချိန်းတဲ့နေ့….။

ရိုစီက ရုပ်ရှင်အဖွဲ့ရဲ့ ကြီးကြပ်ရေးမှူးထံက သရဲဝတ်စုံတွေနဲ့ မျက်နှာဖုံးတွေ ငှားပြီး လွှမ်းဝေနိုင်တို့အုပ်စုကို ပေးလိုက်တယ်။ ပြီးတော့ သူတို့နဲ့ အချိတ်အဆက်လုပ်ပြီး အစီအစဉ်တွေ ရေးဆွဲခဲ့တယ်။

'ကိုလွှမ်းဝေနိုင်တို့ထဲက နှစ်ယောက်က သရဲမျက်နှာဖုံးစွပ်ပြီး ခြောက်ရမယ်၊ တစ်ယောက်ကတော့ အရိပ်အခြေစောင့်ကြည့်ပေးပါ'

'အေးပါဟာ၊ ငါတို့အဖွဲ့က ညရှစ်နာရီလောက်ကတည်းက အုန်းပင်စုနားမှာ ရောက်နေမယ်၊ အားလုံးအသင့်ပြင်ပြီး စောင့်နေမယ်'

'ဒါဆို နေရီတို့အဖွဲ့က ညကိုးနာရီလောက်မှာ အုန်းပင်စုတန်းရဲ့ အရှေ့တည့်တည့်က သစ်ပင်တွေနားကို ရောက်နေမယ်၊ အဲဒီကနေပြီး လှုပ်ရှားမှုကို စောင့်ကြည့်နေမယ်'

'ရိုစီ ဘာမှမကြောက်နဲ့ ရဲရဲသာ သရုပ်ဆောင်ပေတော့'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲ လွမ်းဝေနိုင်ရယ်၊ ဒါပေမဲ့ ရင်ကတော့ ခပ်တုန်တုန်ပဲ'

'နေပါဦး၊ ရီစီက ဘာကြောက်နေတာလဲ'

'ရီစီက အုန်းပင်စုသရဲ ဟန်ဆောင်ပြီး ခြောက်နေတုန်း တကယ့်အစစ် အုန်းပင်စုသရဲက ရောက်လာရင် ဘယ်လိုလုပ်မတုန်း'

'သေလိုက်တော့ ရီစီရေ'

'ဟဲ... ဟဲ... ဟဲ'

အဲဒီလိုပြောပြီး ရီစီက ရယ်ကျဲကျဲကလေး လုပ်နေတယ်။

'ဒါဆိုရင် ရီစီက ဒီညမှာ နေရီအခန်းမှာ လာနေပေါ့၊ ညဆယ်နာရီထိုးကာနီးမှ အဆောင်ကထွက်ခဲ့ပေါ့'

'ဟုတ်တယ်၊ နေရီတို့အဆောင်က အုန်းပင်စုနဲ့နီးတယ် ဆိုတော့ အတော်ပဲ'

'ဒီညတော့ ငမိုက်သားလူမော် တံလျှပ်ကိုရေထင်လို့ ရွှေသမင် အလိုက်မှားရချည်ရဲ့'

* * *





သည်ည ချိန်းတဲ့ည...။

ရှစ်ရက်လကလေးက မှိန်မှိန်ကလေးသာနေတယ်။

ည(၈)နာရီလောက်မှာ အုန်းပင်စုထဲကို လွမ်းဝေနိုင်တို့အုပ်စု ရောက်နေကြတယ်။ ဒီအချိန်မှာ အမှောင်ကကြီးစိုးနေတာမို့ လူအသွားအလာ မရှိသလောက် ဖြစ်နေတယ်။

လွမ်းဝေနိုင်တို့ကတော့ ဒီည သရုပ်ဆောင်ရမယ့် အစီအစဉ်တွေကို အံဝင်ဂွင်ကျဖြစ်အောင် စီစဉ်ထားတယ်။

နေရီတို့အုပ်စုကလည်း ညကိုးနာရီလောက်ကတည်းက အုန်းပင်စုရဲ့ အရှေ့ဘက်က သစ်ပင်ကြီးအောက်မှာ ရောက်နေခဲ့ကြတယ်။

တည်းခိုဆောင်ကြီးထဲမှာ ရီစီတစ်ယောက်တည်း။

ဒီအချိန်မှာ...

'ကျွတ်... ကျွတ်... ကျွတ်'

ဆိုတဲ့ အိမ်မြှောင်စုတ်ထိုးသံကလေးကို ကြားလိုက်ရတယ်။ ဒီအခန်းထဲမှာ သူတစ်ယောက်တည်းဆိုတဲ့အသိနဲ့ ကြောက်စိတ်တွေ ဝင်လာခဲ့တယ်။

'အူး... အူး... အူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟော... ခွေးအူသံတွေပါလား'

'အင်း... ငါတစ်ယောက်တည်း အခုနေများ သရဲဝင်လာရင် ဒုက္ခပဲ'

သည်လိုတွေးနေစဉ်

'ခလွမ်း'

'အောင်မလေး'

နောက်ဖေးအဆောင်ဘက်က ခလွမ်းဆိုတဲ့ တစ်စုံတစ်ခုကျကွဲသံကြားလိုက်တယ်။ နောက်တော့ ပုပ်အဲ့အဲ့အနံ့ကြီးက ထောင်းခနဲ...

'ဟင်... ဘာနံ့ကြီးပါလိမ့်'

'ပုပ်စော်နံလိုက်တာ အရမ်းပဲ'

'ဘယ်သူမှ မရှိဘဲနဲ့ ပုပ်စော်နံနေတာဆိုတော့၊ အင်း ဘာတွေလဲ မသိဘူး'

ရိုစီက ကိုယ့်အတွေးနဲ့ကိုယ် အခန်းအပြင်မထွက်ဘဲ အသာလေး ငြိမ်နေလိုက်တယ်။

'ရှပ်... ရှပ်... ရှပ်'

ခြေသံတွေကြားရတယ်။ ဘယ်သူ့ခြေသံတွေလဲ။





တဖြည်းဖြည်းနဲ့ နေရီအခန်းရှေ့မှာ ခြေသံပျောက်သွားတယ်။ ရိုစီရဲ့ ရင်တွေ တဒိန်းဒိန်းခုန်နေတယ်။

'ဘုရား... ဘုရား... အခုမှ သရဲအစစ်နဲ့တွေ့တော့မယ်နဲ့တူတယ်'

ဒီလို စဉ်းစားနေတုန်းမှာ...

'ဒေါက်... ဒေါက်... ဒေါက်'

ဆိုတဲ့ တံခါးခေါက်တဲ့အသံကို ကြားလိုက်ရတယ်။ ရိုစီက ပြန်မထူးဘဲ အသာလေးငြိမ်နေလိုက်တယ်။

နောက်တော့...

'ရှပ်... ရှပ်... ရှပ်'

ဆိုတဲ့ ပြန်လှည့်သွားတဲ့ ခြေသံတွေကို ကြားလိုက်ရတယ်။

'သရဲလား၊ တစ္ဆေလား၊ ဘာတွေလဲ'ဆိုတဲ့ အတွေးတွေ ဝင်ရောက်လာခဲ့တယ်။ နောက်တော့ ကိုယ့်ဘာသာကိုယ် အားတင်းရင်း...

'ဟင်း... ဘာပဲဖြစ်ဖြစ် ဆယ်နာရီထိုးကာ[illegible]မှ ထွက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ရှိစီကလည်း ကြောက်စိတ်ကိုဖြေရင်း အခန်းထဲမှာ အသာလေးကုတ်နေလိုက်တယ်။ အချိန်ကုန်အောင် မနည်း စောင့်နေခဲ့တယ်။

ဟော… ဆယ်နာရီထိုးခါနီးပြီ။ အခန်းတံခါးက ဂျက်ကို အသံမကြားအောင် အသာလေးဖွင့်ပြီး အခြေအနေကို ကြည့်လိုက်တယ်။

အဆောင်တစ်ခုလုံး ငြိမ်သက်နေတယ်။ ပတ်ဝန်းကျင်ကလည်း မှောင်မည်းနေလေရဲ့။ ရှိစီတစ်ယောက် ကိုယ့်အတတ်နဲ့ကိုယ်ရူးဆိုသလို ဖြစ်နေတယ်။ အမှောင်ကို ကြောက်ပေမယ့် လူမော့်ကို လက်စားချေချင်တဲ့စိတ်ကြောင့် အမှောင်ထုထဲကို စမ်းတဝါးဝါးနဲ့ လျှောက်လာခဲ့တယ်။

ဒီလိုသွားရင်း အုန်းပင်စုနားကို ရောက်ခါနီးမှာ လရောင်ရဲ့ အလင်းကြောင့် ရှေ့မလှမ်းမကမ်းမှာ တရွေ့ရွေ့သွားနေတဲ့ မည်းမည်းသဏ္ဌာန်အရိပ်တစ်ခုကို တွေ့လိုက်ရတယ်။ သေသေချာချာ ကြည့်လိုက်တော့။

တဘက်ကို ခေါင်းမြီးခြုံထားတဲ့ မိန်းမတစ်ယောက် ဖြစ်နေတယ်။ ရှိစီက နေရီပြောတဲ့ အုန်းပင်စုတစ္ဆေကိုချက်





ချင်း သတိရလိုက်တယ်။

'ဘုရား… ဘုရား၊ ဒီလောက်လူခြေတိတ်နေတဲ့အချိန်မှာတွေ့ရတော့ လူစင်စစ်တော့ဖြစ်မယ် မထင်ဘူး၊ နေရီပြောတဲ့ အုန်းပင်စုတစ္ဆေပဲ ဖြစ်ရမယ်'

'ဒီတော့ ငါ ဘယ်လိုလုပ်ရမလဲ'

ဒီလိုတွေးမိတော့ ချက်ချင်း တုန်တုန်ရီရီဖြစ်သွားတယ်။ မဖြစ်ဘူး… မဖြစ်ဘူး။ ဒီတစ္ဆေမနောက်ကို လိုက်လို့တော့မဖြစ်ဘူး။ ဒီဘက်ခြုံအကွယ်ကနေ စောင့်ကြည့်မှပဲ။

ရှိစီလည်း ကြောက်ကြောက်နဲ့ အုန်းပင်စုအနီးက ခြုံအကွယ်မှာ ပြေးဝင်ပုန်းပြီး အခြေအနေကို စောင့်ကြည့်နေခဲ့တယ်။

အဲဒီမည်းမည်းသဏ္ဌာန်အရိပ်ဟာ တဖြည်းဖြည်းနဲ့ ကွက်လပ်ကျယ်ကြီးနေရာကို ရောက်သွားပြီ။ လရောင်နဲ့ဆိုတော့ ဒီမည်းမည်းသဏ္ဌာန်ကို ကောင်းကောင်းမြင်ရတာပေါ့။

'ဟော… လူတစ်ယောက်ပြေးလာပြီ၊ [illegible] ကိုလူမော် ထင်ပါရဲ့'

'ဟုတ်တယ်၊ ဟုတ်တယ် ကိုလူမော်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



အမှောင်အတွင်းက ရှိစီက အားလုံးကို မြင်နေရတယ်။ ဒီတင် ကိုလူမော်က ခေါင်းမြီးခြုံထားတဲ့ သဏ္ဍာန်နားကို အပြေးကလေးရောက်လာပြီး…

'အချစ်ရယ်… လာမှလာပါ့မလားလို့ မောင့်မှာစောင့်နေရတာ'

ပြောပြောဆိုဆို ခေါင်းမြီးခြုံကို ဖွင့်လိုက်ရင်ဘဲ ဆံပင်ဖားလျားနဲ့ ပန်းတွေဝေအောင်ပန်ထားတဲ့ အရုပ်ဆိုးဆိုး မိန်းမကြီးကို တွေ့ပြီး…

'အား'

လို့ တအားကုန်အော်ပြီး အုန်းပင်စုဘက်ကို ထွက်ပြေးသွားတယ်။ ဒီအချိန်မှာ အစီအစဉ်တကျရေးဆွဲထားတဲ့အတိုင်း အုန်းပင်စုထဲကနေပြီး သရဲနှစ်ကောင်ထွက်လာပြီး လက်ကားယား ခြေကားယားနဲ့ လူမော်ကို ခြောက်လှန့်လိုက်တယ်။

'ဟီး… ဟီး… ဟား… ဟား… ဟား'

'အောင်မလေး လုပ်ကြပါဦး'

လို့အော်ပြီး ဒီဘက်ကို ပြန်ပြေးလာတယ်။ ဒီတော့ သရဲမနဲ့ ထိပ်တိုက်တွေ့လိုက်တယ်။ ဆံပင်ဖားလျားနဲ့ မိန်းမ





ရယ် သရဲနှစ်ကောင်ရဲ့ကြားမှာ လူမော်တစ်ယောက် အရမ်းကြောက်လန့်တုန်လှုပ်ပြီး

'အောင်မလေး… လုပ်ကြပါဦး'

'အောင်မလေး… လုပ်ကြပါဦး'

လို့ အသံကုန်ဟစ်အော်ပြီး လဲကျသွားတယ်။

ဒီအချိန်မှာ နောက်ထပ်ဘယ်ကရောက်လာမှန်းမသိတဲ့ အမျိုးသားတစ်ဦးကလည်း လွှမ်းဝေနိုင်တို့ သရဲနှစ်ကောင်ကို ကြည့်ပြီး…

'အောင်မလေး… သရဲ… သရဲ'

ဆိုပြီး တုန်တုန်ချိချိနဲ့ ဖင်ထိုင်လျက် လဲကျသွားတယ်။ လွှမ်းဝေနိုင်တို့ သရဲနှစ်ကောင်ကလည်း သူတို့ကိုကြည့်ပြီး ဘာလုပ်မှန်းမသိဖြစ်နေတော့…

ရှိစီက အနီးကို ပြေးလာပြီး

'ကိုလွှမ်းဝေနိုင်… လူမော် သတိလစ်သွားပြီနဲ့ တူတယ်၊ သရဲဝတ်စုံကို ချွတ်လိုက်တော့'

'အေး… အေး'

ဒီလိုပြောနေစဉ်မှာ…



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ဟဲ့… ဘယ်လိုဖြစ်တာလဲ'

ဆိုတဲ့အသံနဲ့အတူ လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ နေရီတို့အုပ်စုက ဒီနေရာကို အပြေးလာခဲ့ကြတယ်။

'ဟဲ့… လူမော်ကို သတိရအောင် ခြေမကိုချိုးပေး'

'ဟဲ့… သူတို့က ဘယ်သူတွေတုန်း'

လွှမ်းဝေနိုင်က

ဆံပင်ဖားလျားနဲ့ တဘတ်ခြုံထားတဲ့ မိန်းမကြီးနဲ့ လဲကျနေတဲ့ ယောက်ျားကြီးကိုကြည့်ပြီး မေးလိုက်တယ်။

နေရီက သေသေချာချာ ကြည့်လိုက်တော့…

'ဟောတော့… ဒေါ်ဇာယုကြီးပါလား'

အံ့သြစွာ ပြောလိုက်တယ်။

'ဒါနဲ့ ဒီကဦးကြီးက ဘယ်သူလဲ'

လဲကျနေတဲ့ ယောက်ျားကြီးကို မေးလိုက်တယ်။

ဒီတော့မှ အဲဒီဦးကြီးက…

'ကျုပ်က မယ်ဇာယုနဲ့ ချိန်းတွေ့ကြတာ'

လို့ တုန်တုန်ယင်ယင် ပြန်ပြောလိုက်တယ်။ ဒီတော့ အားလုံး အံ့အားသင့်သွားတယ်။





'မကြီးမငယ် ဘယ်လိုဖြစ်ရတာလဲ ဦးကြီးရယ်'

အဲဒီအချိန်မှာ အော်သံတွေ ကြားလို့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ ရောက်လာပြီး အားလုံးကို ရုံးကိုခေါ်ခဲ့ကြတယ်။ လူမော်လည်း သတိရလာပြီဖြစ်လို့ သူလည်း ရုံးကို ပါလာခဲ့တယ်။

* * *

ရုံးရောက်မှ အဖြစ်မှန်အားလုံးကို သိခဲ့ရတယ်။ ဒေါ်ဇာယုက အားလုံးကို ဖွင့်ပြောပြခဲ့တယ်။ မုဆိုးမဒေါ်ဇာယ နဲ့ မုဆိုးဖို ဦးသာမောင်တို့ရဲ့ လျှို့ဝှက်အချစ်ဇာတ်လမ်း ကလေး…။

ဒေါ်ဇာယုက အိမ်ထောင်သည် သားတွေသမီးတွေနဲ့ မုဆိုးမ။ ဦးသာမောင်မှာလည်း သားကြီးသမီးကြီးအိမ်ထောင် သည်တွေရှိတယ်။ သူတို့နှစ်ယောက်ကို နှစ်ဖက်သော သား သမီးတွေက သဘောမတူလို့ ပြောင်ပြောင်တင်းတင်းမချစ်ရ တဲ့ဘဝမို့ ညဘက်မှာ ချိန်းတွေ့ရတယ်။ ဒါကို သူများတွေ သိမှာစိုးလို့ သူတို့ချိန်းတွေ့တဲ့ အုန်းပင်စုမှာ သခွေမောင်နှံ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဆိုပြီး တစ္ဆေအတုဟန်ဆောင်ပြီး ခြောက်လှန့်ခဲ့တယ်။

တစ္ဆေအတုကို တွေ့တဲ့လူတွေက အစစ်မှတ်ပြီး ကြောက်လန့်ကြတယ်။ နောက်ပြီး ဒေါ်ဇာယုကြီးကလည်း အုန်းပင်စုတစ္ဆေမောင်နှံအကြောင်း ဝါဒဖြန့်ထားတဲ့အတွက် ဒီနေရာမှာ 'အုန်းပင်စုတစ္ဆေမောင်နှံ'ဇာတ်လမ်းက နာမည်ကြီးနေတာပေါ့။

'ဒါနဲ့ နေပါဦး၊ ည… ညမှာ ပုပ်စော်နံတာကရော ဘယ်လိုဖြစ်တာလဲ'

နေရီက ဒေါ်ဇာယုကိုမေးလိုက်တယ်။

'ဩော်… ဒါလား၊ ကိုသာမော်ရဲ့ သားအကြီးက ပိုက်ဆွဲတော့ ငါးတွေရတယ်၊ အဲဒီငါးတွေကိုနိုးပြီး ဒေါ်ဇာယုရောင်းစားဖို့ လာပေးတာလေ၊ နေ့ဘက်မှာ ပေးရင် သိမှာစိုးလို့ ညဘက်မှလာပေးတော့ ပုပ်တဲ့ ငါးကပုပ်နေပြီ၊ ဒါကြောင့် ပုပ်စော်နံတာပါ'

'ဒီလိုရှင်းပြမှပဲ ရှင်းသွားတော့တယ်'

နောက်တစ်နေ့မှာတော့…

ဆရာကိုဝဏ္ဏနဲ့အဖွဲ့က လူမော့်ကို တောင်းပန်ခဲ့ကြ



BURMESE CLASSIC .com



တယ်။ အသက်ကြီးမှ သရဲဟန်ဆောင်တဲ့ ဒေါ်ဇာယုတို့နှစ်ယောက်ကတည်း အားလုံးကို တောင်းပန်ခဲ့ကြတယ်။

အားလုံးတောင်းပန်ကြ၊ ကျေအေးကြနဲ့ အုန်းပင်စုတစ္ဆေဇာတ်လမ်းကလေးအကြောင်း အားလုံးပေါ်သွားခဲ့တယ်။

ဒါပေမဲ့ မြင့်မြတ်သိင်္ဂီတစ်ယောက်ကတော့ သရဲတွေ တစ္ဆေတွေ တွေ့ပြီး အပြင်းဖျားခဲ့တယ်။

သူ့ကိုယ်သူ ရတနာ့ရဲ့ဝိညာဉ် ပူးကပ်နေတယ်ဆိုပြီး ပြောနေတယ်။ ဒါနဲ့ ဆရာဝန်ကိုပြလိုက်တော့မှ…

'ဒီလူနာက ငှက်ဖျားရောဂါကြောင့် ကယောင်ကတမ်း လျှောက်ပြောနေတာပါ၊ ကျွန်တော် ကောင်းကောင်းကု ပေးပါ့မယ်'

ဆရာဝန်နဲ့ ကုသလိုက်တော့မှ ငှက်ဖျားရောဂါပျောက်ပြီး ပုံမှန်အနေအထားကို ပြန်ရောက်သွားတယ်။ ဒါပေမဲ့ လွှမ်းဝေနိုင် အချဲကောင်းလို့လား မသိဘူး။ မြင့်မြတ်နဲ့ လွှမ်းဝေနိုင်တို့ ချစ်သူတွေဖြစ်သွားခဲ့တယ်။

ဒီလိုပဲ ဆရာကိုဝဏ္ဏနဲ့ ရိုစီနဲ့လည်း ချစ်သူစုံတွဲတစ်တွဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာကအပြန်ခရီးမှာတော့…

နေရီတို့ ဘီအမ် ဟီးနိုးကားပေါ်မှာ ရိုစီတစ်ယောက် လိုက်ပါလာခဲ့တယ်။ ချစ်သူစုံတွဲနှစ်တွဲက ဒီကမ္ဘာမှာ သူတို့ဟာ အပျော်ဆုံးပါပဲတဲ့။

ရင်သိမ့်တုန်ဖွယ် ပျော်ရွှင်ဖွယ် ကြောက်လန့်တုန်လှုပ်ဖွယ် ခရီးစဉ်ကလေးပြီးဆုံးသွားခဲ့ပြီ။

ချောင်းသာကမ်းခြေကို လက်ပြနှုတ်ဆက်ရင်း ဘီအမ် ကားကလေးဟာ ရန်ကုန်သို့ ဦးတည်လျက်….။

BURMESE CLASSIC .com

သိုက်ဖွား



# ရိုရိုငြေး မွေးဖွားသည့် သိုက်ဖွား

၁။ သိုက်ဖွား - ကိုးသန်းချိုင်းအမိဌာန်ရှင်

ကိုးသန်းချိုင်းအမိဌာန်ရှင် အဘာဆရာကြီး၏ သန်းချိုင်းကြီးမြေမှ တစ္ဆေ၊ သရဲ၊ နာနာဘာဝတို့ သန်းခေါင်ယံညတွင် အစာရှာထွက်ရင်း လူသားများနှင့်ဆုံတွေ့၍ လူသားဘဝမှ နာနာဘာဝသို့ ရောက်သွားသော တမလွန်ခရီးဖြတ်သန်းရသော ငရဲခန်းညများကို ရေးသားထားသည့် ချောက်ချောက်ချားချားတစ္ဆေသရဲ လုံးချင်းဝတ္ထု စ/ဆုံး။

၂။ သိုက်ဖွား

အဆောင်မှာခြောက်တဲ့ သရဲကြီး

၃။ သိုက်ဖွား

တစ္ဆေတွေ မြူးတဲ့ည

၄။ သိုက်ဖွား


သေရွာပြန်တမလွန်ခရီး

www.burmeseclassic.com

www.burmeseclassic.com

# သိုက်ဖွား

## အဆောင်မှာခြောက်တဲ့ သရဲကြီး



BURMESE CLASSIC .com

www.burmeseclassic.com